တနင်္သာရီတိုင်း

ထားဝယ်မြို့ ဃောသိတာရာမတိုက်

ဘဒ္ဒန္တ ဃောသိတာဘိဝံသ

၏

# ထေရုပ္ပတ္တိကထာ

# နှင့်

# ဂုဏ်ပြုစာလွှာများ

တပည့်များ စုပေါင်းရေးသား ပူဇော်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၆ ကောဇာ ၁၃၄၄ ၁၉၈၂

၁၅၄၈၂

ဟနသ်ာရိတိုင်း

## ထားဝယ်မြို့ ဃောသိတာရာမတိုက်

## ဘဒ္ဒန္တ ဃောသိတာဘိဝံသ

၏

# ထေရုပ္ပတ္တိကထာ

# နှင့်

# ဂုဏ်ပြုစာလွှာများ

တပည့်များ စုပေါင်းရေးသား ပူဇော်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၆ ကောဇာ ၁၃၄၄ ၁၉၈၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။



**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ**
တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ဃောသိတာရာမကျောင်းတိုက်
**ဆရာတော် အရှင်နန္ဒဃောသိတာဘိဝံသ**
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

# မာတိကာ


| ဦးရေ | | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|---|
| ၁။ | နိဒါန်း | | .... | .... | ၁- ၃ |
| ၂။ | ထေရုပ္ပတ္တိ | | .... | .... | ၅-၄၂ |
| ၃။ | ဂုဏ်ပြုပူဇော်ဂါထာများ | ဦးအာစိဏ္ဏာဘိဝံသ | .... | .... | ၄၃-၄၅ |
| ၄။ | ။ | ဦးအဂ္ဂဝံသာဘိဝံသ | .... | .... | ၄၆-၄၈ |
| ၅။ | ။ | အရှင်ဉာဏာဘိဝံသ | .... | .... | ၄၉-၅၂ |
| ၆။ | ။ | အရှင်သူရိယာဘိဝံသ | .... | .... | ၅၃-၅၈ |
| ၇။ | ။ | ဦးယုမြိုင် | .... | .... | ၅၉-၆၂ |
| ၈။ | ထုတိမင်္ဂလာ ပိုဒ်စုံရတု | ဦးအဂ္ဂဝံသာဘိဝံသ | .... | .... | ၆၃ |
| ၉။ | ။ | ဦးတိလောက | .... | .... | ၆၄ |
| ၁၀။ | ။ | အသျှင်သုနန္ဒ | .... | .... | ၆၅ |
| ၁၁။ | ။ | ဦးယုမြိုင် | .... | .... | ၆၆-၆၇ |
| ၁၂။ | ။ | မောင်အေး | .... | .... | ၆၈ |
| ၁၃။ | ဘုန်းတော်ဘွဲ့ တေးထပ် | ဦးတိလောက | .... | .... | ၆၉ |
| ၁၄။ | ။ | အသျှင်သုနန္ဒ | .... | .... | ၇၁ |
| ၁၅။ | ။ | ဦးယုမြိုင် | .... | .... | ၇၂ |
| ၁၆။ | ။ | ရွှေဝယ်သောင်းညွန့် | .... | .... | ၇၄ |
| ၁၇။ | အဂ္ဂမဟာပဏ္ဍိတအကြောင်း သိကောင်းစရာများ | မာဂဓီ-သာစည် | .... | .... | ၇၅-၈၁ |
| ၁၈။ | ဓမ္မဒါန-စာရင်း | | .... | .... | ၈၂ |

သဂြုတော် ဆုံးမလေ့ရှိသော

# သြဝါဒကထာ

ဘိက္ခူ စ သီလသမ္ပန္နာ၊ ဘိက္ခုနီ စ ဗဟုဿုတာ။
ဥပါသကော စ ယော သဒ္ဓေါ၊ ယာ စ သဒ္ဓါ ဥပါသိကာ။
ဧတေ ခေါ သံဃံ သောဘေန္တိ၊ ဧတေ ဟိ သံဃသောဘနာ။ + +

ဤသော ဒေသနာတော်နှင့်အညီ သံဃာ့အဖွဲ့အစည်းနှင့် သာသနာတော်ကြီးကိုပါ ရွှန်းပ မြင့်ထည် တင့်တယ်စေရန် ဗဟုသုတကြွယ်ဝ၍ သဒ္ဓါသီလနှင့် ပြည့်စုံကြပါစေ။

+ + အံ၊ ၁-၃၁၄



ထားဝယ်မြို့၊ အဂ္ဂမဟာပဏ္ဍိတ ဃောသိတာရုံ ဆရာတော်ဘုရားကြီးအား
ဖူးတွေ့ရပုံ



ထားဝယ်မြို့၊ ဃောသိတာရုံ
ကျောင်းတိုက်အတွင်းရှိ
မဟာမြတ်မုနိဘုရားသိမ်




ဃောသိတာရုံ ဆရာတော်ဘုရားကြီးသီတင်းသုံးရာ မဟာဝိဇယရုံသိ
တိုက်ကျောင်း



ထားဝယ်မြို့၊ ဆောသိတာရာမ စာသင်တိုက်ရှိ၊ သာသနဗိမာန် ဓမ္မာရုံ
တိုက်ကျောင်းတော်ကြီး







ဃောသိတာရုံကျောင်းဟိုက်၊ ဝိဇယရုံ့ သိ ဆွမ်းစားကျောင်း

# နိဒါန်း

ပူဇော်ထိုက်သူကို ချီးမြှင့်ပူဇော်ခြင်းသည် မင်္ဂလာတပါး ဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူ၍ စာပေနှင့်အတတ်ပညာကို သင်ကြားပြသလျက် ဆုံးမပဲ့ပြင်ပေးတတ်သော ဆရာသည်ပူဇော်ထိုက်သူတို့တွင် အပါအဝင် ဖြစ်ကြောင်း အဋ္ဌကထာ ဆရာအရှင်က ရှင်းလင်း ဖွင့်ပြထားပေသည်။ ထို့ပြင် ဆရာသမားတို့ကို ရတနာသုံးပါး မိဘများနှင့် တဂိုဏ်းတည်း တဝန်းတည်းထား၍ ရိုသေလေးစား အထွတ်အမြတ်ထားရှိခြင်းသည်လည်း ဂုဏ်ယူဖွယ်ကောင်းလှသော မြန်မာ့ ယဉ်ကျေးမှုကြီးတရပ် ဖြစ်ပေသည်။

ထားဝယ်မြို့ ဃောသိတာရာမပါဠိတက္ကသိုလ်တွင် သဒ္ဓိဝိဟာရိကတပည့်၊ အန္တေဝါသိကတပည့်များအဖြစ်ဖြင့် ဆရာတော်၏ ထံပါး၌ ဆည်းကပ်နေထိုင်ကာ စာပေပညာကို သင်ယူလေ့လာလျက် ဆုံးမပဲ့ပြင် သွန်သင်ညွှန်ပြမှုကို ခံယူခဲ့ ခံယူဆဲဖြစ်သော ရဟန်း၊ ရှင်၊ လူတို့သည် အထက်ဖော်ပြပါ မင်္ဂလာဒေသနာနှင့်မြန်မာ့ယဉ်ကျေးမှုကို အလေးအနက် ခံယူလိုက်နာလျက် အချင်းချင်း ပိုမိုရင်းနှီးရန်နှင့် ဆရာတော်၏ အဆုံးအမ ဩဝါဒကို အခါအားလျော်စွာ စုပေါင်း ခံယူရန်ဟူသော ရည်ရွယ်ချက်များဖြင့်—

* ဃောသိတာရာမတိုက် တပည့်များ အသင်း * ကို ၁၃၄၀-ခုနှစ်၊ ဝါဆိုလတွင် စုစည်းခဲ့ကြသည်။ရည်ရွယ်ချက်အတိုင်းပင် ၁၃၄၁-ခုနှစ်နှင့် ၁၃၄၂-ခုနှစ်တို့တွင် ဃောသိတာ-ရာမတိုက်၌ စုပေါင်း၍ ဆရာတော်အား ပူဇော်ကန်တော့ကာ အဆုံးအမ ဩဝါဒကို ခံယူခဲ့ကြပြီးဖြစ်သည်။

၁၃၄၂-ခုနှစ်တွင် စုဝေးစဉ်က နောက်တကြိမ် စုပေါင်းကန်တော့ ဩဝါဒခံယူခြင်းကို ၁၃၄၃-ခုနှစ်တွင် ကျင်းပရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်အရ ဆရာတော်အား ပူဇော်ကန်တော့ပွဲ ကျင်းပရန်အတွက် တပည့်အသင်းအမှုဆောင်များ စုဝေးညှိနှိုင်းရာတွင် (၃၄)ကြိမ်မြောက် လွတ်လပ်ရေးနေ့အတွက် ဘွဲ့ထူး ဂုဏ်ထူးရသူများ စာရင်းကို နိုင်ငံတော်ကောင်စီက ကြေငြာရာ၌ ကျေးဇူးရှင် ဘဒ္ဒန္တ ဃောသိတာဘိဝံသ ဆရာတော်သည်လည်း * အဂ္ဂမဟာပဏ္ဍိတ * ဘွဲ့တံဆိပ်တော်ရ စာရင်းတွင် ပါဝင်ခဲ့သည်ကိုပါ ထည့်သွင်း ဆွေးနွေးချက်အရ ၁၃၄၃-ခုနှစ်တွင် ကျင်းပမည့် အာစရိယ ပူဇော်ကန်တော့ပွဲ

နှင့် ဩဝါဒခံယူပွဲကို ၁၃၄၄-ခုနှစ်၊ နယုန်လတွင်မှ ကျင်းပရန်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိကိုပါ ပြုစုပုံနှိပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိုဆုံးဖြတ်ချက်အရ ဆရာတော်၏ ထေရုပ္ပတ္တိ ပြုစုရေးအဖွဲ့ငယ်နှင့် ပူဇော်ကန်တော့ပွဲ ကျင်းပရေး အဖွဲ့ငယ်ကို ခွဲဝေ တာဝန်ယူကြပြီးနောက် ထေရုပ္ပတ္တိ ပြုစုပုံနှိပ်ခွင့်ပြုရန် ဆရာတော်အား လျှောက်ထား ခွင့်ပန်ကြသည်။ ဆရာတော်သည် ဗုဒ္ဓသာသနာတော်၏ ကြီးပွားစည်ပင်မှုနှင့် စာသင်တိုက်တာ၏ တာဝန်လုပ်ငန်းများကို အလေးပေးဆောင်ရွက် နေလင့်ကစား မိမိအား ဂုဏ်ပြုချီးကျူးခြင်းကို ရည်ရွယ်မျှော်မှန်းမှု မရှိသည့်အလျောက်* နိုင်ငံတော်အစိုးရက အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ် ချီးမြှင့်လှူဒါန်းနေသည်မှာ မိမိတဦးတည်းသာ မဟုတ်ပဲ ဆရာတော်အများပင် ရှိသည်၊ မိမိ၏ထေရုပ္ပတ္တိ အကျဉ်းကိုလည်း ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ တောင်းခံသည့်အတိုင်း ပေးပို့ထားပြီးဖြစ်သည်၊ သို့ဖြစ်၍ ထေရုပ္ပတ္တိ ပြုစုပုံနှိပ်ရန် မလိုတော့ကြောင်း* အမိန့်ရှိကာ တပည့်များ၏ ပန်ကြားခြင်းကို အခွင့်မပြုလိုပဲ ရှိနေခဲ့သည်၊ ဆရာတော်၏ ထေရုပ္ပတ္တိကို သာသနာရေး ဦးစီးဌာနသို့ ပေးပို့ထားပြီး မှန်သော်လည်း ယင်းမှာ အကျဉ်းမျှသာ ဖြစ်၍ ဆရာတော်၏ ဘဝဖြစ်စဉ်နှင့် သာသနာရေး ဘာသာရေးအတွက် ကြိုးပမ်းဖော်ဆောင်မှုများ ပြည့်ပြည့်စုံစုံပါရှိ၍ တပည့်ကြီးငယ်များ မှတ်သား နည်းယူလိုက်နာနိုင်ရန် အတွက် ထေရုပ္ပတ္တိပြုစုကာ မှတ်တမ်း ထားရှိသင့်ကြောင်းကို ဖြေရှင်းလျှောက်ထားသော အခါတွင်မှ တပည့်များ၏ လေးစားထက်သန်မှုကို ငဲ့ညှာသောအနေဖြင့် ထေရုပ္ပတ္တိ ပြုစုပုံနှိပ်လိုမှုကို လိုက်လျောတော်မူသည်။

ယင်းသို့ လိုက်လျောခွင့်ပြုချက်အရ ထေရုပ္ပတ္တိ ပြုစု ပုံနှိပ်ရေးအဖွဲ့ငယ်က ကျေးဇူးရှင် ဆရာတော်၏ ဘဝဖြစ်စဉ်ကို ဆရာတော်ဘုရားအား မေးမြန်းလျှောက်ထား၍ လည်းကောင်း၊ နှစ်လရှည်ကြာစွာ ဆည်းကပ်နေထိုင်ကြသော တပည့်ကြီးများအား မေးမြန်း စုံစမ်း၍ လည်းကောင်း ရရှိသော အချက်အလက်များကို စုပေါင်းပြုစုကြသည်။

ဆရာတော်အား ကြည်ညိုလေးစားကြသော စာပေပညာရှင် ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များက ရေးသား ပူဇော်ကြသည့် ထုတိမင်္ဂလာ ပါဠိ မြန်မာ ကဗျာတို့ကိုလည်း လက်ခံရယူကြသည်၊ စုပေါင်း ပြုစုချက်များနှင့် ပါဠိမြန်မာ ကဗျာများကို ညှိနှိုင်း စီစဉ်၍ ကျေးဇူးရှင်ဆရာတော် * အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဃောသိတာဘိဝံသ၏ ထေရုပ္ပတ္တိကို (သာသနာရေးဦးစီးဌာန)ပုံနှိပ်တိုက်၌ ရိုက်နှိပ်ထုတ်ဝေပါသည်။

( ၃ )

ထိုသို့ ထုတ်ဝေနိုင်ရေးအတွက် စာမူပြုစု ပေးပို့ကြသော ပါဠိမြန်မာ ပညာရှင်များ နှင့် ဤစာအုပ် အချိန်မီ ထုတ်ဝေနိုင်အောင် ကြိုးပမ်းကူညီပေးကြသော–

ဦးတိလောက (ရဝေထွန်း) နှင့် ဦးပညာသာမိ (မာဂဓိ) တို့အား အထူး ကျေးဇူးတင် လှပါကြောင်း မှတ်တမ်းတင်ပါသည်။ ။

ထေရုပ္ပတ္တိ ပြုစုပုံနှိပ်ရေးအဖွဲ့ငယ်
ဃောသိတာရာမတိုက် တပည့်များအသင်း
ထားဝယ်မြို့

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
### ထားဝယ်မြို့၊ ဃောသိတာရာမတိုက် (ပါဠိတက္ကသိုလ်)
### ဘဒ္ဒန္တဃောသိတာဘိဝံသ ၏

# ထေရုပ္ပတ္တိ

အဂ္ဂဉ္ဉာသယော ယော နာထော၊ အဂ္ဂညူ အဂ္ဂပါပကော။
မဟာဝီရဂ္ဂပဏ္ဍိတံ၊ ဇိနံ ဝန္ဒာမ အာဒရံ။

ယော နာထော၊ သုံးလောကသား သတ္တဝါများ၏ အားထားရာအစစ် ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားသည်။ အဂ္ဂဉ္ဉာသယော၊ သောင်းတိုက်ဝေနေ မျှားဗိုလ်ခြေကို လေးထွေသာ စွာ၊ မြတ်ယာဉ်သာဖြင့်၊ ခေမာနိဗ္ဗူ၊ သောင်ကမ်းငူသို့၊ သယ်ယူလိုလှ၊ မြင့်မြတ်သော အလိုဆန္ဒ ရှိတော်မူပါပေ၏။ အဂ္ဂညူ၊ သစ္စာလေးစု၊ ငါးခုနက်စံ၊ ဥဉ ယျမံကို၊ မှန်စွာ သိမြင်၊ သဗ္ဗညုတ ဉာဏ်တော်ရှင်ကြီး ဖြစ်တော်မူပါပေ၏။ အဂ္ဂပါပကော၊ အဂ္ဂဉ္ဉာသယ၊ အဂ္ဂညဖြင့်၊ မျှားလှဗိုလ်လူ၊ ဆည်းကပ်သူကို၊ မြင့်ငူသောင်ကမ်း၊ နိဗ္ဗာန်နန်းသို့၊ လမ်းညွှန်ပို့ဆောင်တော်မူတတ်ပါပေ၏။ မဟာဝီရံ၊ နေ့ညမဟူ၊ မတွက်မူ၍၊ ကိုယ်တူအလား၊ သိစေသားဟု၊ ကြီးမားခိုင်မြဲ၊ ထက်သန်သော ဇွဲလုံ့လ ရှိတော်မူထသော။ အဂ္ဂပဏ္ဍိတံ၊ ပညာရှင်ပညာရှိ၊ ကဝိလူချွန်၊ အမှန်အမြတ်တို့၏၊ ထိပ်ခေါင်တင် ဖြစ်တော်မူထသော။ တံ ဇိနံ၊ ထိုငါးမာရ်အောင်မြင်၊ ဘုရားရှင်ကို။ (မယံ၊ အကျွန်ုပ်တို့သည်) အာဒရံ၊ ကိုးတန်ဂုဏ်ရည်၊ ယုံကြည်မြတ်နိုး၊ ရိုကျိုးကြည်သာ၊ လေးစားစွာဖြင့်။ ဝန္ဒာမ၊ ကာယ,ဝစီ၊ မနောချီလျက် သုံးလီစေတနာ၊ သုံးဖြာဒွါရ၊ ပဏာမဖြင့်၊ ကြည်စွသဒ္ဓါ၊ ရှိခိုးကြပါ၏ အရှင်ဘုရား။

အဂ္ဂပဏ္ဍိတော ယော ထေရော၊ အနဂ္ဃဓမ္မဇောတကော။
လင္ကေဿာမဿာစေရဿ၊ ပါမောက္ခကရမုဗ္ဘဝံ။

ယော ထေရော၊ သီလသမာ၊ ကျင့်သိက္ခာဖြင့်၊ ခိုင်မာရင့်ကြည်၊ တည်ငြိမ်သော စိတ်နှလုံး ရှိတော်မူသည့် အကြင်မထေရ်မြတ်သည်။ အဂ္ဂပဏ္ဍိတော၊ သုံးထွေပိဋကာ၊ ငါးဝ-နိကာယ်၊ ကိုးသွယ်အင်္ဂါ၊ မြတ်ဓမ္မာကို၊ သေချာပိုင်နိုင်၊ လိုရင်းတိုင်အောင်၊ ချ ဲ ပိုင်သိမြင်၊ မြင့်မြတ်သော ပညာရှင်ကြီး ဖြစ်တော်မူပါပေ၏။ အနဂ္ဃဓမ္မဇောတကော၊ တန်ဖိုးအနဂ္ဃ၊ ကြီးမြင့်လှသည့်၊ ဗုဒ္ဓမွေနှစ်၊ တရားစစ်ကို၊ လှစ်ဟာမြွက်ဖော်၊ ထွန်းလင်းပေါ်မူစေတ တ်ပါပေ၏။ အဿ အာစေရဿ၊ သကျသီဟမွှာစရိယ၊ ပိဋကတ္တယပါရဂူ၊ အဂ္ဂမဟာပဏ္ဍိတ

ဘွဲ့ထူးပါ ရယူတော်မူပေသော ထိုဆရာအရှင်မြတ်၏။ ပါမောက္ခကရံ၊ ဖတ်ရှုလေသူ၊ ကြားနာသူတို့၊ ကြည်ဖြူရွှင်လန်း၊ ဝမ်းပန်းတသာ၊ ပီတိဝေဖြာစေတတ်သော။ ဥဗ္ဗဝံ၊ မွေးဖွားသက်မှ၊ ယနေ့ကျအောင်၊ ကြုံရကြောင်းအင်၊ ဖြစ်တော်စဉ်ကို။ (မယ်၊ ဆရာ-ဘုရား၊ ထံတော်ပါး၌၊ ခစားဆည်းကပ်၊ သင်ယူမှတ်သား၊ တပည့်များဖြစ်ကြသော အကျွန်ုပ်တို့သည်။) လက္ခဏာမှ၊ အရှင်မထေရ်၊ ကျွန်ုပ်တို့နေ၍၊ စာပေပရိယတ်၊ ကျွန်ုပ်တို့တတ်လျက်၊ မြင့်မြတ်ကိုယ်ကျင့်၊ ကျွန်ုပ်တို့မြင့်သား၊ ရှင်ပင့်သာသနာ၊ ထွန်းလင်းဖြာအောင်၊ ကျွန်ုပ်တို့ဆောင်ဟု၊ နောင်လာရှင်လူ၊ နည်းမှန်ယူရန်၊ ထောက်ကူစေမူ၊ မှတ်တမ်းပြုကြပါကုန်အံ့။

## ဖွားမြင်တော်မူခြင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူသော ကျေးဇူးရှင်ဆရာတော် ဘဒ္ဒန္တဃောသိတာဘိဝံသ မထေရ်မြတ်သည် တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ ညင်းမော်ရွာတွင် ခမည်းတော် ဦးဘိုးရန်နှင့် မယ်တော် ဒေါ်ခြုံတို့မှ သက္ကရာဇ် ၁၂၆၉-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၁)ရက်၊ တနင်္လာနေ့ နံနက် (၁၀)နာရီ အချိန်ဘွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပေသည်။

ညင်းမော်ရွာသည် လောင်းလုံးမြို့နှင့် တဆက်တည်း တည်ရှိ၍၊ အိမ်ခြေ ၃၀၀-ခန့်ရှိသော ရွာကြီးတရွာဖြစ်သည့်အပြင် သရက်,ဒူးရင်း,ပိန္နဲစသော စားသုံးဖွယ် အသီးအပင်တို့ဖြင့် တင့်တောင့်တင့်တယ် နေချင့်စဖွယ်သော ဥယျာဉ်,ခြံမြေတို့ဖြင့် စိမ်းလန်း စိုပြေ၍ သာယာလှပေသည်။ အစိုးရ မူလတန်းကျောင်းနှင့် ကျောင်း ကန် ဘုရားတို့ဖြင့်လည်း သားနားခန့်ထည်သည့် ပဋိရူပအရပ် ဖြစ်ပေသည်။

ဆရာတော်၏ ခမည်းတော် မယ်တော်တို့သည်လည်း လယ်သမားမျိုးရိုး၌ မွေးဖွားကြီးပြင်းလာသော လယ်ပိုင်ရှင်များ ဖြစ်ကြသည်၊ သားသမီး-ခြောက်ဦးရှိသည့်အနက် ဆရာတော်သည် တတိယ သားရတနာ ဖြစ်ပေသည်၊ မယ်တော် ဒေါ်ခြုံသည် ညင်းမော်ရွာဇာတိဖြစ်၍ ခမည်းတော် ဦးဘိုးရန်မှာမူ သဗျာရွာဇာတိ ဖြစ်သဖြင့် ထိုနှစ်ရွာလုံး၌ ဆရာတော်၏ ဆွေမျိုးသားချင်းတို့ များစွာရှိပေသည်၊ ထို့ပြင် ခမည်းတော်နှင့် မယ်တော်တို့သည် ငယ်စဉ်ကပင် ဘာသာရေးကို လွန်စွာအလေးပေးလျက် သာသနာ့ယဉ်ကျေးမှုကို စိတ်ဝင်စား အားပေးထိန်းသိမ်းကြသူများ ဖြစ်ကြပေသည်၊ ဆရာတော် ဖွားမြင်စဉ်ပင် မျက်နှာကြည်လင် သန့်စင်ပြေပြစ်၍ လပြည့်ဝန်းကဲ့သို့ ရွှန်းပ တင့်တယ်လေသောကြောင့် “မောင်ဘလှ”ဟု အမည်မှည့်ခဲ့ကြသည်။

## ပညာသင်စ ကလေးဘဝ

ဘာသာ သာသနာကို လေးစားယုံကြည်ကြသည်နှင့်အမျှ သားသမီးတို့၏ ပညာရေးကိုလည်း အလေးထား အားပေးလေ့ရှိသော ခမည်းတော်နှင့် မယ်တော်တို့သည် သားရတနာ မောင်ဘလှ ၇-နှစ်အရွယ်တွင် ညင်းမော်ရွာရှိ အစိုးရမူလတန်းကျောင်း၌ အပ်နှံ၍ အခြေခံပညာကို သင်ယူစေခဲ့ကြသည်၊ သားငယ်သည်လည်း ဆရာတို့ သင်ပြသည့် မူလတန်းပညာရပ်ကို လေးစားစွဲမြဲစွာ သင်ယူသဖြင့် တနှစ်တတန်း မှန်မှန်အောင်မြင်ကာ အသက် ၁၀-နှစ်အရွယ်တွင် တတိယတန်းကို အောင်မြင်ခဲ့ပေသည်။

သားဖြစ်သူ အနေအထိုင် သိမ်မွေ့၍ စိတ်ထားတည်ငြိမ်ကာ ဉာဏ်ပညာ ထက်မြက်သည်ကို သိရှိကြသော ခမည်းတော်နှင့် မယ်တော်တို့သည် တတိယတန်း အောင်မြင်ပြီးသော သားငယ်ကို အစိုးရမူလတန်းကျောင်းမှ နုတ်ယူ၍ အနောက်သဗျာကျောင်း ဆရာတော် ဦးအာလောကထံတွင် သွားရောက်အပ်နှံကြလေသည်၊ ဆရာတော် ဦးအာလောကသည် ခမည်းတော် ဦးဘိုးရန်၏ ဝမ်းကွဲနောင်တော်ဖြစ်သဖြင့် ဆရာတော်၏ ဘကြီးတော်ပေသည်၊ ထိုအချိန်တွင် ဆရာတော် ဦးအာလောကသည် တပည့်ဖြစ်သူ ဦးဉာဏအား ကျောင်းစောင့်အဖြစ် ထားရှိကာ တောရဆောက်တည်နေပေသည်၊ ဆရာတော် တောရဆောက်တည်နေသော တောရကျောင်းသည် တောရအင်္ဂါနှင့် ညီညွတ်သည်အထိ ရွာနှင့်ကွာလှမ်းသည့် တောနက်အတွင်း တောင်ခြေ၌ တည်ရှိနေပေသည်။

မောင်ဘလှသည် အနောက်သဗျာကျောင်း၌ ကျောင်းသားသူငယ်များ၏ သင်ရိုးဖြစ်သော မင်္ဂလသုတ်ပါဠိအနက်၊ ပရိတ်ကြီးစသည့် ဘာသာရေး အခြေခံစာပေများ ဆရာဦးဉာဏအထံ၌ သင်အံကျက်မှတ်ခဲ့ပေသည်။

## ရှင်သာမဏေဘဝ

မောင်ဘလှ အသက် ၁၁-နှစ် အရွယ်သို့ရောက်သောအခါ ခမည်းတော်နှင့် မယ်တော်တို့က အခြားသော သားငယ်များနှင့်အတူ ဆရာတော် ဦးအာလောကအား ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေအဖြစ်ဖြင့် ဗုဒ္ဓသာသနာတော် တွင်းသို့ သွတ်သွင်း ချီးမြှင့်ပေးခဲ့ကြသည်၊ သာမဏေဘွဲ့တော်မှာ ရှင်ကုသလ ဖြစ်သည်။

ဆရာတော် ဦးအာလောကသည် တောရဆောက်တည်၍ တရားဘာဝနာ ပွားများအား ထုတ်ကော်မူနေစေကာမူ နံနက်ပိုင်းတွင် သချာရွာဝင်းသို့ ဆွမ်းခံကြွ ပြီးနောက် ရွာကျောင်း၌ ဆွမ်းဘုဉ်းပေး၍တပည့်ဖြစ်သူ ဦးဉာဏအား နေ့စဉ်မှန်မှန်စာတဝါပို့ချတော်မူလေ့

ရှိပေသည်၊ ဦးဉာဏသည်လည်း ဆရာတော် ဦးအာလောကထံ စာပေသင်ယူယင်း သာမဏေ ရှင်ကုသလအား ကစ္စည်းသဒ္ဒါကို ပို့ချသင်ပြတော်မူသည်၊ သို့ရာတွင် ဆရာဖြစ်သူ ဦးဉာဏ သည် စာပေကို သင်ယူပို့ချပေးနေရာမှ သဗျာဘကျောင်းမှ ထွက်ခွာသွားလေသဖြင့် ရှင်ကုသလအဖို့ စာသင်တပိုင်းတစဖြင့် ရပ်နားရမည်ကဲ့သို့ ရှိနေခဲ့သည်၊ ဤအကြောင်းကို သိတော်မူသော ဥပဇ္ဈာယ်ဆရာတော် ဦးအာလောကသည် တပည့် ရှင်ကုသလအား ငါကိုယ်တိုင် သဒ္ဒါပို့ချပေးမည်၊ တောရကျောင်းသို့လာပြီး စာတက်လှည့်ဟု အမိန့်ရှိသဖြင့် ရှင်ကုသလသည် စာပေဆက်လက်သင်ယူနိုင်ရေးအတွက် တအားတက်ခဲ့ရပေသည်။

သို့ရာတွင် ရွာကျောင်းနှင့် တောရကျောင်းမှာ နီးလှသည်မဟုတ်ပေ၊ ဆရာတော်ထံ သဒ္ဒါကျမ်းကို ဆက်သက်သင်ယူနိုင်ရန်အတွက် တောတွင်းသို့ ဝင်ရောက်၍ ရှူမြှောင်စိမ့်စမ်း နှင့် တောလမ်းကို ဖြတ်ကျော်ရမည် ဖြစ်သည်၊ အသက်အရွယ် ကြီးရင့်၍ သီလသမာဓိနှင့် စိတ်ဓာတ်ပါ ကြံ့ခိုင်တော်မူပြီးဖြစ်သော ဆရာတော် ဦးအာလောကအဖို့ သွားနေကျဖြစ် သော ဤတောလမ်းမှာ ရိုးနေပြီဖြစ်သော်လည်း အသက်နုနယ် ငယ်ရွယ်၍ ကလေးသာ သာ သာမဏေပြုကာစမျှသာရှိသေးသော ရှင်ကုသလအဖို့မူ စာပေပညာကို သင်ယူလိုက်စား လိုလှသည့် ဆန္ဒပြင်းထန်လင့်ကစား တဦးတည်း တပါးတည်းဖြင့် ဤတောလမ်းကို ဖြတ် ကျော်ရမည်မှာ တွေးမိတိုင်း ဝန်လေးသကဲ့သို့ ရှိခဲ့ရသည်။

ထို့ကြောင့် ရှင်ကုသလသည် ကျောင်းသားသူငယ်တဦးကိုချော့မော့၍ အဖော်အဖြစ် ခေါ်ယူကာ ဥပဇ္ဈာယ်ဆရာတော်ဘုရားထံသို့ သွားရောက် သင်ယူရရှာသည်၊ သင်ယူပြီးသမျှ သော ကစ္စည်းသဒ္ဒါပါဌ်ကိုလည်းအလွတ်ကျက်မှတ်လေသည်၊အဖော်လိုက်ပါသူကျောင်းသား သည် နေ့စဉ်ရက်ဆက်ဖြင့် ဤ တောတွင်းလမ်းကို လိုက်ပါနေရသောအခါ ပျင်းရိငြီးငွေ့လာ သဖြင့် လိုက်ပါကူညီရန် ငြင်းဆန်လေတော့သည်၊ ရှင်ကုသလသည် နောက်ထပ်ကျောင်းသား အဖော်အသစ် မရှာတော့ပဲ စာပေတတ်မြောက်လိုသော ဆန္ဒနှင့် ခိုင်မြဲသော ဇွဲကိုသာ အဖော်ပြုလျက် ဆရာတော်ထံ အချိန်မပျက် ဆက်လက်၍ စာတက်နေခဲ့သည်။

ထိုစဉ်တွင် ဝပြောကျောင်းဆရာတော် ဦးအာဒိစ္စသည် ဆရာရင်း ဖြစ်တော်မူသော သဗျာဘောကျောင်း ဆရာတော် ဦးအာလောကထံသို့ အကြောင်းအားလျော်စွာ မကြာ ခဏ ကြွလာလေ့ရှိလေရာ ရှင်ကုသလအား ယင်းကဲ့သို့ တဦးတည်းဖြင့် ပင်ပန်းကြီးစွာ လာရောက် စာတက်နေရသည်ကို တွေ့မြင်တော်မူသဖြင့် "ကိုရင် ငါ့ဆီမှာ လာနေလှည့်ပါ ငါ စာဝါပို့ချပေးပါ့မယ်"ဟု ကတိပေး ဖိတ်ခေါ်လေသည်။

ရှင်ကုသလသည်လည်း ဥပဇ္ဈာယ် ဆရာတော်ကြီး၏ စေတနာနှင့် စာပေဝါသနာ ကြီးမားမှုကို လေးစားနှစ်သက်လှစေကာမူ တောရကျောင်းသို့ နေ့စဉ် သွားရောက်ရာ၌

ခရီးကွာလှမ်း ပင်ပန်းမှုနှင့် အချိန်ကုန်ရမှာကို စဉ်းစားတွေးတောမိ၍ ယင်းဆရာတော် ဦးအာဒိစ္စ၏ ဖိတ်ခေါ်ချက်ကို သဘောကျ လက်ခံလိုစိတ် ထက်သန်လာလေသည်၊ ဤအကြောင်းကို ဥပဇ္ဈာယ်ဆရာတော်ကြီးအား လျှောက်ထား ခွင့်ပန်သောအခါ ဆရာတော်ကြီးက ကျေနပ်ဝမ်းမြောက်စွာဖြင့် ဆရာတော် ဦးအာဒိစ္စထံ၌ နေထိုင်၍ စာပေသင်ယူရန် အနူးအညွတ် ခွင့်ပြုတော်မူသည်။

ထိုခွင့်ပြုချက်အရ ရှင်ကုသလသည် အနောက်သဗျာကျောင်းမှ ဝပြောကျောင်းသို့ ပြောင်းရွှေ့နေထိုင်တော်မူသည်၊ ဆရာတော် ဦးအာဒိစ္စသည် ထိုအချိန်တွင် ကျောင်းထိုင် ပုဂ္ဂိုလ်တို့၏တာဝန်ဝတ္တရားများအပြင် ပြည်လုံးချမ်းသာစေတီတည်ရန်အတွက်လည်း လုံးပမ်းနေသဖြင့် ရှင်ကုသလအား ကတိအတိုင်း စာပေပို့ချမှု မပြုနိုင်ပဲ ရှိခဲ့ပေသည်၊ မျှော်လင့်ချက်ကြီးစွာဖြင့် ပြောင်းရွှေ့နေထိုင်လာသော ရှင်ကုသလသည်လည်း စာဝါ တက်ရန်ဖြင့် ခမျှော်ကိုးစောင့်စားယင်း နေ့ရက်အချိန်သာ ကုန်ဆုံးလာခဲ့ပေသည်။

ထိုစဉ်တွင် သဗျာကျောင်း၌ ရဟန်းပြုသော ဦးစန္ဒိမာ (နောင်အခါ ဝပြောအပြင်ကျောင်းဆရာတော်)သည် ရန်ကုန်မြို့မှတဆင့် သထုံမြို့သို့ ကြွရောက်မည်ဟု ဆိုလာသဖြင့် ရှင်ကုသလသည် ထိုရဟန်းတော်နှင့်အတူ လိုက်ပါ၍ ပညာသင်ယူနိုင်ရန်အတွက် သဗျာတောရကျောင်းရှိ ဥပဇ္ဈာယ်ဆရာတော်အား သွားရောက် အခွင့်ပန်လေသည်၊ ဆရာတော်၏ခွင့်ပြုချက်အရ ရှင်ကုသလသည် ဦးစန္ဒိမာနှင့်အတူ ရန်ကုန်သို့ လိုက်ပါ၍ ယင်းမှတဆင့် သထုံသို့ ရောက်ရှိလာပေသည်။ ထိုအချိန်တွင် ရှင်ကုသလသည် အသက် (၁၄)နှစ် အရွယ်သို့ ရောက်နေပေပြီ။

သထုံမြို့တွင် ဆရာတော် ဦးပဏ္ဍိစ္စ အုပ်ချုပ်နေသော စာသင်သံဃာ (၅၀)ကျော်ရှိသော ဂါးဘောကျောင်းတိုက်၌ ရှင်ကုသလသည် ဦးစန္ဒိမာနှင့်အတူဝါဆိုနေထိုင်၍ စာချဆရာတော် ဦးပဏ္ဍိတထံ၌ ကစ္စည်းသဒ္ဒါ အယက်လေးစောင်ကို ဆက်လက်သင်ယူသည်၊ ဝါးတောကျောင်းတိုက်သို့ ကြိုတင်ရောက်ရှိနေသော ဦးနန္ဒိယ(ယခု ကမြောကျောင်းကြီးဆရာတော်)သည် စာတက်ဖော်အဖြစ် ရှင်ကုသလနှင့်အတူ သဒ္ဒါကျမ်းကို လိုက်ပါသင်ယူတော်မူသည်။

ရှင်ကုသလသည် စာချဆရာတော် ဦးကုမာရ(နောင်ရွှေကျောင်းဆရာတော်)ထံတွင်လည်း အဘိဓမ္မတ္ထသင်္ဂဟကျမ်း စိတ်,စေတသိက်နှင့် ပကိဏ်းပိုင်းများကို သင်ယူသည်၊ ထိုနှစ်ဝါကျွတ်သောအခါ ဦးစန္ဒိမာသည် သထုံမြို့မှ ထွက်ခွာကာနီးတွင် ရှင်ကုသလအတွက် ပိုမိုသင့်တော်သော စာသင်တိုက်ကို လိုက်လံစုံစမ်းရာတွင် သထုံမြို့တွင်းရှိ ဓမ္မမေဒနီတိုက်ကို

တွေ့ရှိလေသည်။ ထိုအချိန်တွင် ဓမ္မမေဒနီတိုက်သည် စာသင်ကျောင်းတိုက်အဖြစ် (၄) နှစ်ကြာမျှ တည်ရှိနေပေပြီ။ ဦးစန္ဒိမာသည် ဝါးတောကျောင်းတိုက် ဆရာတော်အား ရှင်ကုသလကို ဓမ္မမေဒနီတိုက်သို့ ပြောင်းရွှေ့ နေထိုင်ခွင့်ပြုရန် လျှောက်ထားရာ ဆရာတော်က ကျေနပ်စွာ ခွင့်ပြုသည့်အပြင် ကစ္စည်းသဒ္ဒါ ရှစ်စောင်လုံးကို အလွတ်အာဂုံပြန်ဆိုနိုင်သည်ကို သိတော်မူပြီးဖြစ် ပဖြင့် ရှင်ကုသလအား သင်္ကန်း၊ မျက်နှာသုတ်ပဝါ စသည်ဖြင့် ချီးမြှင့်တော်မူလိုက်လေသည်။

## ရှင်ကုသလမှ ရှင်ဃောသိတသို့

ဦးစန္ဒိမာသည် ၁၂၈၃-ခုနှစ်၊ နတ်တော်လဆန်း (၂) ရက်နေ့တွင် ရှင်ကုသလအား ဓမ္မမေဒနီစာသင်တိုက် ဆရာတော်ဦးသူရိယနှင့် တိုက်အုပ်ဆရာတော် ဦးအာစိဏ္ဏတို့ထံ အပ်နှံခဲ့ပြီးနောက် သထုံမြို့မှ ထွက်ခွာခဲ့လေသည်။ ထိုအချိန်တွင် ဆရာတော်လောင်းလျာ ရှင်ကုသလသည် အသက် (၁၅) နှစ်အရွယ်သို့ ရောက်နေပေပြီ။ ဓမ္မမေဒနီစာသင်တိုက်သို့ ရောက်ခါစတွင် ရှင်ကုသလဟူသော ဘွဲ့အမည်နှင့် ပတ်သက်၍ တိုက်အုပ်ဆရာတော်က ကုသလဟူသည် ကျွမ်းကျင်လိမ္မာသူ အဓိပ္ပာယ်ရ၍ ပိဋကတ်စာပေ ပေါက်ရောက်ကျွမ်းကျင်မည့် အမှတ်နိမိတ်ဖြစ်၍ သင့်လျော်ပါပေသည်။

သို့ရာတွင် ပရိယတ်ကျမ်းစာတွင် အရွယ်နှင့်မလိုက်အောင် ပေါက်မြောက် အောင်မြင်လာသောအခါ အများပြည်သူ ရှင်, လူ, ရဟန်းတို့က စာတတ် - စာတော်ဟု ကြွေးကြော် ချီးကျူးကြမည်သာ ဖြစ်သည်။ သို့ဖြစ်၍ ကုသလဟူသော ဘွဲ့အမည်ထက် ဃောသိတဟူသော ဘွဲ့အမည်က အနာဂတ်တွင် ကျော်စောမည့် အခြေအနေနှင့် ပိုမိုဆီလျော်ပေသည်။ ဤသို့ တွေးထင်ဆင်ခြင်မိသည့်အတိုင်း ဆရာတော်လောင်းလျာအား ရှင်ကုသလဟူသော ဘွဲ့အမည်အစား ရှင်ဃောသိတဟု ပြောင်းလဲမှည့်ခေါ် ရမည်ဟု အမိန့်ရှိလေသည်၊ ထိုအချိန်မှစ၍ ရှင်ကုသလအမည်ပျောက်ကာ ရှင်ဃောသိတအမည် ရောက်လာခဲ့ပေသည်။

## စာပေရဲရင့် ပွဲလယ်တင့်

သာမဏေ ရှင်ဃောသိတ ဓမ္မမေဒနီတိုက်သို့ ရောက်ရှိချိန်တွင် စာသင် ရှင်,ရဟန်းတို့သည် အစိုးရ ပါဠိပထမပြန်နှင့် ဝိသာနုအမျိုးသားပရိယတ္တိ စာမေးပွဲများ ဝင်ရောက်ဖြေဆိုနိုင်ရန်အတွက် အရှိန်ပြင်းစွာ လေ့လာကျက်မှတ်နေကြပေပြီ၊ စာချဆရာတော်များကလည်း နေ့ဝါ ညဝါကို အားသွန်ခွန်စိုက် ပို့ချသင်ပြနေကြပေပြီ၊ ရှင်ဃောသိတမှာမူ ကစ္စည်းသဒ္ဒါ

ကြီးနှင့် အဘိဓမ္မတ္ထသင်္ဂဟသုံးပိုင်းသာ သင့်ယူကျက်မှတ်ခဲ့သေးသဖြင့် စာမေးပွဲနှင့် အလှမ်းကွာသေးသည်ဟု ထင်မြင်စရာဖြစ်ပေသည်။

သို့ရာတွင် တပည့်သာမဏေငယ်၏ ဉာဏ်ရည်နှင့် ဇွဲကို အကဲခတ်မိသော တိုက်အုပ်ဆရာတော်သည် ပို့ချဆဲဖြစ်သော ညဝါ မာတိကာ ဓာတုကထာ အရကောက်ကျမ်းကိုလည်းကောင်း၊ အဘိဓမ္မတ္ထသင်္ဂဟ ကမ္မဋ္ဌာန်းပိုင်းကိုလည်းကောင်း ရှင်ဃောသိတအား ခုန်ကျော်ပြီး လိုက်ပါသင်ယူစေသည်။

ရှင်ဃောသိတသည်လည်း ဆရာအရှင်၏ အမိန့်အတိုင်းပင် အားကြိုးမာန်တက် လိုက်နာသင်ယူ၍ လုံးဝ မသင်ရသေးသော မာတိကာအရကောက်နှင့် ကျန်ရှိနေသေးသော အဘိဓမ္မတ္ထသင်္ဂဟ အပိုင်းများကို အားလပ်သော အချိန်များတွင် ဆည်းပူးသင်ယူရပေသည်။

ထိုမျှတိုတောင်းသောအချိန်ဖြင့် အပြေးအလွှား လေ့လာသင်ယူပြီးနောက် ၁၂၈၄-ခုနှစ်၊ နယုန်လတွင် ကျင်းပသော အစိုးရပါဠိပထမပြန် ပထမငယ်တန်းနှင့် ဝံသာနုအမျိုးသား-ပရိယတ္တိစာမေးပွဲ ပထမငယ်တန်းကို အများနည်းတူ ဝင်ရောက်ဖြေဆိုရ၍ စာမေးပွဲနှစ်ရပ်လုံးကို ချောမောစွာ အောင်မြင်ခဲ့ပေသည်။

အသက် (၁၆) နှစ်အရွယ်၊ ၁၂၈၅-ခုနှစ်တွင် အစိုးရ ပထမလတ်တန်းနှင့် အမျိုးသားပရိယတ္တိ ပထမလတ်တန်းကို ဝင်ရောက်ဖြေဆိုနိုင်စေကာမူ ထိုစာမေးပွဲနှစ်ရပ်တို့ကို ထိုနှစ်မှစ၍ နှစ်စဉ် တချိန်တည်း တိုက်ဆိုင်ကျင်းပသဖြင့် အမျိုးသား ပထမလတ်တန်းစာမေးပွဲကိုသာ ဖြေဆိုအောင်မြင်ခဲ့ရလေသည်၊ ထို ၁၂၈၅-ခုနှစ်မှာပင် ၁ ထုံမြို့၊ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်းမှ ကျင်းပသော မဟာဝေယျာကရဏိက အတန်းကို ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့ပြန်သည်။ အသက် (၁၇) နှစ်အရွယ်၊ ၁၂၈၆-ခုနှစ်တွင် အစိုးရပထမပြန် ပထမလတ်တန်းကို ဖြေဆိုအောင်မြင်၍ အသက် (၁၈) နှစ်အရွယ် ၁၂၈၇-ခုနှစ်တွင် အစိုးရ ပထမကြီးတန်းကို ဆက်လက်ဖြေဆိုရာ တကြိမ်တည်းဖြင့်ပင် အောင်မြင်ခဲ့ပြန်သည်၊ ထိုခေတ်တွင် အစိုးရ ဓမ္မာစရိယစာချတန်းစာမေးပွဲ မပေါ်ပေါက်သေးပဲ ပထမကြီးတန်းသည်သာ အမြင့်ဆုံး အဆင့်ဖြစ်၍ အခက်ဆုံးလည်း ဖြစ်ခဲ့သည်၊ ထို ပထမကြီးတန်း၌ ပြဋ္ဌာန်းသော ကျမ်းစာများကိုလည်း ယခုခေတ်ကဲ့သို့ နီးစပ်ရာ ပေါင်းစည်းခြင်းမပြုပဲ တနေ့တဘာသာနှုန်းဖြင့် (၁၀) ရက်ဘိုင်တိုင် ဖြေဆိုရပေသည်၊ မေးခွန်းများကိုလည်း ဘောင်ခတ်ကန့်သတ်ခြင်းမရှိပဲ မေးခွန်းထုတ်ဆရာတို့ ဉာဏ်မီသမျှ လက်စွမ်းပြနိုင်ကြပေသည်။ ထို့ကြောင့် ပြဋ္ဌာန်းသည့် ကျမ်းစာများကို အရအမိ ရှိရုံမျှနှင့် မရပဲ သက်ဆိုင်ရာ အဖွင့်ကျမ်းများကိုပါ လက်လှမ်းမီသမျှ လေ့လာဆည်းပူးရသည်။ ထိုမျှ ကြိုးပမ်းဖြေဆိုကြ

သော်လည်း နှစ်စဉ်နှစ်တိုင်း အစိုးရပထမကြီးတန်း အောင်မြင်သည့် အရေအတွက်မှာ ဖြေဆိုသူတို့နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းနည်းပါးလှပေသည်၊ ပထမလတ်တန်းကို အောင်မြင်ပြီးနောက် ပထမကြီးတန်းကို တဆက်တည်း ဖြေဆိုနိုင်ဖို့ရာမှာမူ ဉာဏ်ရည်ထက်မြက်၍ ဇွဲလုံ့လ ခိုင်မာသူတို့သာ မျှော်မှန်းနိုင်ခဲ့ကြသည်။

ရှင်ဃောသိတ အစိုးရပထမကြီးတန်းကို အောင်မြင်သောအချိန်တွင် သထုံမြို့ တရုတ်တန်းရပ်နေ ဒေါ်စောရင်သည် ရှင်ဃောသိတ၏ ပစ္စယာနုဂ္ဂဟရဟန်းအမအဖြစ်ကို ရယူနိုင်ရန်အတွက် ဓမ္မမေဒနီဆရာတော်ကြီးနှင့် တိုက်အုပ်ဆရာတော်တို့အား ကြိုတင်လျှောက်ထားကြိုးပမ်းခဲ့ပြီး ဖြစ်သည်။

ရှင်ဃောသိတသည် အသက်(၁၉)နှစ်အရွယ်၊ ၁၂၈၈-ခုနှစ်တွင် ငသာနုအမျိုးသားစာမေးပွဲ ပထမကြီးတန်းကို ဆက်လက်ဖြေဆိုရာ တပြည်လုံးတွင် ပထမစွဲ၍ အောင်မြင်ခဲ့ပေသည်။

## ရဟန်းဘဝ မြင့်မြတ်လှ

ဆရာတော်လောင်းလျာ သာမဏေရှင်ဃောသိတသည် အသက် (၁၃) နှစ်မှစ၍ စာပေခရီးကို မနေမနား တက်လှမ်းလာခဲ့သည်နှင့်အမျှ စာမေးပွဲအောင်ပန်းတို့ကိုလည်း နှစ်စဉ်နှစ်တိုင်း ဆွတ်လှမ်းရယူခဲ့ပြီးနောက် အသက်(၂၀)သို့ရောက်သောအခါ သထုံမြို့ ဓမ္မမေဒနီတိုက် (အဂ္ဂမဟာပဏ္ဍိတ)ကျေးဇူးရှင် ဆရာတော် ဦးသူရိယကို ဥပဇ္ဈာယ်ပြု၍ ၁၂၈၈-ခုနှစ် တန်ဆောင်မုန်းလပြည့် သောကြာနေ့ နံနက် (၉)နာရီအချိန်တွင် ရဟန်းဒါယကာမအဖြစ် ကြိုတင် လျှောက်ထားသော ဒေါ်စောရင်၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဓမ္မမေဒနီ ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူလေသည်။

ထိုနှစ်တွင်ပင် ပြာသိုလပြည့်ကျော် (၁၀) ရက် တနင်္လာနေ့ နံနက် (၉) နာရီအချိန်၌ လောင်းလုံးမြို့နယ်၊ ညင်းမော်ရွာ ဥဒကုက္ခေပ ရေသိမ်၌ အဘိုးရင်း ညင်းမော်ရွာသူကြီး ဦးဘိုးရှုံနှင့် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ဥပသမ္ပဒရဟန်းအဖြစ်ကို ခိုင်မာစေသည့် ဒဠှီကမ္မအနေဖြင့် ဒုတိယအကြိမ် ရဟန်းအဖြစ်ကို ခံယူတော်မူပြန်သည်။

## စာပေခရီး တိုးချဲ့ခြင်း

ကျေးဇူးရှင် ငယ်ဆရာ(ဦးအာလောက)နှင့် (ဦးဉာဏ) ဝါးတောကျောင်းတိုက် စာချဆရာတော် (ဦးပဏ္ဍိတ) နှင့်(ဦးကုမာရ) တို့ထံမှ တောင်လာခဲ့သော စာပေအခြေခံသည် ဓမ္မမေဒနီတိုက်(အဂ္ဂမဟာပဏ္ဍိတ)ကျေးဇူးရှင်ဆရာတော် (ဦးသူရိယ) နှင့် တိုက်အုပ်ဆရာတော် (ဦးအာစိဏ္ဏ) တို့ထံ၌ (၅) နှစ်တာအထိ စနစ်တကျ ကြိုးပမ်းသင်ယူခဲ့ခြင်းဖြင့်

အသက်(၂၀) နှစ်အရွယ်သို့ ရောက်ရှိသောအခါ စာပေခရီး အတော်ပင် ပေါက်ရောက်ခဲ့ပြီး ဖြစ်သည်။ ထို့နောက် ရဟန်းအဖြစ်ကို ရယူပြီး မန္တလေးသို့ စာပေခရီးဆက်ကာ ၁၂၇၉-ခုနှစ်၊ နယုန်လတွင် ကျင်းပသော သကျသီဟပရိယတ္တိစာမေးပွဲ စာသင်တန်းကို ဝင်ရောက်ဖြေဆိုရာ အမှတ်အများဆုံးဖြင့် ပထမစဲ့၍ အောင်မြင်တော်မူသည်။ ထို့နောက် မိုးကောင်းတိုက် (အဂ္ဂမဟာပဏ္ဍိတ)နှင့် (အဘိဓဇမဟာရဋ္ဌဂုရု) ညောင်ရမ်းဆရာတော်ကြီး (ဦးရေဝတ) ထံ၌ နေထိုင်လျက် ထိုဆရာတော်ကြီးနှင့်တကွ ချမ်းသာကြီးတိုက် ထနောင်းတိုင်ဆရာတော် (ဦးလက္ခဏ) တောင်သမန်တိုက် ဆရာတော် (ဦးဝိမလ)တို့ထံ၌ အထက်တန်းကျမ်းစာများကို သင်ကြားဆည်းပူးတော်မူသည်။ ၁၂၉၀-ပြည့် နယုန်လတွင် သကျသီဟပရိယတ္တိစာမေးပွဲစာချတန်းကို ဖြေဆိုရာ သီလက္ခန္ဓအဋ္ဌကထာနှင့် အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းများကို အောင်မြင်ပြီး ၁၂၉၁ ခုနှစ်တွင် ဆက်လက်ဖြေဆိုရာ ပါရာဇိက ကဏ္ဍ အဋ္ဌကထာကို အောင်မြင်တော်မူသဖြင့် စာချတန်းအောင် (၁၄) ပါးတွင် ဒုတိယစဲ့၍ ဃောသိတာဘိဝံသ-ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဟူသောဘွဲ့တံဆိပ်ကို အလှူခံ ရရှိတော်သည်။

မန္တလေးမြို့ သကျသီဟစာမေးပွဲသည်၊ မြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲ လောကတွင် အခက်ခဲဆုံးအဖြစ် ကျော်ကြားထင်ရှားနေပေသည်၊ ရဟန်းဖြစ်သည်မှ သိက္ခာ(၇) ဝါ၊ အသက် (၂၇) နှစ်အထိသာ စာသင်တန်းကို ဖြေဆိုခွင့်ရရှိပြီး ဆိုင်ရာကျမ်းစာများကို အလွတ်အာဂုံပြန်ဆိုနိုင်သူသာ ရေးဖြေစာမေးပွဲ ဝင်ခွင့်ရပေသည်၊ စာသင်တန်းအတွက် မေးခွန်းထုတ်ရာ၌ ကန့်သတ်ချက်မရှိလှပဲ နက်နဲခက်ခဲသည့် အဆစ်အပိုင်းများကို မေးမြန်းလေ့ရှိပေသည်။ ဤမျှခက်ခဲ၍ နာမည်ကျော်လှသော သကျသီဟပရိယတ္တိ စာမေးပွဲတွင် ဆရာတော်(ဦးဃောသိတ)သည် စာသင်တန်းကို ရဟန်းဝါ မရမီ တကြိမ်တည်းဖြေဆိုလျက် အောင်မြင်၍ ရဟန်းသိက္ခာ (၂) ဝါ အရတွင် စာချတန်းကို အောင်မြင်တော်မူခဲ့သည်။ ယင်းကဲ့သို့ ရဟန်းသိက္ခာဝါ မရမီ စာသင်တန်းကို အောင်မြင်၍ ရဟန်းသိက္ခာ (၂) ဝါတွင် စာချတန်းကို ပေါက်ရောက် အောင်မြင်သော စာပေပညာရှင်မှာ ယနေ့တိုင်အောင် ဆရာတော်မှတပါး ပေါ်ထွက်ခဲ့ခြင်း မရှိသေးပေ။ ထို့ကြောင့်လည်း ဒုတိယကမ္ဘာစစ်မဖြစ်မီ ရန်ကုန်မြို့ သူရိယသတင်းစာတိုက်က (၂၅) နှစ်မြောက် ငွေရတုအဖြစ် ပုံနှိပ်ဖြန့်ချိသော သူရိယမဂ္ဂဇင်း အထူးထုတ်တွင် ပါဠိဘာသာကအမည်ခံ ဆောင်းပါးရှင်က ပစ္စုပ္ပန်ဗုဒ္ဓသာသနာတော်တွင် ထူးခြားသည့် ပုဂ္ဂိုလ်များအကြောင်းကို မှတ်တမ်းတင် ဆောင်းပါးရေးသားရာ၌ ဆရာတော်အား အသက်အငယ်ဆုံးနှင့် သကျသီဟပရိယတ္တိ စာမေးပွဲကို အောင်မြင်သူအဖြစ် ချီးကျူးဖော်ပြခဲ့သည်။

တဖန် ၁၂၈၂-ခုနှစ်၊ ရဟန်းသိက္ခာ (၃) ဝါ-ရတွင် ဝံသာနုအမျိုးသားပရိယတ္တိစာမေးပွဲ ပထမကျော်တန်းကို ဖြေဆိုရာတွင်လည်း ပထမစွဲ၍ အောင်မြင်တော်မူခဲ့ပြန်လေသည်။

## စာသင်မှ စာချသို့

အထက်၌ မှတ်တမ်းတင် ဖော်ပြခဲ့သည့်အတိုင်း ဆရာတော်သည်၊ သာမဏေဘဝ (၁၅) နှစ်အရွယ်မှ ရဟန်းသိက္ခာ(၃) ဝါရသည့်အထိ၊ စာမေးပွဲ အဆင့်ဆင့်ကို အောင်မြင်၍ ထင်ရှားကျော်ကြားသော ဆရာတော်ကြီးတို့ထံတွင် ကျမ်းစာများကို သင်ယူဆည်းပူး ခဲ့သည့်အလျောက် ပရိယတ္တိစာပေရေးရာတွင် အဝါး၌ လူလားမြောက်ပြီဟု ဆိုနိုင်ပေပြီ၊ သို့ဖြစ်လင့်ကစား ဤမျှသောအခြေအနေဖြင့် ကျေနပ်တင်းတိမ်ခြင်းမရှိသေးပဲ စာပေနယ်ပယ်တွင် ပါရဂူမြောက် ပေါက်ရောက်ကျွမ်းကျင်တော်မူသော ဆရာတော်များထံ ပညာရှင်နို့ သောက်စို့လိုစိတ် ပြင်းပြလျက်ပင် ရှိနေပေသည်။ ဗုဒ္ဓဝါဒရေးရာ အယူအဆအဆုံးအဖြတ်များကို လက်လှမ်းမီသမျှ နာယူဆည်းပူးလိုသောဆန္ဒနှင့် ဒာစရိယလဒ္ဓေါပဒေသ နည်းနာ ဟူသမျှကို တတ်နိုင်သမျှ အရမရ စုစည်းလိုသော အာသာခိုင်မာလျက်ပင် ရှိနေပေသည်၊ ပါဠိသဒ္ဒါ ပါဠိစာပေများနှင့် နီးနွယ်ဆက်စပ်နေသော သက္ကတသဒ္ဒါနှင့် သက္ကတစာပေကိုပါ သင်ယူရန်လည်း ရည်မှန်းဆုံးဖြတ်ထား၍၊ သင်ယူခွင့် ရနိုင်သော အခြေအနေကို ဖန်တီးစီစဉ်ထားပြီး ဖြစ်သည်။

သို့ရာတွင် ဆရာတော်အဖို့၊ ထိုဆန္ဒ ထိုအာသာနှင့် ထိုရည်မှန်းချက်တို့ အကောင်အထည် မပေါ်နိုင်ခဲ့ပေ၊ ထိုအချိန်တွင် သထုံမြို့ဓမ္မမေဒနီတိုက်၌ စာသင်သားသံဃာ များပြားလာသည့်အလျောက် စာချပုဂ္ဂိုလ်များကို ပိုမိုထားရှိရန် လိုအပ်လာပေသည်၊ထိုလိုအပ်ချက်ကို ဖြည့်တင်းရန် အတွက် ဓမ္မမေဒနီဆရာတော်က ဆရာတော်အား မန္တလေးမှ ပြန်ခဲ့ရန် ဆင့်ခေါ်အမိန့်ရှိလေတော့သည်။ ငယ်ရွယ်စဉ်မှစ၍ ဆရာသမား၏ ဆုံးမသွန်သင် လမ်းညွှန်ပဲ့ပြင်ခြင်းကို လေးစားလိုက်နာခဲ့သော ဆရာတော်သည် ကျေးဇူးရှင် ဥပဇ္ဈာယ် ဆရာတော်ဘုရား၏ ဆင့်ခေါ်မိန့်မှာချက်ကို မငြင်းဆန်အား၊ မဖယ်ရှားရက်နိုင်ပဲ ပညာသင်ကြားလိုသောဆန္ဒကိုမျိုသိပ်ကာ သထုံမြို့သို့ အမြန်လာခဲ့ရပေသည်။ ကျေးဇူးရှင် ဓမ္မမေဒနီဆရာတော်သည်တပည့်ဖြစ်သူ ရောက်လျှင်ရောက်ချင်း ဓမ္မမေဒနီတိုက်၊ မွှာလင်္ကာရ ကျောင်းတွင် ကျောင်းဘုန်းကြီးအဖြစ် ချီးမြှင့်မြှောက်စားလျက် စာချဘုန်းကြီးအဖြစ် ခန့်အပ်လေသည်။ ဤသို့ဖြင့် ဆရာတော်သည် ရဟန်းသိက္ခာ (၃) ဝါမျှဖြင့် စာချဆရာတော် အဖြစ်သို့ ရောက်ရှိတော်မူလေသည်။

ဆရာတော်သည် ဓမ္မမေဒနီတိုက်တွင် စာချဆရာအဖြစ်နှင့် သာသနာ့တာဝန်ကို ထမ်းဆောင်လျက် စာပေပို့ချ သင်ပြနေယင်း သုဝဏ္ဏဘူမိ-ပရိယတ္တိ သာသနဟိတအသင်း၏ စာမေးပွဲများကိုလည်း ဆက်လက်ဖြေဆိုတော်မူသည်၊ စင်စစ်သော်-( ၁၆ )နှင့် အရွယ် သာမဏေဘဝတွင် ပထမအဆင့်ဖြစ်သော မဟာဝေယျာကရဏိကစာမေးပွဲကို အောင်မြင်ခဲ့ပြီးနောက် ရဟန်းသိက္ခာ (၁) ဝါရသည့်နှစ်၌၊ တတိယအဆင့် အာဘိဓမ္မိက စာမေးပွဲ၊ ဒုတိယဆင့် ဝိနယဓရစာမေးပွဲ စသည်တို့ကို မန္တလေးမှ ခေတ္တလာရောက်၍ ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်သည်။

ယခုတဖန် ကျန်ရှိနေသော စာမေးပွဲအဆင့်များကို တနှစ်ပြီးတနှစ် ဆက်လက် ဖြေဆိုတော်မူပြန်ရာ ရဟန်းသိက္ခာ (၆) ဝါတွင် (၇) ဆင့်လုံးကို ပြီးမြောက်အောင်မြင်တော်မူသဖြင့် သုဝဏ္ဏဘူမိ-ပရိယတ္တိသာသနဟိတအသင်း၏ "ပိဋကတ္တယပါရဂူ" ဘွဲ့တံဆိပ်ကို အာဒိကမ္မိက-ပထမဆုံးအဖြစ်ဖြင့် အလှူခံ ရရှိတော်မူလေသည်၊ ရဟန်းသိက္ခာ(၂)ဝါအရတွင် (၃) ဆင့်အောင်၍ ဒုတိယစာချ သာသနဇောတိပါလ ဘွဲ့တံဆိပ်နှင့် လေးဝါရတွင် ပထမစာချ သာသနဟိတ ဂဏဝါစက အာစရိယ ဘွဲ့တံဆိပ်တို့ကိုလည်း ရရှိပြီးဖြစ်သည်။

သထုံမြို့၊ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတ အသင်းသည်၊ အင်္ဂလိပ်၊ မြန်မာနှင့် ပါဠိစာပေတို့၌ ကျွမ်းကျင်တတ်မြောက်သော ( အငြိမ်းစား ) အရေးပိုင် ဦးဖော်ထွန်း အမှူးရှိသော လူပညာရှိများနှင့် သထုံမြို့ရှိ ထင်ရှားသော ဆရာတော်ကြီးများ ကြီးမှူးသော ပရိယတ္တိစာမေးပွဲဆိုင်ရာ အသင်းကြီးဖြစ်သည်။ ထိုအသင်း၏ စာမေးပွဲကို အဆင့်(၇)ဆင့် ခွဲခြားသတ်မှတ်၍ အောက်ပါအတိုင်း သင်ရိုးညွှန်းတမ်းများ ပြဋ္ဌာန်းထားပေသည်။

| စဉ် | အဆင့် | အတန်းအမည် | ပြဋ္ဌာန်းကျမ်းစာများ |
|---|---|---|---|
| ၁။ | ပထမ | မဟာဝေယျာကရဏိကတန်း | ရူပသိဒ္ဓိ၊ ပုဒ်စစ်၊ သုတ်စစ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဂန္ထာဘရဏနှင့် ဘုရားကြီးနိယံ၊ ဆန်းအလင်္ကာ သတိပဋ္ဌာန်နှင့် ဇာတကဋ္ဌကထာ (ပ) တွဲ |
| ၂။ | ဒုတိယ | ဝိနယဓရတန်း | ဝိနည်း ငါးကျမ်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့် ဇာတကဋ္ဌကထာ (ဒု) တွဲ |
| ၃။ | တတိယ | အာဘိဓမ္မိကတန်း | အဘိဓမ္မာ ၇-ကျမ်းနှင့် ဓမ္မပဒအဋ္ဌကထာ |

| | | | |
|---|---|---|---|
| ၄။ | စတုတ္ထ | ဒီဃဘာဏကနှင့် မဇ္ဈိမဘာဏကတန်း | ဒီဃနိကာယ် ၃-ကျမ်းနှင့် မဇ္ဈိမနိကာယ် ၃-ကျမ်း၊ ဇာတကဋ္ဌကထာ (တ) တွဲ |
| ၅။ | ပဉ္စမ | အင်္ဂုတ္တရဘာဏကနှင့် သံယုတ္တဘာဏကတန်း | အင်္ဂုတ္တရနိကာယ်နှင့် သံယုတ္တနိကာယ် ဇာတကဋ္ဌကထာ (စ) တွဲ |
| ၆။ | ဆဋ္ဌ | ခုဒ္ဒကဘာဏက ( ပဌမကဏ္ဍ ) တန်း | ခုဒ္ဒကပါဌ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတ၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရ+ထေရီဂါထာ မဟာနိဒ္ဒေသ၊ စူဠနိဒ္ဒေသ၊ ဇာတက–အဋ္ဌကထာ (ပဉ္စမတွဲ ) |
| ၇။ | သတ္တမ | ခုဒ္ဒကဘာဏက ( ဒုတိယကဏ္ဍ ) တန်း | ပဋိသမ္ဘိဒါမဂ္ဂ၊ အပါဒါန ဗုဒ္ဓဝံသ၊ စရိယာပိဋက၊ နေတ္တိ၊ ပေဋကောပဒေသ၊ မိလိန္ဒပဉှာနှင့် ဇာတက အဋ္ဌကထာ ( ဆဋ္ဌတွဲ ) |

ယင်းတို့ကို တတန်းလျှင် (၇) ရက်စီ ဘာသာခွဲခြား၍ အတန်းအားလျော်စွာ အလွတ်အာဂုံပါ ဆောင်ရမည့် အပိုင်းများကိုပါသတ်မှတ်ထားသည်။ ပထမဆင့်မှ တတိယဆင့်အထိ ဘာသာရပ် အသီးသီးတွင် အမှတ် ၁၀၀-အနက် ၅၀-ရမှ အောင်မြင်နိုင်၍ ကျန်အထက်တန်းများတွင် အမှတ် ၁၀၀-အနက် ၆၀-ရမှ အောင်မြင်နိုင်သည်။ သို့ရာတွင် အတန်းတင်း၌ ကျမ်းစွဲပေး၍ အထက်တန်း ၄-တန်းတွင် ဘာသာရပ် အားလုံးကို တကြိမ်တည်း ဖြေဆိုသူတို့အတွက် အနည်းဆုံး ၅၀-ရ၍၊ စုစုပေါင်း ၄၂၀-ရရှိက တန်းလုံးကျွတ်အောင် သတ်မှတ်သည်၊ ထို့ပြင် ပထမ ဆင့်မှ တတိယ ဆင့်အထိအောင်မြင်ပါက ဒုတိယစာချ သာသနဇောတိပါလ ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ စတုတ္ထအဆင့်နှင့် သတ္တမအဆင့်ကို အောင်မြင်ပါက ပထမစာချ သာသနဟိတ ဂဏဝါစက ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ အတန်း ၇-ဆင့်လုံးကို အောင်မြင်ပါက ပိဋကတ္တယပါရဂူ ဘွဲ့တံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်၍ အသင်း၏ အင်အားအလျောက် ကိုးကွယ်ပူဇော်ခြင်းကို ခံရသည်။

ပြဋ္ဌာန်းထားသည့် ကျမ်းစာများအရ ၇-ဆင့်လုံးကို အောင်မြင်ပြီးသူသည် ပိဋကသုံးသွယ်၊ နိကာယ်ငါးရပ် သက်ဆိုင်ရာ အဋ္ဌကထာများနှင့်လည်းကောင်း၊ ထင်ရှားကျော်စောလှသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာများနှင့် ဇာတကအဋ္ဌကထာတို့ကိုလည်းကောင်း လေ့လာဆည်းပူးပြီးဖြစ်ပေရာ ပိဋကတ္တယပါရဂူဟူသော ဘွဲ့တံဆိပ်သည် ယင်း ပြဋ္ဌာန်း ကျမ်းစာများနှင့် ဆီလျော်လှကြောင်း သိသာနိုင်ပေသည်။

## စာပေအောင်ပွဲ ဆင်နွှဲခဲ့သမျှ

ယင်းသို့လျှင် ၁၅-နှစ်အရွယ် ရှင်သာမဏေအဖြစ်မှ ရဟန်းသိက္ခာ ၆-ဝါ ရသည်အထိ ဆရာတော် ဖြေဆိုဝင်နွှဲ အောင်ပွဲဆင်ခဲ့သော စာမေးပွဲများကို အကျဉ်းချုပ် ဖော်ပြရသော် ဤသို့ တွေ့မြင်နိုင်ပေသည်။

| | | |
|---|---|---|
| ၁။ | ၁၅ နှစ်အရွယ်တွင် | အစိုးရ-ပထမငယ်တန်းနှင့်ဝိသာခအမျိုးသားပထမငယ်တန်း |
| ၂။ | ၁၆ ။ | ဝိသာခအမျိုးသား ပထမလတ်တန်းနှင့် သထုံမြို့-မဟာဝေယျာကရဏကထာတန်း |
| ၃။ | ၁၇ ။ | အစိုးရ-ပထမလတ်တန်း |
| ၄။ | ၁၈ ။ | အစိုးရ-ပထမကြီးတန်း |
| ၅။ | ၁၉ ။ | ဝိသာခအမျိုးသား ပထမကြီးတန်း (ပထမ) |
| ၆။ | ၂၀-နှစ်(ရဟန်း ဝါ-မပုမိ) | သကျသီဟ စာသင်တန်း (ပထမ) |
| ၇။ | ၂၁၊ ၁-ဝါ အရတွင် | သထုံမြို့ အာဘိဓမ္မိကထာတန်း (ပထမ) |
| ၈။ | ၂၂၊ ၂ ။ | သကျသီဟစာချတန်းနှင့် သထုံမြို့ဝိနယဓရတန်း(ပထမ) |
| ၉။ | ၂၃၊ ၃ ။ | ဝိသာခအမျိုးသား ပထမကျော် (ပထမ)နှင့် သထုံမြို့-စတုတ္ထဆင့် |
| ၁၀။ | ၂၄၊ ၄ ။ | သထုံမြို့ သတ္တမဆင့် (ပထမ) |
| ၁၁။ | ၂၅၊ ၅ ။ | ။ ပဥ္စမဆင့် (ပထမ) |
| ၁၂။ | ၂၆၊ ၆ ။ | ။ ဆဋ္ဌမဆင့် (ပထမ) |

## စာချအရှင်မှ ကျောင်းတိုက် ဦးစီးသို့

ဆရာတော်သည် ပိဋကတ္တယ ပါဠိဂူဠ္ဌတ်ဆိပ်ကို ရယူပြီးနောက်၊ မော်မေဒနီတိုက် မော်လကျာရကျောင်း၌ပင် ဆက်လက်သီတင်းသုံးလျက် စာပေပို့ချနေထိုင်ယင်း ဆရာအရှင်တို့၏ ကျေးဇူးကို တုံ့ပြန်ပေးဆပ်လျက် ရှိနေပေသည်၊ထိုစဉ်တွင် ရဟန်းအမ ဒေါ်စောရင်၏ အစ်ကိုရင်းဖြစ်သူ အငြိမ်းစား လယ်ဝန်ကြီး ဦးအုန်းဖေ ကျောင်းဒကာ သည် ဗုဒ္ဓသာသနာတော်ကို လွှန်စွာအားပေးကူညီ၍ စေတနာသဒ္ဓါတရား ထက်သန်လှသည့်အလျောက်

မိမိ၏ ကိုယ်ပိုင်နေအိမ်နှင့် ဝင်းခြံကို ပရိယတ္တိစာသင်တိုက်အဖြစ် ပြောင်းလဲကာ ကိုယ်ပိုင် လယ်မြေကိုလည်း ထိုစာသင်တိုက်၏ အထောက်အပံ့အတွက် ဝတ္တကမြေ အဖြစ်ဖြင့်ပါ ပြောင်းလဲလှူဒါန်းရန် စိတ်အားထက်သန်လျက် ရှိနေပေသည်။

ဆရာတော်၏ ထက်မြက်ထူးချွန်သော စာပေစွမ်းရည်နှင့် သကျပုတ္တသမဏ ပီပီ တည် တည်ငြိမ်ငြိမ် ဣန္ဒြေရရ ငြိမ်းချမ်းအေးဆေးစွာ နေထိုင်လေ့ရှိပုံကိုပါ ကြည်ညိုလှသဖြင့် မိမိ၏ရည်ရွယ် အားသန်သည့်အတိုင်း နေအိမ်နှင့် ဝင်းခြံကို "လယ်ဝန် ဦးအုန်းဖေကျောင်း တိုက်"အဖြစ်နှင့် ယင်းအတွက် ဝတ္တကလယ်မြေကိုပါ အလှူခံ၍ ပရိယတ္တိစာသင်တိုက် သီးခြားဖွင့်လှစ်ဘည်ထောင်ရန် လျှောက်ထားလေသည်။ ပရိယတ္တိသာသနာတော် တိုးတက် ပြန့်ပွား ထွန်းကားစည်ပင်ရေးကို အစဉ်အားပေးတော်မူကြသော မွေမေဒနီ ဆရာတော်ကြီး နှင့် တိုက်အုပ်ဆရာတော်တို့ကလည်း အငြိမ်းစားလယ်ဝန်ကြီး လျှောက်ထားပေးအပ်ချက်ကို ကျေနပ်အားရ ဝမ်းမြောက်လှစွာဖြင့် တပည့်ဖြစ်သူ စာချ ဆရာတော် အရှင်ဃောသိတာ- ဘိဝံသ အား စာသင်တိုက် သီးခြားတူထောင်ရန် ခွင့်ပြုအားပေးတော်မူကြပေသည်။

သို့ရာတွင် ဆရာတော်မှာ ရဟန်းသိက္ခာ(၇)ဝါမျှသာ ရှိပေသေးသည်။ဝိနယဂရုက သိက္ခာ- ကာမ လဇ္ဇီပေသလ ပိဋကတ္တယဆေကဂုဏ်နှင့် ပြည့်စုံ၍ ပို့ချသင်ပြမှု စွမ်းရည်နှင့် ကိုယ် တွေ့ ညွှန်ပြသွန်သင်မှု အရည်အချင်းပါ ပြည့်စုံနေသော်လည်း ဝိနည်းဆိုင်ရာ စည်းမျဉ်း ဥပဒေအရ ကိုယ်တိုင် ဥပဇ္ဈာယ်ဆရာ သို့မဟုတ် နိဿယာစရိယ (နိဿယည်းဆရာ) အဖြစ် ဦးဆောင်ရန် အသက်သိက္ခာ ငယ်ရွယ်နေပေသည်။

ဝိနယ မဟာဝဂ္ဂကျမ်းလာ စည်းမျဉ်းညွှန်ကြားချက်အရ ဝိနည်းသိက္ခာပုဒ်နှင့် ကျင့်ထုံး ကျင့်နည်းများကို တတ်ပွန်နားလည်၍ စာပေပရိယတ် ပို့ချသင်ပြနိုင်သော ဗျတ္တပဋိဗလ ပုဂ္ဂိုလ်ဖြစ်၍ ရဟန်းသိက္ခာလည်း (၁၀)ဝါတင်းတင်း ပြည့်မှသာ ဆရာအမှီအခိုမှ ကင်းလွတ် ကာ ကိုယ်တိုင် သီးခြားဆရာပြု၍ သသနာ့ဝန်ကို သည်ပိုးထမ်းဆောင်နိုင်ပေသည်။ စာပေ ကျွမ်းကျင်၍ ဝိနည်းသိက္ခာပုဒ်ကို နားလည်တတ်မြောက်ပါက ရဟန်းသိက္ခာ (၅) ဝါရလျှင် ဆရာအမှီအတွယ်မရှိပဲ သီးခြားနေထိုင်စေကာမူ ၁၀-ဝါမရလျှင် ဥပဇ္ဈာယ်ဆရာ, နိဿယည်း ဆရာ မလုပ်နိုင်ပေ။

သို့ဖြစ်၍ ၁၂၉၆-ခုနှစ်၊ ဝါဆိုလတွင် အငြိမ်းစား လယ်ဝန်ကြီး၏ နေအိမ်နှင့် ဝင်းခြံကို လယ်ဝန်ဦးအုန်းဖေ ကျောင်းတိုက်အဖြစ် လက်ခံ၍ စာသင်တိုက်သစ် တည်ထောင်ရာတွင် အထက်ပါ ဝိနည်းဥပဒေသစည်းမျဉ်းကို လေးစားလိုက်နာသောအားဖြင့် မွေမေဒနီဆရာ တော်ကြီးသည် ဆရာတော်နှင့်အတူ လယ်ဝန်ကျောင်းတိုက်သို့ လိုက်ပါဝါဆို၍ ၁၀-ဝါရသည်

အထိ သုံးနှစ် သုံးဝါတိုင်တိုင် ဥပဇ္ဈာယ်ဆရာ နိဿယည်းဆရာအဖြစ် တာဝန်ယူစောင့်ရှောက် ပေးတော်မူလေသည်။

ဖွင့်လှစ်တည်ထောင်စဖြစ်သော လယ်ဝန်ကျောင်းတိုက်တွင် စာသင် ရှင်, ရဟန်းတို့ကို လက်ခံခြင်း၊ ကျောင်းတိုက်ကို ထိန်းသိမ်းကွပ်ကဲအုပ်ချုပ်ခြင်း စသော တိုက်တာလုပ်ငန်းကိုမူ ဆရာတော်ကပင် ဦးစီးဆောင်ရွက်၍ ဓမ္မမေဒနီဆရာတော်ကြီးကမူ စာပေကို ကူညီပို့ချပေးတော်မူခြင်း၊ မိဘသဖွယ် စောင့်ရှောက်အားပေးခြင်းမျှသာ ဆောင်ရွက်တော်မူသည်။

ဆရာတော်သည် ကိုယ်တော်တိုင် စာမေးပွဲများစွာကို ကြိုးပမ်းဖြေဆို အောင်မြင်ခဲ့၍ ပိဋကတ္တယဆောက နာနာနယ ကောဝိဒ ဂန္ထန္တရဇဟုသာုတနှင့် ကိုလုံပြည့်စုံသော ဆရာတော်ကြီးများထံမှလည်း အာစရိယဟတ္ထမုဋ္ဌိ လက်ရှိပိုင်ပိုင် ရရှိနိုင်အောင် ဆည်းကပ်သင်ယူခဲ့သည့်အလျောက် စာချဆရာတော်အဖြစ်နှင့်လည်း ၄-နှစ်ကျော်မျှ ပို့ချသင်ပြခဲ့ပြီး ဖြစ်ရာ သီးခြားစာသင်တိုက်သစ်ကို ဦးစီးဆောင်ရွက်ရသောအခါ ထိုအရည်အချင်းနှင့် ထိုအတွေ့အကြုံများကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ပေသည်။ စာသင် ရှင်, ရဟန်းတို့၏ ဉာဏ်ရည်နှင့် ကြိုးပမ်းအားထုတ်မှုကို အခြေခံလျက် စာပေကျွမ်းကျင်၍ စာမေးပွဲအောင်မြင်ရေးကို အထူးဂရုစိုက် အားပေးတော်မူသည်။

မည်သည့်ကျမ်းစာများကို လေ့လာဖတ်ရှု၍ မည်သည့်အချက်များကို ဂရုစိုက် မှတ်သားရန် နည်းညွှန်လမ်းပြတော်မူသည်။ စာမေးပွဲ နီးကပ်လာသောအခါ သဒ္ဒါ, သင်္ဂဟ စသော ဘာသာရပ်အသီးသီးအတွက် ခဲရာခဲဆစ်များကို သက်ဆိုင်ရာ အဖွင့်အဋ္ဌကထာ, ဋီကာများမှ ကောက်နုတ်ရှင်းပြတော်မူသည်၊ ထိုစဉ်အခါက အစိုးရပါဠိပထမပြန်စာမေးပွဲ အတန်းအသီးသီး၌ ပါဠိ-မြန်မာဘာသာပြန်ဆိုင်ရာ မေးခွန်းလွှာအတွက် ပြဋ္ဌာန်းချက် ကျမ်းစာမရှိပေ၊ စာမေးပွဲအတန်းနှင့် ခံလျော်သော ဘာသာပြန်မေးခွန်းများကို သက်ဆိုင်သူ ပညာရှင်တို့က မိမိတို့ကြိုက်နှစ်သက်သလို မေးမြန်းနိုင်သကဲ့သို့ စာဖြေသူတို့ကလည်း ထိုမေးခွန်းများကို ဖြေဆိုနိုင်အောင် ကြိုတင်လေ့လာထားကြရသည်၊ ပါဠိအစီအကုံးကို အတန်းအလိုက် နားလည်ဘာသာပြန်နေရသည်၊ ဆရာတော်သည် ထိုမေးခွန်းလွှာအတွက် အထူးဂရုစိုက် ကြိုးပမ်း သင်ပြတော်မူသည်၊ ယင်းသို့ဂရုစိုက် သင်သင် ပို့ချ ညွှန်ကြားပြသမှုကြောင့် ဖွင့်လှစ်တည်ထောင်စဖြစ်သော လယ်ဝန်ဦးအုန်းဖေ ကျောင်းတိုက်သည် အစိုးရပါဠိပထမပြန်စာမေးပွဲ တနှစ်ပြီးတနှစ် တိုးတက်အောင်မြင်များပြားလာသည့် ကျောင်းတိုက်အဖြစ် ထင်ရှားကျော်ကြားလာလေသည်။

ထိုခေတ်တွင် မြန်မာသတင်းစာတို့သည်လည်း ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းကို ၁၀-တန်း အောင်စာရင်းကဲ့သို့ပင် အပြည့်အစုံထည့်သွင်းကြေငြာပေးလေ့ရှိပေသည်၊ စာမေးပွဲ အောင်စာရင်းကြေငြာချိန်တွင် အခြားနေ့များထက် သတင်းစာ ပိုမိုထုတ်ဝေရ၍ စာဖြေသူ တို့ကလည်း သူဦး ငါအလျင် ဖတ်ရှုကြသည်၊ ထို့ကြောင့် လယ်ဝန်ဦးအုန်းဖေ ကျောင်း တိုက်၏ အောင်မြင်မှုကို သီးခြားဖော်ပြရန်မလိုပဲ စာမေးပွဲအောင်စာရင်းဖြင့်ပင် ကြေငြာ ပြီးသကဲ့သို့ ဖြစ်နေခဲ့ပေသည်၊ သထုံမြို့-သုဝဏ္ဏဘူမိ ပရိယတ္တိသာသနာဟိတအသင်းမှ ကျင်းပ သော စာမေးပွဲတွင်လည်း လယ်ဝန်ဦးအုန်းဖေကျောင်းတိုက်မှ နှစ်စဉ် အောင်ပွဲထူလျက် ရှိပေရာ ထိုစာမေးပွဲနှစ်ချပ်လုံး၏ အောင်စာရင်းထွက်ချိန်တွင် စာသင်တိုက် ကျောင်းဒကာ လယ်ဝန်ကြီးသည် အောင်စာရင်းကြေငြာလွှာကို လက်မှမချပဲ တောင်ရှည်ပုဆိုးတမမဖြင့် တအိမ်တက် တအိမ်ဆင်း အောင်စာရင်းပြကာ အောင်သတင်းဖြန့်ချီလျက် ပျော်မဆုံး တပြုံးပြုံး ဖြစ်နေတတ်ပေသည်။ မိမိ မ-တည်ထူထောင်ပေးခဲ့သော စာသင်တိုက် အောင်မြင် ထမြောက်မှုကို ဝမ်းမြောက် ဝမ်းသာပီတိဖြာ နေတတ်ပေသည်။

ဆရာတော်သည် မိမိထံပါး၌ ဆည်းကပ်၍ စာပေပညာ သင်လာသူတို့အား စာပေ တတ်မြောက်ရေးတခုတည်းအတွက်သာ ကြိုးပမ်းတော်မူသည်မဟုတ်ပဲ ဗုဒ္ဓရှင်တော်မြတ်၏ သားကောင်းပီပီ နေတတ်ထိုင်တတ်ပြုမူတတ်စေရန်လည်း အခွင့်သာတိုင်း သွန်သင်ဆုံးမ တော်မူသည့်အပြင် အကျင့်သိက္ခာ ကိုယ်နှုတ်အမူအရာ လိမ္မာပါးရှိ၍ အပ္ပသန္နာနံ ပသာဒါယ ပသန္နာနံ ဘိယျော ဘာဝါယ—မကြည်ညိုသေးသူတို့ ကြည်ညိုလာရအောင် ကြည်ညိုပြီး သူတို့ ပိုမိုကြည်ညိုလာရအောင် ညွှန်ပြစောင့်ကြပ်တော်မူလေ့ရှိပေသည်။ တိုက်တာစည်းကမ်း နှင့် ကျင့်ဝတ်ကို ဖောက်ဖျက်လာပါကလည်း ကျောသားရင်သား မခွဲခြားပဲ အရေးယူ အပြစ်ပေးလေ့ရှိသည်။

ယင်းသို့ သွန်သင်ကြီးကြပ်မှုနှင့် စာပေပို့ချ သင်ပြမှု နည်းစနစ်ကောင်းမွန်ခြင်းကြောင့် လယ်ဝန်ဦးအုန်းဖေကျောင်းတိုက်သည် တနေ့တခြား ထင်ရှားလာခဲ့ရာ စာသင် ရှင်ရဟန်း တို့ကို လာရောက်အပ်နှံသည်လည်း တနှစ်ထက်တနှစ် ပိုမိုများပြားလာခဲ့လေသည်။ စာသင် သားတို့သည်လည်း သူနိုင်ငါနိုင် ယှဉ်ပြိုင်သည့်အလား နေ့မနား ညမအား ကြိုးစားအားထုတ်မှု အရှိန် ကြီးမားလှပေရာ လယ်ဝန် ဦးအုန်းဖေကျောင်းတိုက်သည် သန်းခေါင်ကျော်သည် အထိ စာကျက်သံ စာပြန်သံမစဲ စာကြည့်စာမှတ်သူတို့၏မီး မငြိမ်းပဲရှိလေသည်။ ထို့ကြောင့် စာသင်သားတို့၏ ကျန်းမာရေးအတွက် ဆရာတော်က ည ၁၁-နာရီထက် နောက်ကျ၍ စာကျက်စာပြန်ခြင်းမပြုရ၊ ၁၁-နာရီတွင် မီးငြိမ်း၍ အိပ်ရာဝင်ကြရမည်ဟု အမိန့်ထုတ် တားမြစ်ရလေသည်။

လယ်ဝန်ဦးအုန်းဖေကျောင်းတိုက်၏ ယင်းသို့ စာပေအောင်လံ လွှင့်ထူနိုင်မှုသည် ၁၃၀၀-ပြည့်နှစ်တွင် အထွတ်အထိပ်သို့ ရောက်ရှိသည်ဟု ဆိုနိုင်ပေသည်။ တနိုင်ငံလုံး ဝင်ရောက်ဖြေဆိုရာတွင် ၄၀-၅၀မျှသာ အောင်မြင်တတ်သော အစိုးရပထမကြီးတန်း၌ ထိုနှစ်တွင် လယ်ဝန်ကျောင်းတိုက်တတိုက်တည်းမှ ရှင်နှင့် ရဟန်း၅-ပါးအထိ အောင်မြင်ခဲ့ကြသည်၊ ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးများနှင့်နှိုင်းယှဉ်လျှင်လည်း သထုံသည် မြို့ငယ်မျှသာ ဖြစ်၍ ထိုမြို့ကြီးများရှိ ကျောင်းတိုက်များနှင့် နှိုင်းယှဉ်လျှင် လယ်ဝန်ကျောင်းတိုက်သည် စာသင်တိုက်အငယ်စားသာ ဖြစ်သည်၊ထိုသို့သော မြို့ငယ်ရှိ ထိုစာသင်တိုက်ငယ်မှ အစိုးရပထမကြီးတန်း၌ ၅-ပါးအောင်မြင်သော ရလဒ်မှာ ထိုခေတ်တွင် အံ့ဩထူးဆန်းနေပေသည်။ ထို အချိန်အထိ စာသင်တိုက်တတိုက်တည်းမှ ပထမကြီးတန်း ၅-ပါးအောင်မြင်ခြင်းမရှိသေးသဖြင့် လယ်ဝန် ဦးအုန်းဖေကျောင်းတိုက်မှ ပထမကြီးတန်း ၅ပါး အောင်မြင်မှုသည် ထိုကျောင်းတိုက်အတွက်သာမဟုတ်ပဲ သထုံမြို့အတွက်လည်း ဂုဏ်ယူဖွယ်ဖြစ်ပေရာ တန်ဖိုးကြီးလှသော နေအိမ်နှင့် ဝင်းခြံကို စာသင်တိုက်အဖြစ် ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ပြုစုသော ကျောင်းဒကာလယ်ဝန်ကြီးအဖို့ မည်မျှဝမ်းမြောက်ကျေနပ်မည်ကို စဉ်းစားတွေးခေါ်နိုင်ပေသည်။

## သဗြဟ္မစာရီ – စိတ်ထားညီ၍

ဆရာတော်သည် လယ်ဝန်ဦးအုန်းဖေကျောင်းတိုက်ကို လက်ခံတည်ထောင်ချိန်တွင် ပိဋကတ္တယပါရဂူဘွဲ့တံဆိပ်ကို ရရှိတော်မူပြီးသော ဆရာတော် ဦးဝါယမသည် ဓမ္မမေဒနီတိုက်၌ပင် သီတင်းသုံးနေထိုင်လျက် စာပေပို့ချတော်မူနေပေသည်။ ဆရာတော်နှစ်ပါးသည် ရှင်သာမဏေအရွယ်ကပင် ဓမ္မမေဒနီတိုက်၌ အတူတကွ နေထိုင်၍ စာပေအတူတူ သင်ယူလာခဲ့ကြကာ စိတ်သဘောထားချင်း တူညီ၍ ညီအစ်ကိုအရင်းဝမျှ ရင်းနှီးခင်မင်လာသော ဒဠှမိတ္တသဗြဟ္မစာရီသီတင်းသုံးဖော်များ ဖြစ်တော်မူကြသည်။ ဆရာတော်သည် မိမိထက် သိက္ခာ ၂-ဝါကြီး ဆရာတော် ဦးဝါယမအား ဆရာကဲ့သို့ပင် လေးစားတော်မူသည်၊ ထိုဆရာတော် ဦးဝါယမသည် ဓမ္မမေဒနီတိုက်တွင် စာပေပို့ချနေရာမှ မိမိမွေးဖွားရာ ဇာတိဖြစ်သော ကော့ကရိတ်သို့ အပြီးပြန်ကြွနေထိုင်တော်မူပြီး ဆရာတော်ထံ စာရေးအသိပေး၍ နှုတ်ဆက်လိုက်လေသည်၊ ဆရာတော်သည် စာရလျှင်ရချင်း သထုံမြို့သို့ ပြန်ကြွလာပြီး လယ်ဝန်ကျောင်းတိုက်၌ စိတ်တူကိုယ်မျှ အတူတကွ နေထိုင်ရန် ပင့်ဖိတ်တော်မူသည်။ လယ်ဝန်ကျောင်းတိုက်သို့ ရောက်ရှိတော်မူလာသောအခါ သိမ်ကျောင်း၌ ကျောင်းဘုန်းကြီးအဖြစ် တင်မြှောက်၍ မိမိနှင့် တန်းတူ ပြုစုတော်မူကာ သာသနာရေးကိစ္စများကို အတူတကွ လက်တွဲဆောင်ရွက်တော်မူကြသည်။

၁၅၄၈၃

ဆရာတော်နှစ်ပါးလုံးပင် သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီး၏ ပိဋက-ကတ္တယပါဠိဂူဘွဲ့တံဆိပ်တော်ကို ရရှိပြီ ဖြစ်သည့်အလျောက် ထိုအသင်းမှ ကျင်းပသော စာမေးပွဲများကို ကြီးကြပ်ဆောင်ရွက်တော်မူကြသည်။

## ထားဝယ်၌ စာသင်တိုက်တည်ထောင်ရန်

ဆရာတော်သည် သထုံမြို့ လယ်ဝန်ဦးဒုန်းဖေ ကျောင်းတိုက်ကို အောင်မြင်စွာ အုပ်ချုပ်ကြီးကြပ်လျက် ပရိယတ်စာပေ ပို့ချသင်ကြားခြင်းကို ဆောင်ရွက်တော်မူနေစဉ် ဆရာရင်းကဲ့သို့ လေးစားကြည်ညိုလျက်ရှိသော ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်၊ ပြည်လုံးချမ်းသာ ဆရာတော်ကြီး (ဦးအာဒိစ္စ) သည် ဘဝနတ်ထံ ပျံလွန်တော်မူလေရာ ထိုဆရာတော်ကြီး၏ ဈာပနကိစ္စကို ကူညီဆောင်ရွက်ရန် ၁၂၉၉-ခုနှစ်၊ တပေါင်းလဆန်းတွင် ထားဝယ်သို့ ကြွရောက်တော်မူလေသည်။

ဈာပနကိစ္စ ပြီးမြောက် အောင်မြင်သောအခါ အင်းဇောက်ရွာ၊ ဦးမြို့လှိုင် ဦးဘတင် ဦးရွှေဂွန်း ဦးဘိုးငွေ၊ ဦးဘစိန် ကုန်းဇရပ်ရွာ၊ ဦးထွန်းပေါ်+စသော ကျောင်းဒကာများက ဆရာတော်အား ပြည်လုံးချမ်းသာကျောင်း၌ သီတင်းသုံး၍ စာသင်တိုက်ဖွင့်လှစ်ရန် လျှောက်ထားတောင်းပန်ကြသည်၊ ပြည်လုံးချမ်းသာကျောင်းသည် အင်းဇောက် မကျွန်းမော်,ဝပျော,ကုန်းဇရပ်,သဗျာ စသောကျေးရွာကြီးများ ဝန်းရံလျက်ရှိသည့်ပြင် လယ်ယာနှင့် ဥယျာဉ်ခြံမြေတို့ ပြည့်စုံ၍ စေတနာသဒ္ဓါတရားကြွယ်ဝသော လယ်ပိုင်ရှင် ခြံပိုင်ရှင်တို့ များပြားလှပေသည်၊ သို့ဖြစ်၍ စာပေသင်ယူမည့် ရှင်ရဟန်း ၃၀/၄၀-တို့၏ ဆွမ်းကိစ္စမှာ မည်သို့မျှ ခဲယဉ်းမည်မဟုတ်ပေ၊ ဤအခြေအနေကို နေ့တော်နှင့် လျှောက်ထားကြသူ ကျောင်းဒကာများ စိတ်ချယုံကြည်ကြပြီးဖြစ်သည်၊ သို့ရာတွင် မြို့နှင့် အလှမ်းကွာသောနေရာ၌ စာသင်တိုက်တည်ထောင်ရေးမှာ နေရာထိုင်ခင်းနှင့် ဆွမ်းကွမ်းကိစ္စ ပြည့်စုံရုံမျှနှင့် မလုံလောက်ပေ၊ စာပေသင်ယူမည့် ရှင်ရဟန်းတို့ သွားလာလွယ်ကူမှုနှင့် လာရောက်နေထိုင်မှုရှိရန်လည်း လိုအပ်ပေသည်၊ ဆရာတော်သည် လျှောက်လာသည့် ဒကာများအား ဤအကြောင်းအရာများကို ရှင်းပြသဖြင့် ဒကာများက ထားဝယ်မြို့ပေါ်၌ စာသင်တိုက်တည်ထောင်ရန် လက်ခံပါမည့်အကြောင်း လျှောက်ထားသည့်အတွက် သင့်လျော်သည့် သီးခြားနေရာရလျှင် လက်ခံမည်ဖြစ်ကြောင်း ကတိပြုမိန့်ကြားတော်မူသည်၊ ဆရာတော်ကိုယ်တိုင်က ထားဝယ်သားဇာတိဖြစ်သည့် အလျောက် မိမိမြို့၌စာသင်တိုက် တတိုက် ထွန်းပေါက် အောင်မြင်မှုကို များစွာလိုလားတော်မူသည့်ပြင် ကျေးဇူးရှင်ဓမ္မမေဒနီ ဆရာတော်ကြီးကလည်း ထားဝယ်မြို့တွင် စာသင်တိုက်တည်ထောင်ရန် ဆရာတော်အား ငယ်ရွယ်စဉ်ကပင် မကြာခဏလှုံ့ဆော်တိုက်တွန်းတော်မူခဲ့ပေသည်။

ဆရာတော်က အထက်ပါအတိုင်း သီးခြားနေရာရလျှင် စာသင်တိုက်တည်ထောင်ရန်လက်ခံမည်ဖြစ်ကြောင်း ကတိပြုမိန့်ကြားတော်မူသောအခါ ပရိယတ်သာသနာ ပြန့်ပွားစည်ပင်ရေးကို များစွာ လိုလားတောင့်တလျက်ရှိကြသော ဒကာတစုနှင့် ဘုန်းတော်ကြီးများသည် ဆရာတော်အား ထားဝယ်မြို့ပေါ်သို့ ပင့်ဆောင်လျက် မြို့ပတ်ဝန်းကျင်တဝိုက်တွင် စာသင်တိုက်တည်ထောင်သင့်သည့် နေရာများကို တခုပြီးတခု လိုက်လံပြသကြလေသည်၊ ထိုအခါ လက်ရှိ ဃောသိတာရာမ ပါဠိဘာသာ့ကျောင်းတိုက် ဖြစ်ထွန်းလာမည့် လယ်ခင်းကိုတွေ့မြင်ရ၍ ထိုနေရာသည် အရှေ့ဘက်တွင် မတ္တရာကျောင်း၊ မြောက်ဘက်တွင် အစိုးရလမ်းမကြီးလျက် မြေတိုက်ကျောင်းနှင့် အနောက်ဘက်တွင် ဒီဆုံကျောင်းများဝန်းရံလျက် ရှိသည့်ပြင် မြို့နှင့်လည်း မနီးလွန်း မဝေးလွန်းလှသဖြင့် စာသင်တိုက်တည်ထောင်ရန် သင့်လျော်ကြောင်း ဆရာတော်က အမိန့်ရှိတော်မူသည်။

ဤမိန့်ကြားချက်အရ ကျောင်းဒကာတစုသည် သက်ဆိုင်သူ လယ်ပိုင်ရှင်ထံ သွားရောက်၍ စာသင်တိုက်တည်ထောင်ရေးအတွက် ယင်းလယ မြေနေရာကို ရောင်းချကူညီပါရန် မေတ္တာရပ်ခံ ကမ်းလှမ်းကြလေသည်၊ လယ်ပိုင်ရှင်သည်လည်း ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစား၍ ဘာသာတရားကို ယုံကြည်ကိုင်းရှိုင်းသူ ဖြစ်သည့်အလျောက် ထိုလယ်မြေကို အသာတကြည်ဖြင့်ပင် ရောင်းချကူညီလိုက်ပေသည်၊ စာသင်တိုက်တည်ထောင်ရန် နေရာရလျှင်ပင် ထိုဒကာတို့သည် သမြေရှောင်တိုက်ကျောင်း ဆရာတော်ကြီး ဦးပညာ၊အင်းဇောက်အနောက်ကျောင်းသစ် ဆရာတော်ကြီး ဦးနန္ဒမာလာနှင့် ပြည်လုံးချမ်းသာကျောင်းဆရာတော် ဦးဉာဏတို့အား အကြောင်းစုံကို လျှောက်ထားကြရာ ထိုဆရာတော်များသည် ဝမ်းမြောက်အားတက်စွာဖြင့် ဆရာတော်နှင့် စာသင်သားများ နေထိုင်ရေးအတွက် ကျောင်းအဆောက်အဦဆောက်လုပ်ရေးကို ညှိနှိုင်းဆွေးနွေးစီစဉ်တော် မူကြသည်။

ဆရာတော်သည် သထုံမြို့သို့ ပြန်ရောက်သောအခါ ဓမ္မမေဒနီ ဆရာတော်ကြီးအား ထားဝယ်၌ စာသင်တိုက်တည်ထောင်ရန် ကတိပြု လက်ခံခဲ့ပုံကို လျှောက်ထား၍၊ ထားဝယ်သို့ ပြောင်းရွှေ့သောအခါ ဆရာတော် ဦးဝါယမအား လယ်ဝန် ဦးအုန်းဖေ ကျောင်းတိုက်ကို လွှဲအပ် ပေးခဲ့မည့်အကြောင်းကို လျှောက်ကြားတော်မူသည်။ဆရာတော်ကလည်း သင့်မြတ်လှကြောင်း ပြန်ကြားအမိန့်ရှိတော်မူသည်။

သို့ရာတွင် မမျှော်လင့်သော အခြေအနေတခုက ပေါ်ပေါက်လာပြန်သည်၊ မော်လမြိုင်မြို့ ဖိုင်းဝန်ကွင်း- အရှေ့ဂန္ဓဂေါ်ကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူသော ဆရာတော် ဦးဣန္ဒက ပျံလွန်တော်မူသဖြင့် သက်ဆိုင်သူ ကျောင်းဒကာ ကျောင်းအမများက ဓမ္မမေဒနီ ဆရာတော်ကြီးထံ ချဉ်းကပ်ပြီး အရှေ့ဂန္ဓဂေါ်ကျောင်းကို ပရိယတ္တိ စာသင်တိုက်အဖြစ်

ဖွင့်လှစ်တည်ထောင်လိုကြောင်းနှင့် စာပေပရိယတ် ကျွမ်းကျင်၍ စာသင်သားများကို အုပ်ချုပ်ဦးဆောင်နိုင်မည့် ဆရာတော်တပါး ညွှန်ပြပေးတော်မူပါရန် လျှောက်ထားလာကြသည်။

ဓမ္မဓေဒနီဆရာတော်ကြီးသည် ထိုအခါတွင် ဆရာတော်လျှောက်ထားခဲ့သည်ကို ရုတ်တရက်သတိမရပဲ အရှေ့ဂန္ဓာရုံကျောင်း၌ စာသင်တိုက်ထူထောင်ရန် ဆရာတော်ဦးဝါယမကို ပေးအပ်မည်ဖြစ်ကြောင်း ကတိပြု မိန့်ကြားတော်မူလိုက်လေသည်၊ ဆရာတော်သည် ဤအကြောင်းကို ကြားသိရ၍ ဓမ္မဓေဒနီဆရာတော်ကြီးအား ဆရာတော် ဦးဝါယမကို လယ်ဝန်ကျောင်းတိုက်၌ ဆရာတော်အဖြစ်ဖြင့် လွှဲအပ်တင်မြှောက်ရန် ကြိုတင်လျှောက်ထားခဲ့ပြီးဖြစ်၍ အခြားသင့်တော်သည့် စာချဆရာတော် တပါးပါးကို အရှေ့ဂန္ဓာရုံကျောင်းသို့ စေလွှတ်ပေးတော်မူရန် တောင်းပန်လျှောက်ထားတော်မူသည်၊ ဓမ္မဓေဒနီဆရာတော်ကြီးကလည်း အရှေ့ဂန္ဓာရုံကျောင်းဒကာ ကျောင်းအမများအား ကတိပေးပြောကြားလိုက်ပြီဖြစ်၍ ဆရာတော် ဦးဝါယမကို မော်လမြိုင်သို့ စေလွှတ်ရမည်သာဖြစ်ကြောင်းနှင့်၊ လယ်ဝန်ကျောင်းတိုက်ကိုမူ မန္တလေး၌ နေထိုင်စာသင်နေကြသော ဦးဝါယမနှင့် ဦးအဂ္ဂဝံသတို့အား ခေါ်ယူလွှဲအပ်ရန်ကိုပါ ထပ်ဆင့်ညွှန်ကြားတော်မူသဖြင့် ဆရာတော်မှာ မည်သို့မျှ မတတ်သာပဲ ဆရာတော်ကြီး မိန့်ကြားသည့်အတိုင်းသာ စီစဉ်ရန် ဆုံးဖြတ်တော် မူရပေသည်။

ဦးဝါယမသည် ဆရာတော်၏ တစ်ဝမ်းကွဲညီတော်ဖြစ်၍ အစိုးရပထမကြီးတန်း၊ အမျိုးသား ပထမကြီးတန်းနှင့် ရန်ကုန်မြို့ စေတိယင်္ဂဏ ပရိယတ္တိ စာသင်တန်းတို့ကို အောင်မြင်ပြီး သည့်အပြင် မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ကြီး ထံ၌နေထိုင်ကာ အထက်တန်း ကျမ်းစာများကို သင်ကြားဆည်းပူးလျက် ရှိနေပေသည်၊ သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲ အစ -၄-ဆင့် ၄ တန်းကို အောင်မြင်ပြီးဖြစ်၍ ဒုတိယစာချ သာသနဇောတိပါလ ဘွဲ့တံဆိပ် ရရှိပြီးဖြစ်ပေသည်။

ဦးအဂ္ဂဝံသသည် ဆရာတော်၏ ညီအရင်းဖြစ်၍ အစိုးရ ပထမကြီးတန်း၊ ဝံသာနုအမျိုးသား ပထမကျော်တန်း၊ သကျသီဟ စာသင်တန်းနှင့် စာချတန်း အဋ္ဌကထာ နှစ်ကျမ်းကို အောင်မြင်ပြီး မန္တလေး၌ ဆက်လက်နေထိုင်ကာ ကျန်ရှိနေသေးသော အဋ္ဌသာလိနီ အဋ္ဌကထာ ကျမ်းကို ဖြေဆိုအောင်မြင်ရန် လေ့လာလျက် အခြားသော ကျမ်းစာများကိုပါ ဆည်းပူးနေပေသည်။

ဆရာတော်သည် လယ်ဝန် ဦးအုန်းဖေ ကျောင်းတိုက်ကို တာဝန်ယူ ဦးဆောင်မည့် ဆရာတော် ရရှိရေးအတွက် မန္တလေးမြို့ရှိ အထက်ပါညီ ၂-ပါးကို အကြိမ်ကြိမ် စာရေး အသိပေးလျက် ညှိနှိုင်းတော်မူသည်၊ ပရိယတ်နယ်ပယ်တွင် အခြေခံနှင့်တကွ အထက်တန်း

ကျမ်းစာများကို ဆည်းပူးလေ့လာပြီးဖြစ်သဖြင့် သာသနာရေး ကိစ္စများကို ဦးစီးဆောင်
ရွက်ရန် လှုံ့ဆော်ရပေသည်၊ ဆရာတော်၏ ဆွဲဆောင်ချက်အရ ဦးဝါယမသည် မန္တလေးမှ
သထုံသို့ အမြန်ရောက်လာသော်လည်း ဦးအဂ္ဂဝံသသည် စာပေသင်ကြားလိုစိတ်သာ ထက်သန်
နေဆဲဖြစ်၍ ဆက်လက်စာသင်ခွင့် ရရန်သာ ပြန်ကြားလျှောက်ထားနေသဖြင့် မန္တလေးမြို့ရှိ
အနီးကပ် ကြီးကြပ်နေသော ဆရာတော်များထံ တိုက်တွန်းစေလွှတ်ပေးရန် အကူအညီ
တောင်းခံရလေသည်။ မငြင်းသာ မရှောင်ဖယ်နိုင်တော့သောအချိန်မှ ဦးအဂ္ဂဝံသက လက်ခံ
သဖြင့် ဆရာတော်သည် လယ်ဝန်တိုက်အတွက် စိတ်အေးသက်သာရာရနှုံကာ ထားဝယ်မြို့တွင်
စာသင်တိုက်သစ် ဖွင့်နိုင်ရေးကို စဉ်းစားစီစဉ်နိုင်ပေတော့သည်။

ထိုနှစ် (၁၃၁၀-ပြည့်နှစ်) ဝါဆိုလဆန်းတွင် ဆရာတော်ဦးဝါယမသည် ဆရာတော်နှင့်
အတူ လယ်ဝန်ကျောင်းတိုက်တွင် အေးအတူ ပူအမျှ သမာနသုခဒုက္ခ သဟာယအစစ်
ကလျာဏမိတ္တသဗြဟ္မစာရီအဖြစ်ဖြင့် စိတ်သဘောထားချင်း တူညီစွာ ပရိယတ္တိသာသနာ
ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲဆောင်ရွက်နေရာမှ ဓမ္မမေဒနီဆရာတော်ကြီး၏ စီမံညွှန်ကြား
တော်မူချက်အရ နောက်ပါသံဃာ (၁၇)ပါးနှင့်အတူ လယ်ဝန်ကျောင်းတိုက်၏ စာသင်
တိုက်ခွဲတခု အနေဖြင့် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း အရှေ့ဂန္ဓာရုံ ကျောင်းသို့ စာသင်တိုက်
သီးခြားထူထောင်ရန် ထွက်ခွာတော်မူသည်။ ဆရာတော်နှင့် ဓမ္မမေဒနီဆရာတော်ကြီးတို့
လည်း လိုက်ပါပို့ဆောင်တော်မူကြပေသည်။

ထိုနှစ် ဝါကျွတ်သောအခါ ဆရာတော်သည် ကျောင်းဒကာဖြစ်သူ လယ်ဝန်ကြီးအား
ထားဝယ်၌ စာသင်တိုက်သစ် တည်ထောင်မည့်အကြောင်းနှင့် လယ်ဝန်ကျောင်းတိုက်ကို
အားထားစိတ်ချရသော ညီဖြစ်သူအား လွှဲအပ်ပေးခဲ့မည့်အကြောင်းကို မိန့်ကြားတော်မူသည်၊
၁၂၃၉-ခုနှစ်တွင် လယ်ဝန်ကျောင်းတိုက်ကို စတင်တည်ထောင်သည်မှစ၍ တနေ့တခြား
တိုးတက်အောင်မြင်လာအောင် ဦးဆောင်ကြိုးပမ်းတော်မူသော ဆရာတော်က ဤ
ကျောင်းတိုက်မှ ပြောင်းရွှေ့တော့မည်ဟု ပြောကြားသောအခါ ကျောင်းတိုက်ဒကာကြီး
အဖို့ ယူကျုံးမရ နှမြောဝမ်းနည်း၍မဆုံး ရှိရပေသည်၊ ဆရာတော်က လယ်ဝန်ကျောင်းတိုက်
သည် ခိုင်မာတည်တံ့စွာ အရှိန်ရနေပြီဖြစ်သည့်အပြင် ဆက်လက်ဦးဆောင်မည့် ဆရာတော်
လောင်းလျာမှာလည်း ပရိယတ်စာပေ ကျွမ်းကျင်ပေါက်ရောက်သူဖြစ်၍ စိုးရိမ်ပူပန်ဖွယ်မရှိကော
ရန်မရှိကြောင်း ဖျောင်းဖျကျေနပ်စေရပေသည်။

ဆရာတော်က လယ်ဝန်ကျောင်းတိုက်အတွက် စိတ်ချယုံကြည်စွာ လွှဲအပ်နိုင်ရေးကို
ယင်းကဲ့သို့ ကြိုတင်စီစဉ်နေစဉ်တွင် သာသနာတော်၏ ဥယျာဉ်မှူးကြီးများသဖွယ် ဖြစ်တော်
မူကြသော ထားဝယ်ရိုင် လောင်းလုံးမြို့နယ် သပြေရှောင်တိုက်ကျောင်း ဆရာတော်ကြီး

(ဦးပညာ) အင်းဇောက် အနောက်ကျောင်းသစ်ဆရာတော် (ဦးနန္ဒမာလာ)၊ ပြည်လုံးချမ်းသာ ဆရာတော် (ဦးဉာဏ)နှင့် ကုန်းဇရပ်ရွာ ဦးထွန်းပေါ်၊ အင်းဇောက်ရွာ ဦးမှိုင်း၊ ဦးဘဟင်၊ ဦးရွှေဂွန်း၊ ဦးဘိုးငွေ၊ ဦးဘစိန်၊ သပြေရှောင်ရွာ ဦးအောင်ဖိုး၊ ထားဝယ်မြို့ စာရေးကြီးဦးစိန်၊ ဦးကြူးခင်၊ ဦးစောဖေ စသည့် ဆရာဒကာတို့သည် ၁၃၀၀-ပြည့်နှစ် ဆောင်းရာသီဦးတွင် ဝယ်ယူထားပြီးသော လယ်မြေကို စာသင်တိုက်အဖြစ် ပြောင်းလဲအကောင်အထည် ဖော်နိုင်ရန် ကြိုးပမ်းလှုပ်ရှား ဆောင်ရွက်တော်မူကြလေသည်၊ သပြေရှောင်ဆရာတော်ကြီးသည် လယ်မြေအတွင်း ယာယီတဲကုပ် ဆောက်လုပ်သီတင်းသုံးကာ ကျောင်းဆောင်နေရာကို ပြင်ဆင်နေစဉ် ပြည်လုံးချမ်းသာကျောင်း ဆရာတော် (ဦးဉာဏ)သည် သစ်ခုတ်သမား လွှသမားများအား ကျောင်းဆောက်လုပ်ရန် သစ်သားများ ကျောင်းတိုင်များနှင့် ဝါးများကို စုဆောင်းစေတော်မူသည်။

ယင်းသို့ ဦးစီးခေါင်းဆောင်၍ ကျောင်းအဆောက်အဦများ အတော်အသင့် အကောင်အထည်ပေါ်လာသောအခါ စာသင်တိုက်တည်ထောင်ရေး ဦးစီးမှူးများ ဖြစ်တော်မူကြသည့် သပြေရှောင်တိုက်ကျောင်း ဆရာတော်နှင့် ပြည်လုံးချမ်းသာကျောင်း ဆရာတော် ဦးဉာဏတို့သည် သထုံမြို့ လယ်ဝန်ကျောင်းတိုက်သို့ ကြွရောက်ကြကာ စာသင်တိုက် တည်ဆောက်ပြီးစီးသမျှ အခြေအနေကို ပြောကြား၍ ထားဝယ်သို့ ပြောင်းရွှေ့မည့်နေ့ရက်နှင့် စာသင်တိုက် စတင်ဖွင့်လှစ်မည့် အချိန်များကို ညှိနှိုင်းစီစဉ်တော်မူကြသည်။

၁၃၀၀-ပြည့်နှစ် တပေါင်းလဆန်းလောက်တွင် မန္တလေးမှ သထုံသို့ ရွှေ့ပြောင်းလာကြပြီးဖြစ်သော ဆရာတော် ဦးဝါယမနှင့် ဆရာတော် ဦးအဂ္ဂဝံသတို့သည် ကျောင်းတိုက်တာဝန်နှင့် လုပ်ငန်းများကို လေ့လာတော်မူကြသည်၊ စင်စစ်အားဖြင့်သော် ထိုအရှင်နှစ်ပါးသည် ငယ်ရွယ်စဉ်ကပင် ဓမ္မမေဒနီတိုက်တွင် သာမဏေအဖြစ်ဖြင့် နေထိုင်၍ ပရိယတ်စာပေအခြေခံကို သင်ယူခဲ့ကြသည့်အလျောက် ကျောင်းတိုက်စည်းကမ်းနှင့် လုပ်ငန်းများကို ကိုယ်တွေ့လိုက်နာတော်မူခဲ့ကြပြီး ဖြစ်သည့်ပြင် မန္တလေးစသည့် မြို့ကြီးများ၌လည်း အထက်တန်းစာပေကို အဆက်မပြတ် လေ့လာဆည်းပူးနေကြသူများဖြစ်ရာ စာသင်တိုက်တာဝန်ကို ဦးဆောင်အုပ်ချုပ်နိုင်သော စွမ်းရည်နှင့်ပြည့်စုံကြပြီး ဖြစ်ပေသည်။

## သောင်ထွန်း၍ ကျွန်းပေါ်ပါစေ

၁၃၀၁ ခုနှစ်၊ ကဆုန်လဆန်းတွင် ဆရာတော်သည် ညီတော်ရင်းဖြစ်သူ ဦးအဂ္ဂဝံသကို လယ်ဝန်ကျောင်းတိုက်၏ ဦးစီးနာယက ဆရာတော်အဖြစ်ဖြင့် လည်းကောင်း ဦးဝါယမကို တိုက်အုပ် ဆရာတော်အဖြစ် မိမိနှင့်အတူ ထားဝယ်သို့ လိုက်ပါရန်လည်းကောင်း ခွဲခြား

စီစဉ်တော်မူသည်၊ ယင်းသို့စီစဉ်လျက် ထားဝယ်သို့လိုက်ပါမည့် ဇာချဆရာတော်များနှင့် စာသင် ရှင်ရဟန်းများကို စုဆောင်းကာ၊ ထားဝယ်မြို့မှ ဒကာကြီးဦးစိန်သည် ဆရာတော်နှင့် သံဃာတော်များကို ပင့်ဆောင်ရန် အကြိုရောက်လာသဖြင့်၊ ၁၃၀၁-ခုနှစ် ကဆုန်လ ဆန်း (၇)ရက်နေ့ နံနက် စောစောတွင် ဆရာတော်သည် နောက်ပါသံဃာ ၂၀-ခန့်နှင့် အတူ လယ်ဝန်ကျောင်းတိုက်မှ သထုံမီးရထားဘူတာကြီးသို့ ထွက်ခွာတော် မူလေသည်။

ဘူတာ ရုံပိုင်ကြီးသည် ဆရာတော်အား ရင်းနှီးကြည်ညိုသူ ဖြစ်သည့်ပြင် ထားဝယ်၌ ပရိယတ္တိ သာသနာတော် ပြန့်ပွားစည်ပင်ရေးအတွက် ပြောင်းရွှေ့ထွက်ခွာမည်ကို သိထားပြီးဖြစ်၍ ဆရာတော်နှင့် တပည့်နောက်ပါသံဃာတော်များ ပစ္စည်းအသုံးအဆောင် များနှင့် အတူ သက်တောင့်သက်သာ ခရီးထွက်ကြွနိုင်ရေးအတွက် မီးရထား တွဲ ၁-တွဲ သီးခြား စီစဉ်ပေးပေသည်၊ သထုံမြို့ မြသပိတ်ဆရာတော်၊ ဓမ္မဓေဒနီဆရာတော်၊ ဓမ္မဓေဒနီ တိုက်အုပ် ဆရာတော်နှင့် မော်လမြိုင် အရှေ့ဂန့်ဂေါ်ကျောင်းတိုက် ဆရာတော်တို့လည်း ထားဝယ်သို့ အရောက် လိုက်ပါပို့ဆောင်တော်မူကြသည်။

မီးရထားဘူတာသို့ လိုက်ပါပို့ဆောင်ကြသူ တပည့်ရဟန်းတော်များနှင့် ဒကာ ဒကာမ များအနက် ၁၇-နှစ်အရွယ် သာမဏေဘဝမှစ၍ ယနေ့တိုင်အောင် ပစ္စယာ နုဂ္ဂဟဖြင့် ချီးမြှင့်ကိုးကွယ်လာသော ရဟန်းအမ ဒေါ်စောရင်လည်း ပါဝင်ပေသည်၊ ရဟန်းအမကြီးသည် ငယ်ရွယ်စဉ်မှ စ၍ ဗုဒ္ဓသာသနာတော်ကို လေးစားကြည်ညိုလာသူဖြစ်၍ တရားဒေသနာများကို အကြိမ်ကြိမ် နာယူမှတ်သား လာခဲ့ပြီး ဖြစ်သည်၊ အသက်အရွယ် ကြီးရင့်လာသည့် အလျောက် သထုံမြို့ တောင်ခြေရှိ မိမိပိုင် ဥယျာဉ်ခြံမြေ၌ တိတ်ဆိတ်စွာ နေထိုင်၍ တရား ဓမ္မပွားများနေသူလည်း ဖြစ်သည်၊သားတော်ကြီးကဲ့သို့ ရင်းနှီးကြည်ညိုခဲ့ရသော ဆရာတော် ထံသို့လည်း နှစ်ရက်တကြိမ် သုံးရက်တကြိမ် လာရောက်ကာ ဆရာတော်၏ ကျန်းမာရေး ကို ဂရုစိုက်ကြည့်ရှု ပြုစုလာသူလည်းဖြစ်သည်။

စင်စစ်သော် ရဟန်းအမကြီးသည် ဗုဒ္ဓရှင်တော်လက်ထက်တွင် ကမ္မဋ္ဌာန်းတရား အားထုတ်ရန် လာရောက်သီတင်းသုံးနေထိုင်ကြသော ရဟန်းတော်များအား ကျွေးမွေးပြုစုသည့် မာတိကာရှသူ အမျိုးသမီးကြီးနှင့် တူလှပေသည်၊ ဆရာတော်သည် ၁၅-နှစ်အရွယ်မှစ၍ ပရိယတ္တိစာပေကို မနေမနား အားထုတ်ဆည်းပူးလာခဲ့သော ပင်ပန်းမှုကြောင့် ကျန်းမာရေး အနည်းငယ် ချို့တဲ့နေပေရာ ရဟန်းအမကြီးသည် ကျောင်းတိုက်ကို ဦးစီးအုပ်ချုပ်နေရသော ဆရာတော်၏ ကျန်းမာရေးကို အထူးဂရုစိုက်လျက်ရှိနေခဲ့သည်။

ယင်းသို့ သာသနာရေး ဘာသာရေးနှင့် မိမိ၏ ဆရာရဟန်း ကျန်းမာရေးကို နှစ်ပေါင်း များစွာ ဂရုစိုက်လာခဲ့သော ရဟန်းအမကြီးသည် ဆရာတော် ထားဝယ်သို့ ပြောင်းကြွခါနီးဆဲဆဲတွင် ပုထုဇဉ်တို့၏ သဘာဝ ဝမ်းနည်း ကြေကွဲရမှုကို မမျိုမသိပ်နိုင်ပဲ ရှိရရှာသည်၊ ရှင်လည်း မကွေ သေလည်းမကွာ မနေသာသော သခ်ါရသဘောကို မနောဘဝင် ဇောအစဉ်ဖြင့် ဆင်ခြင်ပွားများနေပေလင့်ကစား မိမိ၏ အင်ကိုရင်း ကျောင်းတိုက်ကို ဦးစီး၍ ၅နှစ်တာမျှ အောင်မြင်စွာ အုပ်ချုပ် ဖော်ဆောင်လာခဲ့သည့် မိမိ၏ ရဟန်းဆရာတော်နှင့် ဝေးကွာရတော့မည်ကို တွေးတောယင်း မျက်ရည်တသိမ့်သိမ့် ယိုစိမ့်ကျဆင်းနေရှာသည်၊ သာသနာပြုရေးအတွက် ဆရာတော်နှင့် တပည့်များကို သယ်ဆောင်မည့် ရထားကြီးသည် ဘူတာရုံမှ ထွက်ခါနီးလေလေ သော ရင်အပူမီးကို ငြိမ်းသတ်ရလေလေဖြစ်သည်၊ ဘူတာရုံမှ ထွက်ခွာရန် ဥသြသံပေးလာသောအခါတွင်မှ တွေ့ကြုံဆုံကွဲ ပြောင်းလဲတတ်သည့်သဘောကို အနိုင်နိုင် နှလုံးသွင်းဖြေဆည်ကာ ရထားတွဲအန်းတွင် ထိုင်လျက် ဆယ်ဖြာလက်စုံဖြင့် ရှိခိုးကန်တော့လျက် သောင်ထွန်း၍ကျွန်းပေါ်ပါစေဘုရားဟု လျှောက်ထားလိုက်ပေသည်။

မြစ်အတွင်း၌ သောင်ငယ်တခုခု ထွန်းလာခါစတွင် ထိုသောင်ငယ်၏ အနီး၌ရှိနှင့် နေသော ကျွန်းသည် ထီးထီးမားမား ထင်ရှားစွာ ရှိနေတတ်သည်၊ သို့ရာတွင် သောင်ငယ်သည် တနေ့တခြား ကြီးထွား ပေါ်လွင်လာသောအခါတွင်မူ ထိုရှိယင်းစွဲ ကျွန်းသည် ယင်းသောင်နှင့် မကွဲမပြား တသားတည်းကဲ့သို့ ရှိလာပြီး သောင်က ကြီးထွားလာလေလေ ကျွန်းကတိမ်ကောလာလေလေကဲ့သို့ ဖြစ်လာတတ်သည်၊ အဆုံး၌သော် နောက်မှပေါ်ထွန်းလာသော သောင်က ယခင်ရှိနှင့်နေသော ကျွန်းကို လွှမ်းမိုးသွားနိုင်ပေသည်။ အလားတူပင် ဗုဒ္ဓရှင်တော်မြတ်၏ ပရိယတ် သာသနာ နယ်ပယ်တွင် ၁၂၉၆-ခုနှစ်မှ စ၍ ပေါ်ထွန်းလာခဲ့သော လယ်ဝန် ဦးအုန်းဖေကျောင်းတိုက်သည် တနေ့တခြား ထင်ရှား အောင်မြင်လာခဲ့သည် ယင်းမှာလည်း ဤကျောင်းတိုက်ကို ရှေ့ဆောင်သော ဆရာတော်၏ ဦးဆောင်ကျွမ်းကျင်မှု ဇွဲ လုံ့လနှင့် စေတနာခိုင်မာ ထက်သန်မှုကြောင့် ဖြစ်သည်၊ယခု ထိုဆရာတော်သည် ထားဝယ်မြို့သို့ ကြွရောက်၍ ပရိယတ္တိစာသင်တိုက်သစ်ကို တည်ထောင်ရာတွင်လည်း အောင်မြင်ထမြောက်မည်မှာ ယုံမှားဖွယ်မရှိဖြစ်လေရာ ထိုစာသင်တိုက် အောင်မြင်ထင်ရှားသည်နှင့်အမျှ လယ်ဝန် ဦးအုန်းဖေကျောင်းတိုက်သည် တိမ်ကောသွားတော့မည်လားဟု ရဟန်းအမကြီးက ဆင်ခြင်တွေးတော ပူပန်မိဟန်ရှိပေသည်၊ သို့ကြောင့်လည်း ထားဝယ်ပရိယတ္တိစာသင်တိုက်သစ်ဟူသော သောင်လည်းထွန်းပါစေ၊ လယ်ဝန် ဦးအုန်းဖေ ကျောင်း

တိုက်ဟူသော ထင်ရှားရှိနှင့်ပြီး ကျွန်းလည်း ပေါ်မြဲပေါ်နေပါစေဟု ဆုတောင်းလိုက်ခြင်း ဖြစ်ပေရာသည်။

ကဆုန်လဆန်း (၈)ရက်နေ့ နံနက်စောစောတွင် သထုံဘုတာရုံကြီးမှ ထွက်ခွာလာကြသော ဆရာတော်နှင့် နောက်လိုက်သံဃာတော်များသည် မုတ္တမ-ဘူတာမှတဆင့် မော်လမြိုင်သို့ ကူးလျက် မုပွန်ဘူတာမှ တဖန် ခရီးဆက်ခဲ့ကြပြီးနောက် ရေးမြို့သို့ ရောက်ရှိကြလေသည်၊ ဆရာတော်များနှင့် သံဃာတော်များကို ကြိုဆိုပင့်ဆောင်ရန် ထားဝယ်မှ ရေးမြို့သို့ အဆင်သင့်ရောက်ရှိနေသော ဒကာကြီး ဦးစောဖေသည် ဆရာတော်များကို မှန်လုံကားဖြင့်လည်းကောင်း၊ သံဃာတော်များကို ဘတ်စ်ကားများဖြင့်လည်းကောင်း တင်ဆောင်လျက် ရေးမြို့မှ ထွက်ခွာလာခဲ့ကြရာ ထိုနေ့ည ၁၂ နာရီကျော်တွင် ထားဝယ်မြို့သို့ ချောမောစွာ ရောက်ရှိလာကြပေသည်။

စာသင်တိုက်သစ် ဖြစ်မြောက်ရေးကို ဦးစီးဆောင်ရွက်တော်မူကြသော သပြေရှောင်တိုက်ကျောင်းဆရာတော်အမှူးရှိသော ဆရာတော်ကြီးများနှင့် ဒကာဒကာမတို့သည် ကြိုတင်စောင့်မျှော်နေသည့်အတိုင်း ရောက်ရှိလာကြသော သာသနာ့ရှေ့ဆောင် ဆရာတော်နှင့် တည့်သံဃာတို့အား ရွှင်လန်းတက်ကြွ အားရဝမ်းသာ စေတနာဖြိုး သဒ္ဓါမိုးစွေ ပီတိဝေလျက် နေ့ရက်ရှည်ကြာ ဝေးကွာနေခဲ့ရာမှ မွေးဘရပ်ထံပြန်လာသော သားငယ်ကို ကြိုဆိုကြသည့် မိဘဆွေမျိုးများကဲ့သို့ ဘုရားရှင်မြတ် လောကနတ်၏ ပရိယတ်သာသနာ ထွန်းလင်းလာ၍ ဝေဖြာပြန့်ပွား စည်ကားလာမည့်အရေးကို မျှော်တွေးနှစ်ခြိုက် နှလုံးပိုက်၍ လှိုက်လှဲအားရ ကြိုဆိုနေကြပေသည်။

**"စာသင်တိုက်သစ် ဖွင့်လှစ်တည်ထောင်ခြင်း"**

စာသင်တိုက်သစ် ဖွင့်လှစ်တည်ထောင်ရေးကို ဦးဆောင်ကြိုးပမ်းကြသည့် သပြေရှောင်တိုက်ကျောင်း ဆရာတော်အမှူးရှိသော ဆရာတော်များနှင့် ဒါယကာ-ဒါယိကာမတို့သည် ၁၃၀၁-ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက် နံနက်တွင် သထုံ၊ မော်လမြိုင်တို့မှ ကြွရောက်ချီးမြှင့်တော်မူကြသော ဆရာတော်ကြီးများနှင့်အတူ ထားဝယ်မြို့ပေါ်ရှိ ထင်ရှားသောဆရာတော်ကြီးများကို ပင့်ဖိတ်၍ မှန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးဆက်ကပ်ပြီးလျှင် ဆရာတော်အား အာရာမ်နှင့်တကွသော ကျောင်းဆောင်များကို လှူဒါန်းလျက် **"သောသိတာရာမစာသင်တိုက်"** ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ကြေငြာလေသည်။ ထိုအခါချိန်တွင် **ဆရာတော်**သည် သိက္ခာတော်(၁၂)ဝါမျှသာ ရှိပေသေးသည်။

**ယင်းသို့ဖွင့်လှစ်တည်ထောင်လာသော ဃောသိတာရာမစာသင်တိုက်သည်** ယခုနှစ်အထိ (၄၃)နှစ်အတွင်းသို့ ရောက်ရှိနေပေပြီ။ ယနေ့တွင် ဤစာသင်တိုက်ကြီးသည် ဖူးမြင်လာသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးအေးငြိမ်းစေနိုင်သော မှန်စီရွှေချ သာသနာ့သောဘိဏီသိမ်တော်ကြီး ပင့်တယ်သပ်ယပ်သော မဟာဝိဇယရံသီ သုံးထပ်တိုက်ကျောင်းကြီး၊ ကြီးမား ကျယ်ဝန်းလှသော နှစ်ထပ်သာသနာ့ဗိမာန် ဓမ္မာရုံကြီးနှင့်တကွ စာချစာသင် ရဟန်းရှင်တို့ နေထိုင်သီတင်းသုံးရာ ကျောင်းဆောင် များစွာဖြင့် ဝန်းရံလျက် ခန့်ညားထည်ဝါစွာ ရှိနေပြီ ဖြစ်ရာ ဖွင့်လှစ်ခါစ အခြေအနေနှင့် နှိုင်းယှဉ်ပါလျှင် အံ့မခန်းနိုင်လောက်အောင် ကွာခြား တိုးတက်နေပြီဖြစ်သည်ကို ပြန်ပြောင်းနှိုင်းယှဉ်တွေးထင်နိုင်ပေသည်။

ပရိယတ္တိစာသင်တိုက် မတည်ထောင်မီ ဤနေရာသည် လယ်ကွင်းမျှသာဖြစ်၍ ဒူးလောက် မြင့်မားသော ကန်သင်းရိုးများဖြင့် ကာရံပိတ်ဆီးထားသော လယ်ကွင်းလယ်ကွက်ကြီး များသာ ဖြစ်ပေသည်။ ထိုလယ်ကွင်းအရှေ့ပိုင်း၌သော် အသုံးမပြုတော့ပြီဖြစ်သော ခဲရည် ကျို သည့်ခဲရုံဟောင်းကြီးတသုံးရှိပေသည်။ထိုလယ်ခင်းကို စာသင်တိုက်အဖြစ်သို့ ပြောင်းလဲ ခါစ၌ အလယ်တွင် အလျားပေ(၈၀)၊ အနံပေ(၃၀)မျှ ကျယ်ဝန်းသော ဝိဇယရံသီကျောင်း ကြီးတဆောင်နှင့် အလျားပေ(၆၀)၊ အနံပေ (၃၀) မျှ ကျယ်ဝန်းသော ဝါးကျောင်း တဆောင်သာ ရှိပေသည်။ မီးဖိုဆောင်ကိုမူ ဝိဇယရံသီကျောင်းမကြီးနှင့် စကြံ့သွယ်ကာ ဆောက်လုပ်ထားပေသည်။

ဝိဇယရံသီကျောင်းမကြီးသည်ပင် ကြီးမားခိုင်ခံ့သော တိုင်များပေါ်တွင် ပျဉ်ခင်းဖြင့် ခန့်ထည်လှသည်ဆိုစေကာမူ အမိုးအကာမှာ ဓနိဖက်များသာ ဖြစ်ပေသည်။ ဝါးကျောင်းကို လည်း အမည်နှင့်လိုက်လျောညီစွာ ဝါးတိုင် ဝါးခင်း ဓနိမိုး ဓနိကာဖြင့် တည်ဆောက်ထား ပေသည်။ စာသင်တိုက်ဖွင့်လှစ်ပြီး မကြာ မီ ဝါဆိုခါနီးတွင် ဇလွန်းအနောက်ကျောင်း ဘုန်း တော်ကြီးဦးသူရိယနှင့် ဇလွန်းရွာ ကျောင်းဒါယကာ ဒါယိကာမများ စုပေါင်း၍ ကျောင်း ငယ်တဆောင် ဆောက်လုပ်လှူဒါန်းကြသဖြင့် တိုက်အုပ်ဆရာတော်အတွက် သီးသန့် သီတင်းသုံးရန် ကျောင်းဆောင်ဖြစ်လာပေသည်။ဝိဇယရံသီကျောင်းမကြီးတွင် ထိုစဉ်ကဆရာ တော်သီတင်းသုံး၍ ယနေ့အထိ ဆွမ်းစားကျောင်း ဘုရားဝတ်တက်ကျောင်းအဖြစ် တည်ရှိ နေပေသည်။ ထိုကျောင်းဆောင်များမှ အပဖြစ်သော ကျောင်းတိုက်နယ်မြေဝန်းကျင်သည် ဟင်းလင်းပြင် လွင်တီးခေါင်သဘောမျှသာ ရှိပေသည်။ မိုးသည်းထန်၍ ချောင်းရေလျှံ သောအခါတွင်မူ ကျောင်းတိုက်နယ်မြေတခုလုံးသည် ရေလွှမ်းမိုးလျက်ရှိရာ မြစ်ရေပြင်ကြီး နှင့်တူ၍ ကျောင်းဆောင်များ တည်ရှိရာအလယ်ဗဟိုသည် မြစ်ရေပြင်အလယ်ရှိ ကျွန်းငယ် နှင့်အဆောက်အဦများသဖွယ် ထင်ပေါ်နေပေသည်။

# ( ၃၁ )

ဆရာတော်အနေဖြင့်မူ ဤမျှသော ကျောင်းဆောင်သစ်များသည် ဖွံ့ဖြိုးစည်ပင်လာဦးမည့် ပရိယတ္တိသာသနာ့နယ်ပယ်တခု၏ ခိုင်မာသော အုတ်မြစ်များဖြစ်သည်ဟု ကျေနပ်စွာ ခံယူတော်မူလျက်ရှိပေသည်။ သထုံမြို့ လယ်ဝန်းကျောင်းတိုက်ကဲ့သို့ပင် ပရိယတ်စာပေ တတ်မြောက်ကျွမ်းကျင်မည့် တပည့်ကောင်း သားမွန်များကို မွေးထုတ်ပေးနေတော့မည်ဟု မျှော်တွေးဝမ်းမြောက်တော်မူလျက် စာပေအောင်ပန်း ဆွတ်လှမ်းယူငင်သည့် စာရည်ချွန်များ ပေါ်ထွန်းလာဦးတော့မည်ဟုလည်း တွေးခေါ်ကြည်နူးနေပေသည်။ ယင်းသို့ရည်ရော်မျှော်တွေးချက်များဖြင့်ပင် ပရိယတ်စာပေကို အရှိန်မပျက် ပို့ချသင်ပြတော်မူလျက်ရှိပေရာ မြို့သူမြို့သား ဒါယကာ ဒါယိကာမများကလည်း စာချစာသင် ရဟန်းရှင်တို့ မပင်ပန်း မငြိုငြင်ရအောင် ဆွမ်း ခဲဖွယ်များဖြင့် ထောက်ပံ့လှူဒါန်းကြသည်ကို တွေ့မြင်ရပြန်သော အခါ ထိုရည်ရော် မျှော်တွေးချက်များသည် တနေ့တခြား ခိုင်မာအားရှိလာသကဲ့သို့ ဖြစ်နေပေသည်။

သို့ရာတွင် စာသင်တိုက်တည်းထောင်သည့် ဆရာတော်သည် စာပေကျွမ်းကျင် တတ်မြောက်၍ အသက်သိက္ခာလည်း ကြီးရင့်သည့် ထေရ်ကြီး ဝါကြီးသာ ဖြစ်သင့်သည်ဟု ခံယူကြသူတို့အဖို့မူ ရဟန်းသိက္ခာ (၁၂) ဝါမျှသာ ရှိသေးသော ဆရာတော်ကို စာသင်တိုက်ကို ဦးဆောင်အုပ်ချုပ်သည့် ဆရာတဆူအသွင်ထက် ထေရ်ကြီးဝါကြီးများထံ နည်းနာခံယူဆည်းပူးနေသော စာသင်အရွယ်အနေဖြင့် ပိုမိုထင်မြင်ဖွယ် ဖြစ်နေပေသည်၊ စာသင်တိုက်ကို ဦးဆောင်သင်ပြနိုင်ပါမည်လောဟုလည်း တွေးထင်ကြဟန်ရှိပေသည်။

သက်တော် (၂၇) နှစ်၊ သိက္ခာတော် (၇) ဝါမှ ထားဝယ်မြို့သို့ ပြောင်းရွှေ့လာသည် အထိ သထုံမြို့-လယ်ဝန်ကျောင်းတိုက်ကို (၅)နှစ်တာမျှ ပိုင်နိုင်အောင်မြင်စွာ ဦးစီးအုပ်ချုပ်လာခဲ့သော ဆရာတော်မှာမူ အသက်သိက္ခာ ငယ်ရွယ်သေးသည်ဟု ဆိုနိုင်လင့်ကစား ဦးဆောင်မှု အတွေ့အကြုံနှင့် သင်ပြမှု အရည်အသွေး ခိုင်မာနေပြီဖြစ်ပေသည်၊ ထို့ပြင် ယင်းသို့သော အတွေးအထင်မျိုးသည်လည်း အသစ်အဆန်းမဟုတ်မူ၍ သုံးလောကထွတ်ထား သဗ္ဗညု ရှင်တော်မြတ်ဘုရားသည်ပင် ဤအတွေးအထင်မျိုးမှ မလွတ်ကင်းခဲ့သည်ကို သိတော်မူပြီးဖြစ်ပေသည်။

ရှင်တော်ဗုဒ္ဓသည် ကောသလတိုင်း၊ သာဝတ္ထိပြည်မွန်၊ ဇေတဝန်သို့ ဦးစွာကြွရောက်တော်လာသောအခါ ကောသလတိုင်းရှင်ဘုရင် ပသေနဒီသည် ဗုဒ္ဓမြတ်စွာအား "ရှင်ဂေါတမသည် ဗုဒ္ဓဟု ဝန်ခံပါသလော" ဟု မေးလျှောက်လေရာ ရှင်တော်မြတ်က "ဗုဒ္ဓဟူသော အမည်ကို မှန်ကန်စွာ ခေါ်ဝေါ်အသုံးပြုမည်ဆိုပါက ငါဘုရားသည်သာ ဗုဒ္ဓဟု ခေါ်ဝေါ်ထိုက်ပေသည်" ဟု ရဲဝံ့စွာ ဝန်ခံတော်မူလေသည်၊ ထိုအခါ ကောသလဘုရင်က "ဂိုဏ်းဂဏအသီးသီးကို

ဦးဆောင်ကာ လူအများက သူတော်ကောင်းဟု အသိအမှတ်ပြုလျက် ကျော်စောသင်ရှားလှသော ပုရာဏကဿပ စသည့် ဆရာကြီး (၆) ဦးပင်လျှင် တပည့်တော်က ယင်းကဲ့သို့ မေးမြန်းသည်ကို ဗုဒ္ဓဟု ဝန်မခံကြပဲလျက် ယခုမှ ရဟန်းပြုလာစ ငယ်ရွယ်လှသော ရှင်ဂေါတမက အဘယ်ကြောင့် ဗုဒ္ဓဟု ဝန်ခံရဲဘိသနည်း” ဟု မင်းဟန်မင်းမာန်ဖြင့် မေးလျှောက်ပြန်သည်။

ဗုဒ္ဓမြတ်စွာကမူ မင်း, မြွေ, မီး, နှင့် ရဟန်း ဤလေးမျိုးကို ငယ်ရွယ်နုနယ်သည်ဟု အထင်မသေးသင့်ကြောင်းကို အကြောင်းအချက်များနှင့်တကွ တည်ငြိမ်စွာ ရှင်းပြတော်မူသည်။ ကောသလသံယုတ်လာ ဤဒေသနာတော်ကို သိတော်မူပြီးဖြစ်သည့်အပြင် မိမိသည် ယခုမှ ထားဝယ်မြို့သို့ ရောက်ရှိသီတင်းသုံးစဖြစ်၍ စာပေစွမ်းရည်ကို မသိသေးသူတို့ အမျိုးမျိုး တွေးထင်ကြပေလိမ့်မည်ဟုလည်း ခံယူတော်မူသွားဟန်ရှိပေသည်။

ထို့ကြောင့်ပင် ဆရာတော်သည် စိတ်နှလုံး အေးချမ်းတည်ငြိမ်စွာဖြင့် စာပေပို့ချ သင်ပြလျက်ရှိနေခဲ့သည်၊ ပါဠိစာပေနှင့် ဗုဒ္ဓဝါဒဆိုင်ရာ အဖုအထစ် အခက်အခဲများကို အမှန်တကယ် သိလို၍သော်လည်းကောင်း၊ စာပေစွမ်းအင်ကို စူးစမ်းလို၍သော်လည်းကောင်း၊ လာရောက် ဆွေးနွေးမေးမြန်းသည်တို့ကို ကြည်လင်သောမျက်နှာ ချိုသာသောနှုတ်ဝါစာများဖြင့် ကျေနပ်သဘောပေါက်အောင် ရှင်းလင်းပြောကြားတော် မူတတ်ပေသည်။

## အခြားသော သာသနာရေးကို ဆက်လက်ဆောင်ရွက်ခြင်း

ဆရာတော်သည် ဃောသိတာရာမ-စာသင်တိုက်ကို ဦးစီးအုပ်ချုပ်လျက် ပရိယတ္တိစာပေကို သင်ကြားပို့ချပေးနေသော်လည်း ယင်း စာပေသင်ကြားမှုကို များစွာ အထောက်အကူပြုသော စာမေးပွဲများ ထားဝယ်၌ မရှိသေးပေ၊ စာသင်သားများသည် အစိုးရ ပထမပြန်စာမေးပွဲကိုပင် သထုံမြို့သို့ သွားရောက်ဖြေဆိုကြရသည်။ ထိုခေတ်တွင် ပထမပြန် စာမေးပွဲကို နယုန်လတွင် ကျင်းပလေ့ရှိရာ မိုးလေပြင်းထန်စဖြစ်သော ထိုအချိန်တွင် စာမေးပွဲဖြေဆိုမည့် ရှင် ရဟန်းတို့သည် ထားဝယ်မှ သထုံသို့ ဆင်းရဲပင်ပန်းစွာ သွားလာကြရသည်၊ ဤအခက်အခဲကို ကျော်လွှန်နိုင်ရေးအတွက် ထားဝယ်မြို့ကို အစိုးရ ပါဠိပထမပြန်စာမေးပွဲ စာစစ်ဌာနတခုအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးရန် ဆရာတော်က ပညာမင်းကြီးထံ မေတ္တာရပ်ခံလွှာပေးပို့ဆောင်ရွက်တော်မူသဖြင့် ၁၃၀၂-ခုနှစ်မှစ၍ ထားဝယ်မြို့သည် အစိုးရ ပါဠိပထမပြန် စာမေးပွဲ စာစစ်ဌာနတခုအဖြစ်သို့ တိုးတက်လာပေသည်။

ထိုနှစ်တွင် ထားဝယ်စာစစ်ဌာနၵ္ဒ အစိုးရပထမပြန်စာမေးပွဲကို ပထမဆုံး ဝင်ရောက်ဖြေဆိုသူများအနက် ဃောသိတာရာမစာသင်တိုက်မှ—

ပထမလတ်တန်းတွင်–ဦးဉာဏိန္ဒ (ယခု ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ မေဃဝတီကျောင်း ဆရာတော်) နှင့်

ရှင်မဟိန္ဒ (သက္ကျသီဟဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ)မန္တလေးမြို့၊ တောင်သမန်တိုက် သာသနဟိတ အုတ်ကျောင်းဆရာတော်(ပျံလွန်တော်မူ)တို့ အောင်မြင်ကြ၍–

ပထမငယ်တန်းတွင်–ရှင်အာစိဏ္ဏ (ယခု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)၊ သက္ကျသီဟဓမ္မာစရိယနှင့် အစိုးရ ဓမ္မာစရိယ ရွှေဂူကျောင်းဆရာတော်သည် အောင်မြင်ခဲ့ပေသည်။

ထို အစိုးရပထမပြန် စာမေးပွဲများ ကျင်းပရာ၌ စာဖြေပုဂ္ဂိုလ်များနှင့် ကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များအား ဆွမ်းလုပ်ကျွေးခြင်း၊ စာမေးပွဲအောင် ပုဂ္ဂိုလ်များအား အစိုးရနည်းတူ ဆုပေးခြင်း စသည့် ပရိယတ်သာသနာရေးလုပ်ငန်းကို အားပေးချီးမြှင့်သည့် ပရိယတ္တိ အသင်းတသင်း ဖွဲ့စည်းရေးအတွက်လည်း ဆရာတော်က မြို့လူကြီးများကို ရှင်းပြနှိုးဆော်တော်မူသဖြင့် ၁၃၀၂-ခုနှစ်အတွင်းမှာပင် **ထားဝယ်ခရိုင် ပရိယတ္တိ သာသနနုဂ္ဂဟအသင်းကြီး** ပေါ်ထွက်လာခဲ့ရာ ယနေ့တိုင်အောင် တည်တံ့ထွန်းကားလျက် ရှိနေပေသည်။

ထို ၁၃၀၂-ခုနှစ်အတွင်းမှာ ရန်ကုန်မြို့ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးညွန့်က မြန်မာနိုင်ငံတော်တွင် ငယ်ငယ်ရွယ်ရွယ်နှင့် ထင်ရှားကျော်ကြားသော ဆရာတော်များကို ပင့်ဆောင်၍ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးကို ဆောင်ရွက်တော်မူကြရန် လျှောက်ထားလေသည်။ ထိုပင့်ဆောင်သော သံဃာတော်များအဖွဲ့တွင် ဆရာတော်လည်း ပါဝင်၍ လက်ပံတန်းမြို့ သဒ္ဓမ္မောဒယတိုက် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ဦးဝိသုဒ္ဓာဏ၊ ရန်ကုန်မြို့ ဗဟန်း အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဦးကောဏ္ဍည (ပျံလွန်)၊ သံလျင်တောရဆရာတော် ဦးတိလောကဉာဏ (ပျံလွန်)၊ တောင်တွင်းကြီးမြို့ နတ်မှီတောရကျောင်း ဆရာတော် ဦးဥက္ကဋ္ဌ (ပျံလွန်) တို့လည်း ပါဝင်ကြသည်ဟု သိရပသည်။ ထိုဆရာတော်များသည် ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးကို ညှိနှိုင်းဆွေးနွေး၍ ဆောင်ရွက်ကြသော်လည်း ခိုင်မာသောအမှီကို မရသဖြင့် ပြောပလောက်သော အောင်မြင်မှုကို မရခဲ့ကြပေ။

ဆရာတော်သည် စာပေပို့ချခြင်း စသော ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားရေးကို ဆောင်ရွက်တော်မူယင်း ရှင်ပြုရဟန်းခံ၊ ကထိန်ခင်း စသော ဘာသာရေးဆိုင်ရာ

ယဉ်ကျေးမှုမင်္ဂလာပွဲများတွင်လည်း ဒါယကာ ဒါယိကာမများအား တရားရေအေး တိုက်ကျွေးချီးမြှင့်တော်မူလေ့ရှိပေရာ ဃောသိတာရာမတိုက်သည် တနေ့တခြား ထင်ရှား တိုးတက်လာခဲ့ပေသည်။ စာသင်တိုက် တည်ထောင်ပြီး သုံးနှစ်အတွင်း၌ပင် ဝိဇယရုံသီ ကျောင်းမကြီးနှင့်တကွ သာသနရုံသီ၊ ပရိယတ္တိရုံသီ အာဂမရုံသီ စသော ကျောင်းဆောင် သစ်များ ပေါ်ထွန်းလာခဲ့ပေသည်။

## စာသင်တိုက် ယာယီရွှေ့ပြောင်းခြင်း

ထိုအချိန်တွင် ဒုတိယကမ္ဘာစစ်ကြီးသည် အာရှတိုက်ဘက်သို့ ကူးစက်လောင်ကျွမ်း လာပြီးဖြစ်ရာ ၁၃၀၃-ခုနှစ် ပြာသိုလ (၁၉၄၂-ခု ဒီဇင်ဘာလ) တွင် ထားဝယ်မြို့သူ မြို့သားတို့သည်လည်း စစ်ဘေးစစ်ဒဏ်မှ ကင်းလွတ်မည်ထင်ရသော ကျေးရွာများသို့ ပြောင်းရွှေ့ထွက်ခွာကြရလေသည်။ ဆရာတော်သည်လည်း စာသင်တိုက်ကို ယာယီပိတ်၍ စာသင်သားများကို မိမိတို့ရပ်ရွာ-ဆရာသမားများထံ ပြန်လွှတ်တော်မူလေသည်။ ကျောင်းတိုက်ပိုင် ပရိယတ်ကျမ်းစာများနှင့် ပရိဘောဂများကို အင်းဇောက် အနောက် ကျောင်းသို့ ရွှေ့ပြောင်းသိမ်းဆည်းထား၍ ဆရာတော်ကိုယ်တိုင်လည်း အင်းဇောက် အနောက်ကျောင်းနှင့် ပြည်လုံးချမ်းသာကျောင်းတွင် တလှည့်စီ သီတင်းသုံးတော်မူ ပေသည်။ ကျောင်းတိုက်ကိုမူ မန္တလေးမှ ပြန်ရောက်လာသည့် စာချဆရာတော်ဦးသုမေဓာက တာဝန်ယူစောင့်ရှောက်တော်မူသည်။ထိုအခါ ဃောသိတာရာမစာသင်တိုက် တိုးတက်ကြီးပွား မှုကို အစဉ်တစိုက် အားပေးထောက်ကူတော်မူသော သပြေရှောင်တိုက်ကျောင်းဆရာတော် ဘုရား (ဦးပညာ) သည် ဆရာတော်ထံ ကြွရောက်လာပြီး မိမိ၏ သပြေရှောင်တိုက်ကျောင်း၌ ယာယီစာသင်တိုက်ဖွင့်၍ စာပေကို ဆက်လက်ပို့ချသင်ပြပေးနေရန် တိုက်တွန်း ဆွေးနွေး တော်မူပေသည်။

အခြေအနေကို လေ့လာပါကလည်း ထားဝယ်ခရိုင် အနောက်ဘက်ကမ်းတလျှောက် သည် စစ်ချီစစ်တက်ရာလမ်းခရီးနှင့် မသက်ဆိုင်လှသည့်အပြင်သပြေရှောင်တိုက်ကျောင်းသည် လည်း စာသင်ရဟန်း (၃၀)ကျော်မျှ သီတင်းသုံးနေထိုင်နိုင်ပေသည်။ ထိုမျှသော သံဃာ တော်များကို သပြေရှောင်ရွာ ဒါယကာ-ဒါယိကာမများ လုံလောက်စွာ ကျွေးမွေးပြုစု နိုင်ကြသည်။ ထို့ကြောင့် ဆရာတော်ကြီး တိုက်တွန်းချက်ပေး ဖိတ်ခေါ်သည့်အတိုင်း လက်လှမ်းမီသမျှသော စာသင်ရှင်ရဟန်းတို့ကို စည်းရုံးပင့်ဆောင်၍ တိုက်အုပ်ဆရာတော်က တာဝန်ယူအုပ်ချုပ်ပြီး သပြေရှောင်တိုက်ကျောင်းကို ယာယီစာသင်တိုက်အဖြစ် ဖွင့်လှစ်၍ စာပေကို ဆက်လက် ပို့ချသင်ပြတော်မူပေသည်။ ဆရာတော်သည် ရံခါ သပြေရှောင်တိုက် ကျောင်းသို့ ကြွရောက်၍ စာပေပို့ချမှုအခြေအနေကို ကြီးကြပ်ညွှန်ကြားတော်မူသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ထားဝယ်မြို့ကို သိမ်းပိုက်၍ ယာယီအစိုးရအဖွဲ့ ဖွဲ့စည်းကာ မြို့နယ်ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်သဖြင့် ထားဝယ်မြို့ပေါ်၌ လူနေအိမ်ခြေတို့ ပြန်လည်စည်ကားလာသောအချိန်တွင် ဆရာတော်သည် ဃောသိတာရာမတိုက်သို့ ပြန်လည်ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ တိုက်အုပ်ဆရာတော်အမှူးရှိသော စာချ, စာသင်, ရှင့်ရဟန်းတို့သည်လည်း သပြေရှောင်တိုက်ကျောင်း၌ လေးလနည်းပါးမျှ သီတင်းသုံးနေထိုင်ကြပြီးနောက် ၁၃၀၄-ခုနှစ်၊ ကဆုန်လဆန်းတွင် ဃောသိတာရာမတိုက်သို့ ပြန်လည်ပြောင်းရွှေ့လာကြသည်။ ထိုသို့ဖြင့် ဃောသိတာရာမတိုက်သည်လည်း ပြန်လည်အသက်ဝင်လာပေတော့သည်။

ဒုတိယကမ္ဘာစစ်အတွင်း၌ ဃောသိတာရာမစာသင်တိုက်သည် ဆက်လက်၍ စာပေပို့ချသင်ကြားနေပေရာ အဓိပတိ ဒေါက်တာဘမော် ကြီးမှူးသော မြန်မာနိုင်ငံတော်အစိုးရက ကျင်းပသည့် ဝိနယစာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ ထို စာမေးပွဲများတွင် ပထမကျော်တန်းအထိပင် အောင်မြင်ခဲ့ကြသည်။ ဝိနယစာမေးပွဲကြီး နှစ်ကြိမ်မျှ ကျင်းပခဲ့သော်လည်း ပထမအကြိမ်၌သာ အောင်စာရင်းထုတ်ပြန်နိုင်ခဲ့ပေသည်။

ဒုတိယကမ္ဘာစစ် ပြီးသည့်နောက် ၁၃၀၆-ခုနှစ်မှစ၍ အစိုးရပထမပြန်စာမေးပွဲကို ဆက်လက် ကျင်းပလာခဲ့ရာတွင်လည်း ဃောသိတာရာမစာသင်တိုက်မှ စာမေးပွဲအောင်မြင်သူများ အဆက်မပြတ်ပေါ်ထွက်နေခဲ့ပေသည်။

## သီးခြား ပရိယတ္တိစာမေးပွဲ ပေါ်ပေါက်လာခြင်း

ဆရာတော်နှင့် နန်းရာဆရာတော်ကြီးတို့ နာယကဆရာတော်များအဖြစ် ဦးစီးရွက်ဆောင်တော်မူနေသော ပရိယတ္တိသာသနနုဂ္ဂဟအသင်းသည် ၁၃၀၂-ခုနှစ်မှစ၍ ၁၃၀၇-ခုနှစ်အထိ အစိုးရပထမပြန်စာမေးပွဲဆိုင်ရာကိုသာ အားပေးချီးမြှင့်နေရာမှ ၁၃၀၈-ခုနှစ်တွင် သီးခြားပရိယတ္တိစာမေးပွဲ ကျင်းပရန်ကိုပါ ဆုံးဖြတ်၍ စာမေးပွဲ စည်းမျဉ်းဥပဒေများကို ရေးဆွဲသတ်မှတ်ခဲ့ကြသည်။

စာမေးပွဲကို ပရိယတ္တိစာမေးပွဲနှင့် ဂိဟိစာရိတ္တစာမေးပွဲဟူ၍ နှစ်မျိုးခွဲခြားပြီးလျှင် ပရိယတ္တိစာမေးပွဲကို မူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း ပထမကြီးတန်းနှင့် ပထမကျော်တန်းဟူ၍ ငါးဆင့် ခွဲခြားထားပေသည်။ မူလတန်းမှ ပထမကြီးတန်းအထိ လေးဆင့်တွင် သဒ္ဒါ၊ သင်္ဂဟ၊ ဆန်း၊ အဘိဓာန်၊ အလင်္ကာ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက် စသော အခြေခံကျမ်းများကို ပြဋ္ဌာန်း၍ ပထမကျော်တန်းတွင် ကင်္ခါဝိတရဏီအဋ္ဌကထာ၊ အဘိဓမ္မတ္ထဝိဘာဝိနီ (ဋီကာကျော်)နှင့် ပဋ္ဌာန်းအရကောက်များကို ပြဋ္ဌာန်းထားပေသည်။

ပထမဆင့် လေးဆင့်သည် ပရိယတ် အခြေခံ ခိုင်မာရေး အတွက်သာ မဟုတ်ပဲ အစိုးရ ပထမပြန်စာမေးပွဲ ဖြေဆိုနိုင်ရေးကိုလည်း အထောက်အကူ ပြုထားပေသည်၊ပထမကျော်တန်းကိုမူ ဓမ္မဝါစက စာချပုဂ္ဂိုလ်တို့ သိမှတ်ထိုက်သော ကျမ်းရိုးဆိုင်ရာ သင်္ခန်းစာများ ပိုင်နိုင်စေရန် ရည်ရွယ်ပေသည်။ ထို့ကြောင့်လည်း မူလတန်းနှင့် ပထမငယ်တန်းတွင် နှစ်သက်ရာတန်းကို ဦးစွာ ဝင်ရောက်ဖြေဆိုခွင့်ပြု၍ အစိုးရ ပထမငယ်တန်း အောင်မြင်ပြီးသူများကိုမူ ပထမငယ်တန်းနှင့် ပထမလတ်တန်း တခုခုကိုလည်းကောင်း ပထမလတ်တန်း အောင်မြင်ပြီးသူကို ပထမလတ်တန်းနှင့် ပထမကြီးတန်း တခုခုကိုလည်းကောင်း၊ ပထမကြီးတန်း အောင်မြင်ပြီးသူကို ပထမကြီးတန်းနှင့် ပထမကျော်တန်း တခုခုကိုလည်းကောင်း၊ ဝင်ရောက်ဖြေဆိုခွင့်ပြုထားပေသည်။

ထို့ပြင် ထားဝယ်ခရိုင် (ယခု ထားဝယ်လေးမြို့နယ်)အတွင်း နှစ်သက်ရာ ကျောင်း၌ ဝါဆိုနေထိုင်သည့် ရှင်ရဟန်းနှင့် သီလရှင်များ လူဝတ်ကြောင်များပါ ဝင်ရောက်ဖြေဆိုခွင့်ရကြသည်။ စာမေးပွဲကိုလည်းအစိုးရ ပထမပြန် စာမေးပွဲ၏ ရှေ့ပြေးအဖြစ်ဖြင့် နှစ်စဉ် နတ်တော်လအတွင်း ကျင်းပခဲ့ရာ ယခုနှစ်အထိ (၃၆)ကြိမ်ရှိခဲ့ပေပြီ။ (ထိုဆုံးဖြတ်ချက်အရ ၁၃၀၀-ခုနှစ်တွင် ပထမဦးစွာ ကျင်းပခဲ့သော ပရိယတ္တိ စာမေးပွဲ ပထမကျော်တန်းတွင် ဃောသိတာရာမတိုက် တိုက်အုပ်ဆရာတော် ဦးဝါယမသည် စာမေးပွဲကို အားပေးချီးမြှင့်သော အနေဖြင့် ဝင်ရောက်ဖြေဆို အောင်မြင်တော်မူခဲ့ပေသည်။)

ဂိဟိစာရိတ္တ စာမေးပွဲကိုလည်း မူလတန်း အလယ်တန်းနှင့် အထက်တန်းဟူ၍ သုံးတန်းခွဲခြားသတ်မှတ်၍ ဩကာသ (ဘုရားကန်တော့) မင်္ဂလသုတ်၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ရတနာသုံးပါးဂုဏ်တော်၊ သိင်္ဂါလောဝါဒသုတ်ကျင့်ဝတ်လင်္ကာ၊ လောကနီတိ၊ ပရိတ်ကြီး ပါဠိတော် ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ် ပါဠိတော်များကို အနက်အဓိပ္ပာယ်များနှင့် တကွ အတန်းအားလျော်စွာ ပြဋ္ဌာန်းထားပေသည်။ ဤစာမေးပွဲမှာ ကျောင်းသား သူငယ်များ ဘာသာနှင့် သာသနာရေးစိတ်ဓာတ် အခြေခံ ခိုင်မာစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ဤ ဂိဟိစာရိတ္တ စာမေးပွဲကိုလည်း ပရိယတ္တိစာမေးပွဲ ကျင်းပပြီးနောက် တဆက်တည်းပင် ကျင်းပပြုလုပ်လာခဲ့ရာ ၁၃၄၃-ခုနှစ်အထိ (၃၄) ကြိမ် ရှိခဲ့ပေပြီ။

ဃောသိတာရာမတိုက်သည် ၁၃၁၅-ခုနှစ် နတ်တော်လ (၁၅၁၂-၅၃) မှ စ၍ ပါဠိ တက္ကသိုလ်အဖြစ် အသိအမှတ်ပြုခံခဲ့ရသဖြင့် ဆရာတော်သည် ပါဠိတက္ကသိုလ် ကျောင်းအုပ် အဖြစ်ဖြင့် ဆောင်ရွက်လျက် ပါဠိတက္ကသိုလ် ကိုယ်စားလှယ်နှင့် ပါဠိတက္ကသိုလ်အမှုဆောင် အဖြစ်ဖြင့် ၁၃၂၆ ခုနှစ် (၁၉၆၅) ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေတို့ကို ဖျက်သိမ်း

သည်အထိ ဆောင်ရွက်လာခဲ့သည်။ ယင်းသို့ ဆောင်ရွက်သဖြင့်လည်း နိုင်ငံတော်အစိုးရ လှူဒါန်းသည့် မီးရထားနှင့် မီးသဘော်ာ အထက်တန်း အခမဲ့စီးခွင့် လက်မှတ်ကို ယနေ့အထိ ရရှိနေပေသည်။

တော်လှန်ရေးအစိုးရသည် ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေကို ဖျက်သိမ်းလိုက်သော်လည်း အစိုးရပထမပြန် စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲများကိုမူ ဆက်လက်ကျင်းပ အားပေးလျက်ပင်ရှိရာ ဃောသိတာရာမ ပါဠိတက္ကသိုလ်သည်လည်း နှစ်စဉ်နှစ်တိုင်းပင် ထို စာမေးပွဲများကို ဝင်ရောက်ဖြေဆိုနေခဲ့ပေသည်။

ယင်းသို့ ပရိယတ္တိသာသနာ ထွန်းကားပြန့်ပွားရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လာသည့်အလျောက် ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်သည် တနေ့တခြား စည်ပင်ထွန်းကားလာခဲ့ရာ ဤထေရုပ္ပတ္တိ ပြုစုချိန်တွင် ကျောင်းတိုက်ကို ချီးမြှောက်လှူဒါန်းကြသော အဆောက်အဦများနှင့် အလှူရှင်တို့ကို ဝမ်းမြှောက်ဖွယ်ရာ ဤသို့တွေ့မြင်နိုင်ပေသည်။

| စဉ် | အဆောက်အဦအမည်နှင့် အမျိုးအစား | အလှူရှင်များ |
|---|---|---|
| ၁။ | သာသနသောဘိဏီ သိမ်တော်ကြီး (မှန်စီရွှေချ သမုတ်သိမ်) | ဦးလှဖေ+ဒေါ်အေးမြ— ဒေါင်းငူရပ်၊ ထားဝယ်မြို့။ |
| ၂။ | ရတနရံသိကျောင်း (၂)ထပ် | ၎င်း |
| ၃။ | အုတ်ဇေကြီး | ဦးလှဖေ+ဒေါ်အေးမြ— ဒေါင်းငူရပ်၊ ထားဝယ်မြို့။ |
| ၄။ | မဟာဝိဇယရံသိအလယ်တိုက်ကျောင်းကြီး (၃)ထပ် | ဦးဟန်ဘ+ဒေါ်ခင့်— ဇရစ်ရပ်၊ ထားဝယ်မြို့။ |
| ၅။ | သာသနဗိမာန်ဓမ္မာရုံ (၂)ထပ်တိုက် | ဦးအောင်သသွင်+ဒေါ်ငွေတောင်— ဒေါင်းငူရပ်၊ ထားဝယ်မြို့။ |
| ၆။ | ဝိဇယရံသိကျောင်း(ဆွမ်းစားကျောင်း) | အများကောင်းမှု။ |
| ၇။ | အာဂမရံသိကျောင်း | ဒေါ်ထွန်းရင်၊ ညင်းမော်ရွာ— လောင်းလုံးမြို့နယ်။ |
| ၈။ | ကျောက်ဆူးကျောင်း (၁)ထပ်တိုက် | ဦးရွှေလုံး+ဒေါ်ညာဏ်စိန်— မြို့တွင်းရပ်၊ ထားဝယ်မြို့။ |

| စဉ် | အဆောက်အဦအမည်နှင့် အမျိုးအစား | အလှူရှင်များ |
| --- | --- | --- |
| ၉။ | ဝိနယရုံသီကျောင်း | ဒေါ်ငန်ဆွဲ တံငါရပ်၊ ထားဝယ်မြို့။ |
| ၁၀။ | အဘိဓမ္မရုံသီကျောင်း (၂)ထပ်တိုက်ခံ | ဦးဘဝင်း+ဒေါ်သောင်းဆင်—ဇရစ်ရပ်၊ ထားဝယ်မြို့။ |
| ၁၁။ | သဒ္ဒမ္မရုံသီကျောင်း | အများကောင်းမှု။ |
| ၁၂။ | ပရိယတ္တိရုံသီကျောင်း (၂)ထပ် | ဦးထွန်းပေါ်+ဒေါ်နှင်းအိနှင့်—သားသမီးများ၊ ကုန်းဇရပ်ကျေးရွာ လောင်းလုံးမြို့နယ် |
| ၁၃။ | မာဂဓရုံသီကျောင်း (၂)ထပ် | ဦးစိန်ဖြေနှင့် သားသမီးများ—မဲနယ်အိုးရွာ၊ သရက်ချောင်းမြို့နယ်။ |
| ၁၄။ | သုဓမ္မရုံသီကျောင်း | ဦးဘိုးသီး+ဒေါ်ကျော့မေ—တံငါရပ်၊ ထားဝယ်မြို့။ |
| ၁၅။ | ဓမ္မရုံသီကျောင်း (၂)ထပ် | ဦးဘရင်အမှူးပြုသော အများ—ဒါယကာကောင်းမှု။ |
| ၁၆။ | ပိဋကရုံသီကျောင်း (၂)ထပ် | –၎င်း– |
| ၁၇။ | ကျောင်းသား စာသင်ကျောင်း | အများကောင်းမှု |
| ၁၈။ | ရေတွင်းကြီး (အမိုးအကာနှင့် တကွ) | ဦးကျင်ချွန်း+ဒေါ်ကြည်—ခုံဝင်းဒပ်ရပ် ထားဝယ်မြို့။ |
| ၁၉။ | ၁-ခန်းတိုက် ကုဋီနှင့် စင်္ကြံ | ဦးအောင်ခင်+ဒေါ်စု—အိုးလုပ်ရပ်၊ ထားဝယ်မြို့။ |
| ၂၀။ | (၁၀) ခန်းတွဲ တိုက် ကုဋီနှင့် စင်္ကြံ | ဦးလူဖေ+ဒေါ်အေးမြ—ဒေါင်းငူရပ်၊ ထားဝယ်မြို့။ |
| ၂၁။ | ဆွမ်းစားကျောင်းသုံး အဝီစိတွင်း | ဦးအောင်ဘသွင်+ဒေါ်ငွေတင်—ဒေါင်းငူရပ်၊ ထားဝယ်မြို့။ |
| ၂၂။ | ဓမ္မာရုံသုံး အဝီစိတွင်း | –၎င်း– |
| ၂၃။ | ဥပုသ်ဇရပ် | အင်းဇောက်ရွာ ဦးရွှေဝွန်းနှင့်—ညင်းမော်ရွာ ဒေါ်ထွန်းရင် |

| စဉ် | အဆောက်အဦအမည်နှင့်အမျိုးအစား | အလှူရှင်များ |
|---|---|---|
| ၂၄။ | ဉပုသ်ဇရပ် | ဒေါ်ငြိမ်းခင်၊ ကညုံရပ်၊ ထားဝယ်မြို့။ |
| ၂၅။ | ဉပုသ်ဇရပ် | ဒေါ်ငွေကြင်၊ ဇရစ်ရပ်၊ ထားဝယ်မြို့။ |
| ၂၆။ | ဉပုသ်ဇရပ် | ဒေါ်သိန်းမြင့်၊ ကညုံရပ်၊ ထားဝယ်မြို့။ |
| ၂၇။ | ဉပုသ်ဇရပ် | ဦးဘရင်-ဒေါ်လှိုင်တင်၊ ဘုမ္မော်ရပ်–ထားဝယ်မြို့။ |
| ၂၀။ | ဇရပ်နှင့် ဆွမ်းစားကျောင်းသွား စင်္ကြံ | ဒေါ်ထွန်းရင်၊ ညင်းမော်ကျေးရွာ–လောင်းလုံးမြို့နယ်။ |

ဆရာတော်သည် ဆင္ဃသင်္ဂါယနာတင် ကျင်းပစဉ်က ပါဠိပဋိပုစ္ဆာဓကအဖြစ် ဆောင်ရွက်ခဲ့၍ သံဃာ့လွှတ်တော်ဥပဒေ ရေးဆွဲရေးအတွက် တခရိုင်လျှင် ကိုယ်စားလှယ် တပါးကျစီ ရွေးချယ်ရာတွင်လည်း ထားဝယ်ခရိုင်၏ သံဃာ့ကိုယ်စားလှယ်အဖြစ် အများသဘောတူ ရွေးချယ်ခြင်း ခံခဲ့ရသည်။ ထို့ပြင် ဃောသိတာရာမစာသင်တိုက် တည်ထောင်ပြီး နှစ်အနည်းငယ်အတွင်းမှာ ကျောင်းပေါင်း (၅၀) ကျော်ရှိသော လေးထပ်ဂိုဏ်းကြီး၏ အနုနာယက ဆရာတော်အဖြစ် တင်မြှောက်ခံခဲ့ရပေသည်။

ထားဝယ်မြို့၏ ကျက်သရေဆောင် လျှောင်းတော်မူ ဘုရားကြီး သံတန်ဆောင်း ဆောက်လုပ်ရေးအဖွဲ့တွင် နာယကဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ပြီးနောက် ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီး၏ ဂေါပကအဖွဲ့နှင့် ထားဝယ်မြို့ ရှေးဟောင်းပစ္စည်း ထိန်းသိမ်းရေး အဖွဲ့တို့တွင်လည်း ဩဝါဒါစရိယဆရာတော်အဖြစ် ယနေ့အထိ ဆောင်ရွက်တော်မူလျက် ရှိပေသည်။

ဆရာတော်သည်—

| | | |
|---|---|---|
| သထုံမြို့ – မမ္မမေဒနီတိုက်တွင် | | ၄-နှစ် |
| သထုံမြို့ – လယ်ဝန်တိုက်တွင် | | ၅-နှစ် |
| ထားဝယ်မြို့ – ဃောသိတာရာမ ပါဠိတက္ကသိုလ်တွင် | | ၄၃-နှစ် |

အားဖြင့် နှစ်ပေါင်း (၅၂)နှစ် တိုင်တိုင် စာပေပို့ချခြင်းကိုသာ လေးလေးစားစား အလေးထား၍ ဆောင်ရွက်တော်မူလာခဲ့သဖြင့် အောက်ပါစာပေများကိုသာ လက်ရေးမူအားဖြင့် ရေးသားပြုစုတော်မူခဲ့ပေသည်။

၁။ ဂန္ထာဘရဏ နိဿယသစ်
၂။ တာဝတိံသာဒိဝိနိစ္ဆယ
၃။ အင်းခဲ့ဘောက်ဘိုက်ကျောင်း အန္တိမဝတ္ထုဖြင့် စွပ်စွဲမှုဝိနိစ္ဆယ
၄။ အရှေ့သဗျာတောရကျောင်း အန္တိမဝတ္ထုဖြင့် စွပ်စွဲမှုဝိနိစ္ဆယ၊

ယင်းတို့အနက် ဂန္ထာဘရဏနိဿယသစ်ကို တပည့်စာသင်သားများအား ဂန္ထာဘရဏ ကျမ်းကိုပို့ချယင်း ရေးသားတော်မူခဲ့၍ တာဝတိံသာဒိဝိနိစ္ဆယကိုမူ စာပေပညာရှင် ဦးစိန်မြူး လျှောက်ထားတောင်းပန်၍ ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်သည် အန္တိမဝတ္ထုဖြင့် စွပ်စွဲမှု ဝိနည်းဆိုင်ရာမှုခင်းနှစ်ရပ်ကို ဝိနိစ္ဆယ ချမှတ်ရေးသားရာတွင် မည်သည့်ဘက်ကိုမျှ အဂတိလေးပါး လိုက်စားတိမ်းယိမ်းခြင်းမရှိပဲ ဗုဒ္ဓရှင်တော်မြတ် ပညတ်သတ်မှတ်ခဲ့သည့် ဝိနည်းဥပဒေအတိုင်းသာ အဋ္ဌကထာ၊ ဋီကာ များနှင့် ညှိနှိုင်းစီရင် ဆုံးဖြတ်ခဲ့သဖြင့် ကြားနာသူတို့ ဝမ်းမြောက်နှမော် သာဓုခေါ်ခဲ့ ကြပေသည်။

ဆရာတော်သည် ၁၃၂၆-ခုနှစ်၊ တော်လှန်ရေးအစိုးရလက်ထက် သာသနာတော် သန့်ရှင်းရေး မှော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေးအတွက် ဂိုဏ်းပေါင်းစုံ သံဃာ့ဦးစီးဆရာတော်များ (၂၁) ပါး အဖွဲ့တွင် ပါဝင်ခဲ့၍ ထိုဦးစီးဆရာ တော်များ အစည်းအဝေးမှ တာဝန်ပေးအပ်ချက်အရ သံဃာ့အဖွဲ့အစည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေ ရေးဆွဲပြုစုရေးအဖွဲ့ငယ်၌ ပဓာန ဦးဆောင်အဖြစ် ဥပဒေမူကြမ်းကို ရေးဆွဲခဲ့သည်။ ဆက်လက်ကျင်းပသော မှော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတွင်လည်း ထို ဥပဒေမူကြမ်းကို ကိုယ်တိုင်ဖတ်ကြား တင်သွင်းတော်မူခဲ့ပေသည်။

တဖန် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီး ဖြစ်မြောက်ရေးအတွက် ၁၃၄၁-ခုနှစ် (၁၉၈၀)ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပမည့် (၆၆) ပါး သံဃာ့ဝန်ဆောင်အဖွဲ့ဝင်အဖြစ် ဆရာတော်အား ထားဝယ် အခြေခံ ဒေသ သံဃာ့ကိုယ်စားလှယ်အနေဖြင့် ရွေးချယ်တင်မြှောက်ကြသော်လည်း ဆရာတော်သည် အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ ကျန်းမာရေးပါ ချို့တဲ့လာသဖြင့် ယခင် ကျင်းပ ခဲ့သော မှော်ဘီအစည်းအဝေး၌ကဲ့သို့ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်မည် မထင် သောကြောင့် မိမိအစား တပည့်ဖြစ်သူ ဦးအာစိဏ္ဏ (သကျသီဟ ဓမ္မာစရိယနှင့် အစိုးရဓမ္မာ- စရိယ၊ ရွှေဂူကျောင်းဆရာတော်)အား ရွေးချယ်ရန် အကြံပြု တင်ပြတော်မူသည်။ ထိုတင်ပြ

သည့်အတိုင်းပင် သံဃာတော်များက ဦးအာစိဏ္ဏအား သံဃာ့ဝန်ဆောင် အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ထိုရာတွင် ၁၃၄၂ ခုနှစ် (၁၉၈၀-ပြည့်နှစ်) နယုန်လဆန်းတွင် ကျင်းပခဲ့သော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့မူ ထားဝယ်မြို့နယ်၏ သံဃသမ္မုတိရ (သံဃာ့ကိုယ်စားလှယ်) အဖြစ် ပါဝင်တက်ရောက်၍ ထိုအစည်းအဝေး၌ တင်သွင်းသော ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ထောက်ခံခဲ့ပေသည်။ ယင်းအစည်းအဝေးကြီးက တင်မြှောက်သော ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တွင်လည်း အဖွဲ့ဝင်အဖြစ်ဖြင့် လက်ခံဆောင်ရွက်လျက်ရှိပေသည်။

၁၃၄၃ ခုနှစ် (၁၉၈၁)၊ နယုန်လဆန်းတွင် ကျင်းပခဲ့သော ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကြီး အောင်မြင်စွာ ပြီးဆုံးပြီးနောက် တောင်တွင်းကြီး ဦးဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒကို အခြေခံသော ဝိဝါဒအဓိကရုဏ်းကို စိစစ်ဆုံးဖြတ်ရန် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ (၂)ကို ရွေးချယ်ခန့်အပ်ရာတွင် ဆရာတော်သည် သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပေသည်။

ဆရာတော်ဦးဆောင်သော နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၂)သည် ၁၃၄၃-ခုနှစ်၊ နယုန်လဆုတ် (၁၃)ရက် (၃၁-၆-၈၁)ရက် နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ အပရဂေါယာနကျောင်းဆောင်တွင် ဝိနည်းဓိုရ်ခုံရုံးဖွင့်ကာ ထိုလူသေလူဖြစ် ဝါဒါနုဝါဒဆိုင်ရာ စောဒကနှင့် စုဒိတကတို့၏ ထွက်ဆိုတင်သွင်းချက် ချေပချက်များကို ကြားနာတော်မူခဲ့ကြသည်။

ဆရာတော်အမှူးရှိသော ဝိနည်းဓိုရ်ဆရာတော်တို့သည် ကမ္ဘာအေးကုန်းမြေ၌ ဝါဆိုကာ (၃)လကျော်မျှ အချိန်ယူ၍ ထေရဝါဒပိဋကတ်တော်နှင့် ညှိနှိုင်းစိစစ် ဝေဖန်လျက် ထိုလူသေလူဖြစ် ဝါဒါနုဝါဒကို အဓမ္မဝါဒအဖြစ်လည်းကောင်း၊ ဦးဥက္ကဋ္ဌနှင့် နောက်လိုက်တပည့် အပေါင်းတို့ကို အဓမ္မဝါဒီအဖြစ်လည်းကောင်း အခိုင်အမာ ဆုံးဖြတ်တော်မူလိုက်ကြပေသည်။

ဤသို့လျှင် ဆရာတော်သည် ပရိယတ်စာပေ၌ နှံ့စပ်ကျွမ်းကျင်ခြင်း၊ ဗုဒ္ဓသာသနာတော် တိုးတက်ပြန့်ပွားစည်ပင်ထွန်းကားရေးကို နှစ်ပေါင်းများစွာ ဆောင်ရွက်တော်မူလာခြင်း၊ မှန်မြတ်စစ်မှန်သော ထေရဝါဒဆိုင်ရာ ဗုဒ္ဓဝါဒ၌ အခိုင်အမာ ယုံကြည်ရပ်တည်ကာ ဗုဒ္ဓဝါဒ အမည်ခံ ချွတ်ယွင်းဖောက်ပြန်သော ရုပ်ကြမ်းဝါဒကို ပိုင်နိုင်စွာ တွန်းလှန်ပယ်ရှားတော်မူခြင်း၊ သီလဝန္တ သိက္ခာကာမ လဇ္ဇီပေသလ ဖြစ်တော်မူခြင်းစသော သကျပုတ္တသမဏ ဂုဏ်ရည်တို့နှင့် ပြည့်စုံတော်မူသောကြောင့် သက်တော် (၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

အရွယ်၌ ၁၃၄၄-ခုနှစ်၊ နယုန်လပြည့် မဟာသမယနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေး ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရက "အဂ္ဂမဟာပဏ္ဍိတ"ဟူသောဘွဲ့ထူးဖြင့် ဂုဏ်ပြုပူဇော်လှူဒါန်း ဆက်ကပ်ခြင်းကို ခံယူတော်မူရပေသည်။

## တနင်္သာရီတိုင်း • ထားဝယ်အခြေခံဒေသ

## ထားဝယ်မြို့နယ်၊ ဃောသိတာရာမတိုက် ဦးစီးနာယက

## အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဃောသိတာဘိဝံသမထေရ်မြတ်အား

## ချီးကျူးပူဇော်အပ်သော

## ဂုဏပူဇာ ပဏ္ဏနာဂါထာများ

၁။ နဂရဿ ဒက္ခိဏေ ဒေသေ၊ ထေရော ဟိတာယ သောတုနံ။
ဃောသိတာရာမံ မာပေတိ၊ ပုညဝန္တော သုသီလဝါ။

ပုညဝန္တော၊ ရှေးကဆည်းပူး။ ကုသိုလ်ထူးကြောင့်၊ ချီးကျူးအံ့ဖွယ်၊ ဘုန်းသမ္ဘာကြွယ်တော်မူသော။ သုသီလဝါ၊ ဝိနည်းသိက္ခာ၊ ကျင့်သီလာကို၊ သဒ္ဓါရိုကျိုး၊ လွန်မြတ်နိုးလျက်၊ မညှိုးမခြောက်၊ မကျိုးပေါက်အောင်၊ ကောင်းစွာ စောင့်ရှောက်တော်မူပေထသော။ ထေ-ရော၊ ဘဒ္ဒန္တဃောသိတာဘိဝံသထေရမည်ခေါ်၊ ငါတို့ဆရာတော်အရှင်သည်။ နဂရဿ၊ တနင်္သာရီ၊ တိုင်းဌာနီဝယ်၊ ဂုဏ်ရည်မချို့၊ ရွှေဝယ်မြို့၏။ ဒက္ခိဏေဒေသေ၊ တောင်ခွင်မျက်နှာ၊ ရပ်ဒိသာ၌။ သောတူနံ၊ အဝေးအနီး၊ ခိုမှီးရောက်လာ၊ စာသင်များစွာတို့၏။ ဟိတာယ၊ လောကီလောကုတ်၊ မယုတ်တိုးပွား၊ အကျိုးများစေခြင်းငှာ။ ဃောသိတာရာမံ၊ မြို့ကျက်သရေ၊ လက်လက်ဝေ၍၊ တက်နေအလား၊ လွန်ထင်ရှားသော၊ ဃောသိတ ရာမ ကျောင်းတိုက်ကြီးကို။ မာပေတိ၊ ရှေးဆရာပေါင်း၊ သူတော်ကောင်းတို့၊ ထုံးဟောင်းနည်းမှီ၊ တည်ထောင်တော်မူပါပေ၏။

၂။ ဂဂနေ ပုဏ္ဏစန္ဒောဝ၊ တာရကာဟိ ပရိက္ခိတော။
**ဘာဇမာနေဟိ သီသေဟိ၊** သောဘတေ ဗုဒ္ဓသာသနေ။

ဂဂနေ၊ မိုးတိမ်ကင်းစင်၊ လွန်ကြည်လင်သည့်၊ မိုးကောင်းကင်အလယ်၌။ ပုဏ္ဏဇန္ဒော၊ ဘော်သာခွာသွေး၊ ဖြူဖွေးတောက်ပြောင်၊ ငွေရောင်ဖြာရှန်း လပြည့်ဝန်းသည်။ တာရကာ-ဟိ၊ တလျှပ်လျှပ်ရောင်၊ လက်လက်ပြောင်သည့်၊ မြားမြောင်လှစွာ၊ ကြယ်တာရာတို့ဖြင့်။ ပရိက္ခိတော၊ ရွှေနောက်ဝန်းပတ်၊ ခြံရံအပ်သည်ဖြစ်၍။ သောဘတေဣဝ၊ မြင်သူနှလုံး၊ ကြည်ရွှင်ပြုံးအောင်၊ ယူကျုံးထွန်းပ၊ တင့်တယ်လှသကဲ့သို့။ တထေဝ၊ ထိုနည်းထားယူ၊ အလားတူသာလျှင်။ ဗုဒ္ဓသာသနေ၊ ရှင်တော်ဘုရား၊ တည်ထားမိန့်မှာ၊ သာသနာတော်မြတ်၌။ သော၊ စာတုပါရိသုဒ္ဓိလေးဖြာ၊ ကျင့်သိက္ခာကို၊ လွန်စွာလေးစား၊ ငါတို့ဆရာမထေရ်မြတ်သည်။ ဘာဇမာ-

နေဟိ၊ ဝန်းကျင်ပတ်ချာ၊ရပ်ဒိသာမှ၊ ပညာရင်နို့၊ သောက်စို့ဖို့ရာ၊ ရောက်လာကြကုန်သော။ သိဿဟိ၊ ကြီးငယ်သောင်းသောင်း၊ တပည့်အပေါင်းတို့ဖြင့်။ ပရိက္ခိတော၊ အခါမလပ်၊ ခြံရံအပ်သည်ဖြစ်၍။ သောဘတေ၊ စိတ်ချမ်းမြေ့ဖွယ်၊ ကြည်ညိုဖွယ်ဖြင့်၊ ခန့်ထယ်အေးမြ၊ တင့်တယ်တော်မူလှပါပေ၏။

၃။ စန္ဒိမာ သီတောဘာသေန၊ သတ္တေ တောသေတိ သဗ္ဗဒါ။
တထာ သော ဓမ္မကထာယ၊ သြဝါဒေန စ ဒါယကေ။

စန္ဒိမာ၊ ရောင်ဝါအေးကြူ၊ ဖွေးဖွေးဖြူသည့်၊ ပြိုင်သူပကင်း၊ ရွှေလမင်းသည်။ သတ္တေ၊ ရှိသမျှစုံစွာ၊ သတ္တဝါတို့ကို။ သီတောဘာသေန၊ ကြည်သာရွှန်းပ၊ လွန်အေးမြသည့်၊ ဖြူလွှလက်ပြောင်၊ ဘော်ငွေရောင်ဖြင့်။ သဗ္ဗဒါ၊ ဥဒည်တောင်ဝန်း၊ ရွှေတောင်စွန်းမှ၊ ပေါ်ထွန်းထွက်လာ၊ အခါခါတိုင်း၌။ တောသေတိ ယထာ၊ စိတ်လည်းချမ်းသာ၊ ကိုယ်လန်းဖြာအောင်၊ ဝမ်းသာရွှင်မြူး၊ ကြည်နူးစေသကဲ့သို့။ တထာ၊ ထိုနည်းမခြား၊ ပုံအလားသို့။ သော၊ ဃော သိဘာရုံ၊ တိုက်ရွှေဘုံ၌၊ လေးပုံဋ္ဌရိယာ၊ တည်ငြိမ်စွာဖြင့်၊ ကြည်သာမှီတင်း၊ သီတင်းသုံးတော်မူသော ထိုဆရာတော်ဘုရားသည်။ ဓမ္မကထာယ စ၊ ဗုဝစန၊ မြတ်ဓမ္မကို၊ ကျနရှင်းလင်း၊ ကရုဏာသွင်း၍၊ ဟောကြားတော်မူခြင်းဖြင့်လည်းကောင်း။ သြဝါဒေနစ၊ လောကဓမ္မ၊ နှစ်ဝရေးရာ၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ ကျိုးကြောင်းညွှန်ပြ၊ ဆုံးမတော်မူခြင်းဖြင့်လည်းကောင်း။ ဒါယကေ၊ အရာမက၊ များလှသောင်းသောင်း၊ တပည့်ဒကာ-ဒကာမ အပေါင်းကို။ တောသေတိ၊ ဇောမနသီ၊ ရွှင်ကြည်ချမ်းမြ၊ ပူကင်းပအောင်၊ ကောင်းစွာမသွေ၊ နှစ်သက်စေတော်မူပါပေ၏။

၄။ သီလသမာဓိပညာဟိ၊ ဟိတကာမေန သောတုနံ။
ပိယဂရုဒိဂုဏေဟိ၊ ထေရော ရဋ္ဌေ သုပါကဋော။

ထေရော၊ ဘဒ္ဒန္တဃောသိတာဘိဝံသ၊ နာမထင်ပေါ်၊ ငါတို့ဆရာတော် မထေရ်မြတ်သည်။ သီလသမာဓိပညာဟိ၊ ညစ်ကြေးမတင်၊ သန့်စင်ဖြူလွှ၊ မြတ်သီလနှင့်၊ လွန်စွာမြဲခိုင်၊ မယိုင်မယိမ်း မဘိမ်းမစောင်းဘိ၊ သမာဓိပြင်၊ ပိဋကတ် ဒေသနာ၊ အဖြာဖြာ၌၊ လိုရာအချက်၊ သွက်လက်ပိုင်ပိုင်၊ဖော်ညွှန်းနိုင် ဘိ၊ ဉာဏ်ပဋိဘာန်တို့ကြောင့်လည်းကောင်း။ သောတုနံ၊ ဆရာ့အနီး ခိုမှီးရောက်လာ၊ များစွာသောင်းသောင်း တပည့်စာသင်အပေါင်းတို့၏။ ဟိဘကာမေန၊ လောကီ-လောကုတ်၊ မယုတ်တိုးပွား၊ အကျိုးများကို၊ လိုလားတောင့်တတော်မူလှသော ကြောင့်လည်းကောင်း။ ပိယဂရုဒိဂုဏေဟိ၊ ရိုသေချစ်ထိုက်၊ ချီးမွမ်းထိုက်၍၊ လွှဲမိုက်ဆုံးမ၊ ဂုဏ်ပေါင်းခသည့်၊ ကလျာဏမိတ္တဂုဏ်ရည်တို့ကြောင့်သည်းကောင်း။ ရဋ္ဌေ၊ ပြည်ထောင်စု

**ဆိုရှယ်လစ်သမ္မတ** မြန်မာနိုင်ငံတော်တဝန်း၌။ သုပါကဋ္ဌော၊ မြင့်လှသီခေါင်၊ **အဆောင်** ဆောင်၌၊ စိုက်ထောင်ထူထား၊ တံခွန်လားသို့၊ ထင်ရှားကျော်ကြားတော်မူပါပေ၏။ ။

၅။ အာစေရဂုဏသမ္ပန္နံ၊ ထေရဝါဒသုရက္ခိတံ။
အတ္ထက္ခာယိံ မဟာထေရံ၊ ပူဇေမ လဒ္ဓလဥ္ဆကံ။

**အာစေရဂုဏသမ္ပန္နံ၊** စာပေပို့ချ ညွှန်ပြသွန်သင် ကောင်းရာယှဉ်စေသည့် ဆရာ့ဂုဏ်အင်နှင့် ပြည့်စုံတော်မူထသော။ ထေရဝါဒသုရက္ခိတံ၊ ထေရဝါဒ မြတ်ဓမ္မကို ကျနပိုင်နိုင် မြဲခိုင်အောင် စောင့်ထိန်းတော်မူပေထသော။ အတ္ထက္ခာယိံ၊ များလှသောင်းသောင်း တပည့် ဒကာ ဒကာမအပေါင်း၏ ကောင်းကျိုးကိုသာ ညွှန်ပြဟောကြားလေ့ရှိပေသော။ လဒ္ဓလဉ္ဆကံ၊ နိုင်ငံတဝန်း ထိပ်တန်းဂုဏ်ရည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကောင်စီက ရထိုက်သည့်အလျောက် ချီးမြှောက်အပ်သော အဂ္ဂမဟာပဏ္ဍိတနာမခတံ်နိုပ် ဘွဲ့တံဆိပ်ရှင်လည်း ဖြစ်တော်မူထသော။ မဟာထေရံ၊ ဘဒ္ဒန္တဃောသိတာဘိဝံသနာမမည်တွင် ကျေးဇူးရှင်မဟာထေရ်မြတ်ကြီးကို။ မယံ၊ ဆရာ့ကျေးဇူး ဂုဏ်အထူးကို နှေးညကြည်ညို ရိုသေလေးစားလျက် ရှိကြပါသော ကျွန်ုပ်တို့သည်။ ပူဇေမ၊ ကာယ, ဝစီ မနောချီလျက် သုံးလီသောကံ သုံးတန်ဒွါရ ပဏာမဖြင့် ညွတ်ခရိုကျိုး ရှိခိုးပူဇော်ကြပါ၏ အရှင်ဘုရား။

၆။ သုခီ ဒီဃာယုကော ထေရော၊ ဝေနေယျာနံ ဟိတာဝဟော။
မိစ္ဆာဝါဒိံ နိဂ္ဂဏှန္တော၊ သောဘေတု သာသနံ ဝရံ။

ထေရော၊ သီလသမာ ကျင့်သိက္ခာ၌ ခိုင်မာရက်ရှည် တည်ငြိမ်သောစိတ်နှလုံး ရှိတော်မူသော မထေရ်မြတ်သည်။ သုခီ၊ ရေတွေ့ကြာပန်း မိုးဆန်းပန်းသို့ လန်းဆန်းကြည်သာ ကျန်းမာခြင်းနှင့်ပြည့်ဝသော ကိုယ်ခန္ဓာရှိသည်ဖြစ်၍။ ဒီဃာယုကော၊ အာယုကပ်ကျော်တက် ရှည်လှစွာသော အသက်ရှိသည်ဖြစ်၍။ ဝေနေယျာနံ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ကြသူ ဗိုလ်လူများစွာ ဝေနေယျာတို့၏။ ဟိတာဝဟော၊ ပစ္စုပ္ပန်တမလွန် ကျိုးနှစ်တန်ကို၊ အမှန်ကြည်ဖြူ ဆောင်ရွက်တော်မူလျက်။ ဝရံ၊ လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်ပါသဖြင့် လွန်စွာလေးမြတ် တောင့်တအပ်သော။ သာသနံ၊ အဖိုးအနဂ္ဃ ထိုက်တန်လှသည့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို။ သောဘေတု၊ တက်သစ်စနေဝန်း ထွန်းသစ်စလ ပွင့်သစ်စပန်း လျှမ်းတက်သော ဒီရေအလားကဲ့သို့ တနေ့တခြား လွန်ပြန့်ပွား၍ ကြီးထွားလေအောင် ကြံဆောင်မှန်းရွယ် တင့်တယ်စေတော်မူနိုင်ပါစေသတည်း။

ဦးအာစိဏ္ဏာဘိဝံသ
ရွှေဂူကျောင်းတိုက်၊ ထားဝယ်မြို့

ထားဝယ်မြို့ ဃောသိတာရာမစာသင်တိုက်ကြီး၏ အာဒိမာပက ပဓာနမဟာနာယက
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တဃောသိတာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်တို့ကို
ဖော်ကျူးထောမနာပြုအပ်သော

# ဂုဏသညုတ္တ ထောမနာဂါထာများ

၁။ သီလသမာဓိပညာဟိ၊ သုတေသု မရမ္မဘူတလေ။
ပုဗ္ဗေသွဉတရော ထေရော၊ ဃောသိတာရာမမာပကော။

ဃောသိတာရာမမာပကော၊ တနင်္သာရီ၊ တိုင်းဌာနီဝယ်၊ ဂုဏ်ရည်မချို၊ ထားဝယ်မြို့၌၊ သာသနာ့ကျက်သရေ၊ နဂရကျက်သရေ၊ ဒကာ ဒကာမတို့၏ကျက်သရေကို၊ လက်လက်ဝေဖြာ၊ တက်စေပါသည့်၊ ဃောသိတာရာမ၊ နာမကျော်ဟိုး၊ စာသင်တိုက်ကြီးကို၊ ဦးစီးရှေ့ဆောင်၊ တည်ထောင်ဖန်ဆင်းတော်မူသော။ ထေရော၊ သီလ သမာဓိ၊ အစရှိသည်၊ ထိုရဂုဏ်ရည်၊ စုံညီထင်ရှား၊ ကျေးဇူးရှင် ဃောသိတာရာမတိုက်သစ် ဆရာတော်ဘုရားကြီးသည်။ မရမ္မဘူတလေ၊ သာစွအခေါင်၊ အာရှတောင်ဝယ်၊ သာသနာ့ရောင်လင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌။ သီလသမာဓိပညာဟိ၊ ညစ်ကြေးကင်းပ၊ ဖြူစင်လှသည့်၊ သီလ၊ သမာ၊ ဓိ၊ ပညာဟု၊ သိက္ခာသုံးပါး၊ မြတ်တရားတို့ဖြင့်။ သုတေသု၊ ကြီးသူငယ်သူကျအောင်၊ ထင်ရှားကျော်ကြားတော်မူကုန်သည်၏ အဖြစ်ကြောင့်။ ပုဗ္ဗေသု၊ အဂ္ဂမဟာပဏ္ဍိတ်၊ ဘွဲ့ဂုဏ်ဟိတ်ဖြင့်၊ ခတ်နှိပ်ကော်ရော်၊ အပူဇော်ကို၊ ခံတော်မူထိုက်ငြား၊ သာသနာထိပ်ခေါင်တင် အရှင်မြတ်ဘုရားကြီးတို့တွင်။ အညတရော၊ အရှင့်ကိုယ်မှာ၊ ပြည့်စုံပါသည့်၊ သိက္ခာသုံးပါး၊ မြတ်တရားတို့ကြောင့်၊ မခြားတမူ၊ အလားတူပင်၊ တပါးအပါအဝင်ဖြစ်တော်မူပါပေသည်ဘုရား။

၂။ သာသနုဇ္ဇောတကာရိဘိ၊ လဒ္ဓေါပဒေသထာမဝါ။
ဇနကော ဗဟဝေါ သိဿေ၊ သာသနဿ ဓုရန္ဓရေ။

နော၊ တပည့်တော်များ၏။ မဟာထေရော၊ ဃောသိတာရာမ အာဒိမာပက၊ အစတီထွင်၊ ကျေးဇူးရှင် တိုက်သစ်ဆရာတော်ဘုရားကြီးသည်။ သာသနုဇ္ဇောတကာရေဘိ၊ ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ရောင်ဝါထိန်လင်း၊ တောက်ပခြင်းကို ပြုတော်မူလေ့ရှိကုန်သော မန္တလေးမြို့

ရာဇာဓိရာဇဂုရု၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘွဲ့တော်သ-သည့်၊ သာသနာပြု အကျော် ကျေးဇူးရှင်ညောင်ရမ်းဆရာတော်ဘုရားကြီး။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တော်သ-သည့် သာသနာပြုအကျော် ကျေးဇူးရှင် သတုံမြို့ ဓမ္မမေဒနီဆရာတော်ဘုရားကြီး အစရှိသော သာသနဦးသျှောင်၊ ဘုန်းခေါင်ဘုန်းဖျား၊ ဆရာတော်ဘုရားကြီးတို့မှ။ လဋ္ဌေါပဒေသထာမဝါ၊ နိယံမပြတ်၊ မြဲဆည်းကပ်သဖြင့်၊ ရအပ်သော နယူပဒေသ ထာမသတ္တိ အစွမ်းအား ရှိတော်မူသည်ဖြစ်၍။ သာသနသာ၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏။ ဓုရန္တရေ၊ သန့်ရှင်းရေးတကန့်၊ တည်တံ့ရေးတပါး၊ ပြန့်ပွားရေးတသွယ်၊ ထမ်းဆောင်ဖွယ် အသွယ်သွယ်ကို၊ ထာမသတ္တိ၊ စွမ်းအားရှိသမျှ ထမ်းဆောင်တော်မူနိုင်ကြကုန်သော။ ဗဟဝေါ၊ တွက်ရေမရ၊ မြောက်မြားလှကုန်သော။ သိဿော၊ သကျသီဟတပြာ၊ စေတိယင်္ဂဏတမျိုး၊ အစိုးရပါ၊ ဝဋ္ဋသကာ—ဓမ္မာစရိယ၊ ပထမအကျော် ဘွဲ့ထူးရ တပည့်အကျော်အမော်တို့ကို။ ဇနကော၊ မိမိအတူ၊ သာသနာပြုရေး၊ မြော်ထောက်တွေး၍၊ နည်းပေးစုံစွာ၊ သင်ပြကာဖြင့်၊ ကောင်းစွာမသွေ၊ ဖြစ်ထွန်းပေါ်ပေါက်တော်မူစေခဲ့ပါသည်ဘုရား။

၃။ သုစာရီ ဥဇုကာရီ စ၊ မုဒုဘာဏီ စ သီတလီ။
ဌိတိကာမောဝ စက္ကဿ၊ မိစ္ဆာဝါဒံ သုနိဂ္ဂဟီ။

နေဒ၊ တပည့်တော်များ၏။ မဟာထေရော၊ ကိုးစားရာသခင် ကျေးဇူးရှင် တိုက်သစ် ဆရာတော်ဘုရားကြီးသည်။ သုစာရီ စ၊ သီလသမာ ဓိပညာဟု သိက္ခာသုံးဝ ပြည့်ဝစုံလင် လွန်သန့်စင်သဖြင့် ဂုဏ်အင်အလိုက် ပူဇော်ထိုက်ကြောင်း ကောင်းစွာလည်း ကျင့်တော်မူပါပေ၏။ ဥဇုကာရီ စ၊ မာယာ သာဌေယျ စသည်သွယ်သွယ် မဖွယ်ကောက်ကျစ် စဉ်းလဲပြစ်ဟူ မြူညစ်သန့်ရှင်း စင်စစ်ကင်းသဖြင့် ဖြောင့်စင်းတည့်မတ်စွာလည်း ပြုတော်မူလေ့ရှိပါပေ၏။ မုဒုဘာဏီ စ၊ ကျိုးရှိဟုတ်မှန် နှစ်တန်အပြား သူမှန်သူမြတ်တို့စကားကို ချိုချိုသာသာ နူးညံ့စွာလည်း ဆိုမိန့်တော်မူလေ့ရှိပါပေ၏။ သီတလီ စ၊ တပည့်များစွာ ဒါယကာတို့ ချမ်းသာစေမှန်း မေတ္တာရေအစဉ်ဖြန်းသဖြင့် ကြာပန်းရေစင် ငွေလသွင်သို့ အစဉ်ထာဝရ အေးမြခြင်းလည်း ရှိတော်မူပါပေ၏။ စက္ကဿ၊ ဗုဒ္ဓမြတ်စွာ စောသတ္ထာလျှင် သော့ချာဟောမြွက် ဓမ္မစက်၏။ ဌိတိကာမောဝ၊ မယိုင်မယွင်း တည်တံ့ခြင်းကို ဉာဏ်သွင်းမြော်ခေါ် လိုလားတောင့်တတော်မူသည် ဖြစ်၍သာလျှင်။ မိစ္ဆာဝါဒံ၊ ဗုဒ္ဓဝါဒ မြတ်ဓမ္မကို ထိုးဆွနှောင့်ယှက် ဖျက်ဆီးတတ်ရှောင်း မှားယွင်းသောအယူဝါဒ အပေါင်းကို။ သုနိဂ္ဂဟီ၊ ပြန်ကာမပြူ နာလန် မထူနိုင်အောင် ယထာဓမ္မ ထုတ်ညွှန်ပြ၍ ကောင်းစွာမသွေ နှိမ်နင်းတော်မူပါပေသည်ဘုရား။

၄။ ဝဿသတာဓိကံ ဓဇော၊ သုခိတောဝ ပမောဒတံ။
ဇောတယံ တောသယံ ထေရော၊ သာသနံ စ တမာမကံ။

ထေရော၊ (မဟာထေရော) အဂ္ဂမဟာပဏ္ဍိတ ရာဇဒတ္တ လဥ္ဆနဟု နာမထင်ပေါ် မင်းသိပ်တော်ဖြင့် ခတ်နှိပ်ကော်မျော် ပူဇော်အပ်ငြား ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်၊ ရသေ့၊ ဘုန်းတော်တန်ခိုး တိုးတက်ကြီးမားတော်မူသည်ဖြစ်၍။ သုခိတော၊ ကိုယ်တော်စိတ်တော် နှစ်ဖော်လုံးပါ ကျန်းမာလန်းဖြာ ချမ်းသာခြင်း ရှိတော်မူသည်ဖြစ်၍ သာလျှင်။ သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာကို။ ဇောတယံ၊ ဇောတယန္တော စ၊ ရောင်ဝါထိန်ဝင်း ရှင်နေမင်းသို့ ထွန်းလင်းမသေ့ တောက်ပတော်မူစေလို့ကြောင်း။တမာမကာ၊ ထိုသာသနာ မြတ်ဓမ္မာကို လွန်စွာဆည်းကပ် မြတ်နိုးတတ်သော ရဟန်းတပည့် လူတပည့် ဒါယကာ ဒါယကာမအပေါင်းကို။ထောသယံ=တောသယန္တော စ၊တရားနှင့်ယှဉ် မြတ်ရေစင်ကို အစဉ်တိုက်ကျွေး ပြုပေးဝေ မြတ်နိုးနှစ်သက် စေတော်မူလို့ကြောင်း။ သေ သတာဓိကံ၊ တရာအလွန်ရှိသော နှစ်တို့ပတ်လုံး (ဝါ) အာယုတမ်းပါ လွမ်းတ ကျော်ကာ သက်တော်ဒရာ ကျော်သည့်ဘုံအောင်။ ပမောဒတံ=ပမောဒတု (တပည့်ဒကာ များသိဿတို့က မေတ္တာရေလောင်း ဆုမွန်တောင်းလိုက်ပါသည်) ကောင်းစွာအားရမ်း ပီတိလွှမ်းလျက်ရွှင်လန်းမသေ့ ဝမ်းမြောက်တော်မူကြပါစေဘုရား။

ဂုဏ်ပြုပူဇော်သူ
ဦးအဂ္ဂဝံသာဘိဝံသ
အလယ်တိုက်ကြီး၊ ပေါက်မြိုင်တိုက်
အရှေ့တောင်မြို့နယ်၊ မန္တလေးမြို့။

ဃောသိတာရာမတိုက် ဆရာတော်

ဘဒ္ဒန္တဃောသိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ)

**မထေရ်မြတ်အား ချီးကျူးပူဇော်အပ်သော**

# ဂုဏပူဇာဂါထာများ

## သီလဝန္တဂုဏပူဇာဂါထာ

သီလဝန္တော စာမရော၊ ဃောသိတာရာမနာယကော။
အဂ္ဂမဟာပဏ္ဍိတော တိ၊ အဟော ဘော နော ဂုဏာလယော။

ဘော၊ **သာသနာ့တာဝန်၊ ဒို့တာဝန်ဟု၊ မြတ်မွန်စေတနာ၊ ပြည့်ဝစွာဖြင့်၊ ကြည်ညို ရောင်ဖိတ်၊ သာသနာစိတ်ရှိကြကုန်သော၊ များစွာသောင်းသောင်း၊ အို...ရဟန်း,ရှင်လူ အပေါင်းတို့။** နော၊ ဆရာ့ဆရာ၊ ဒို့ဆရာ၏၊ သီလဉာဏ်၊ ပြည့်စုံဂုဏ်ကြောင့်၊ ဖုံဖုံလေးစား၊ ငါတို့ရဟန်း, ရှင်, လူ၊ တပည့်အများတို့၏။ (ဝါ) ညောင်ရမ်းမဟာ၊ ထေရ်ဆရာ၏၊ လွန်စွာ များပြား၊ တပည့်များတွင်၊ ညောင်ရမ်းအနွယ်၊ လွန်တင့်တယ်အောင်၊ ဂုဏ်ကိုဆောင်သည့်၊ တပည့်များစွာ၊ အပေါင်းငါတို့၏။ ထေရော၊ ဘဒ္ဒန္တဃောသိတာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ မထေရ်မြတ်သည်။ စာမရော၊ စာမရိငှက်၊ မွေးဘောင်မက်သို့၊ နှစ်သက်သည့်ထုံး၊ ပုံတန္တုန်း နှင့်၊ တူတော်မူသော။ သီလဝန္တော၊ စတုပါရိ၊ သုဒ္ဓိသီလ၊ လွန်ပြည့်ဝသော၊ ဆရာတော် ကြီးလည်းဖြစ်ပါပေ၏။ ဃောသိတာရာမနာယကော၊ ဃောသိတာရာမဟု၊ နာမသိုက်မြိုက်၊ ဃောသိတာရာမစာသင်တိုက်ကြီးကို ဦးစွာပထမ၊ တည်ဆောင်တော်မူသည့်၊ စာချအကျော်၊ ဦးစီးနာယက မထေရ်မော်ကြီးလည်း ဖြစ်တော်မူပါပေ၏။

**အဂ္ဂမဟာပဏ္ဍိတော**တိ၊ အဂ္ဂမဟာပဏ္ဍိတဟု၊ အမည်ခတ်နှိပ်၊ ဘွဲ့ပုံတံဆိပ်ဖြင့်၊ ဂုဏ် ဟိတ်စုံဖော်၊ နိုင်ငံကျော်အောင်၊ ထင်ပေါ်ကျော်စေသော၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို လည်း ဆက်ကပ်ခြင်းခံရပါပေ၏။ ဘော၊ များစွာသောင်းသောင်း၊ အို–ရဟန်း, ရှင်, လူ အပေါင်းတို့။ နော၊ ဆရာ့ဆရာ၊ ဒို့ဆရာ၏၊ သီလဉာဏ်၊ ပြည့်စုံဂုဏ်ကြောင့်၊ ဖုံဖုံလေးစား၊

ငါတို့ရဟန်း,ရှင်,လူ တပည့်အများတို့၏။ (ဝါ) ညောင်ရမ်းမဟာ၊ ထေရ်ဆရာ၏၊ လွန်စွာ များပြား၊ တပည့်များတွင်၊ ညောင်ရမ်းအနွယ်၊ လွန်တင့်တယ်အောင်၊ ဂုဏ်ကိုဆောင်သည့်၊ တပည့်များစွာ၊ အပေါင်းငါတို့၏။ ဂုဏာလယော၊ စတုပါရိ၊ သုဒ္ဓိသီလ၊ လွန်ပြည့်ဝတဲ့၊ သီလဝန္တဂုဏ်၊ ဘဒ္ဒန္တဃောသိတာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတဟူသော၊ ဘွဲ့ပုံတံဆိပ်တော်ကို၊ ဆက်ကပ်လှူဒါန်းခြင်း၊ ခံရတဲ့ဂုဏ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဂုဏ် စသည်ဖုံဖုံ၊ ဂုဏ်ပေါင်းစုံတို့၏ တည်ရာ မှီရာ ဖြစ်တော်မူသော ဆရာတော်ဘုရားသည်။ အဟော၊ အော်....အံ့ဖွယ် ဂုဏ်ပြုလောက်ပါပေသည်တကား။ အဟော၊ ဆရာတော်ဂုဏ်၊ အဖုံဖုံကို၊ လုံးစုံပြည့်ဝ၊ အနန္တမို့၊အော်....လက်ဖြောက်ခတ်တီး၊ သံကုန်ဟီး၍၊ အံ့ချီးဂုဏ်ပြုလောက်ပါပေ သည်တကား။

**သမာဓိမန္တဂုဏပူဇာဂါထာ**

မိတိမန္တော ပဗ္ဗတောဝ၊ ဃောသိတာရာမနာယကော။
အဂ္ဂမဟာပဏ္ဍိတောတိ၊ အဟော ဘော နော ဂုဏာလယော။

ဘော၊ သာသနာ့တာဝန်၊ ဒို့တာဝန်ဟု၊ စေတနာသဒ္ဓါ၊ ပြည့်ဝစွာဖြင့်၊ ကြည်ညိုရောင် ဖိတ်၊ သာသနာစိတ် ရှိကြကုန်သော၊ များစွာသောင်းသောင်း၊ အို....ရဟန်း,ရှင်,လူအပေါင်း တို့။ နော၊ ဆရာ့ဆရာ၊ ဒို့ဆရာ၏၊ သမာဓိဉဿုံ၊ ပြည့်စုံဂုဏ်ကြောင့်၊ ဖုံဖုံလေးစား၊ ငါတို့ ရဟန်း,ရှင်,လူ၊ တပည့်များတို့၏။ (ဝါ) ညောင်ရမ်းမဟာ၊ ထေရ်ဆရာ၏၊ လွန်စွာများပြား၊ တပည့်များတွင်၊ ညောင်ရမ်းအနွယ်၊ လွန်တင့်တယ်အောင်၊ ဂုဏ်ကိုဆောင်သည့်၊ တပည့် များစွာ အပေါင်းငါတို့၏။ ထေရော၊ ဘဒ္ဒန္တဃောသိတာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ မထေရ် မြတ်သည်၊ ပဗ္ဗတောဝ၊ လေးရပ်ဒိသာ၊ လေထုလာလည်း၊ ယိမ်းကာမယိုင်၊ ကျောက်စာတိုင် ကဲ့သို့။ မိတိမန္တော၊ မြဲခိုင်စွာဘိ၊ တည်ကြည်သောသမာဓိနှင့်၊ ပြည့်စုံတော်မူသော၊ မိတိမန္တဆရာတော်လည်း ဖြစ်တော်မူပါပေ၏။ ဃောသိတာရာမနာယကော၊ ဃောသိတာ- ရာမဟု နာမသိုက်မြိုက်၊ ဃောသိတာရာမစာသင်တိုက်ကြီးကို ဦးစွာပထမ၊ တည်ထောင် တော်မူသည့်၊ စာချအကျော်၊ ဦးစီးနာယက မထေရ်မော်ကြီးလည်း ဖြစ်တော်မူပါပေ၏။ အဂ္ဂမဟာပဏ္ဍိတောတိ၊ အဂ္ဂမဟာပဏ္ဍိတဟု၊ အမည်ခတ်နှိပ်၊ ဘွဲ့ပုံတံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်စို ဖော်၊ နိုင်ငံကျော်အောင်၊ ထင်ပေါ်ကျော်စောသော၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘွဲ့ပုံတံဆိပ်ကို လည်း၊ ဆက်ကပ်ခြင်းခံရပါပေ၏။ ဘော၊ များစွာသောင်းသောင်း အို....ရဟန်း,ရှင်,လူ

အပေါင်းတို့၊ နေ၁၊ ဆရာ့ဆရာ၊ ဒို့ဆရာ၏၊ သမာဓိဉဿုံ၊ ပြည့်စုံဂုဏ်ကြောင့်၊ ဖုံဖုံလေးစား၊ ငါတို့ရဟန်း,ရှင်,လူတပည့်အများတို့၏။ (ဝါ) ညောင်ရမ်းမဟာ၊ ထေရ်ဆရာ၏၊ လွန်စွာများပြား၊ တပည့်များတွင်၊ ညောင်ရမ်းအနွယ်၊ လွန်တင့်တယ်အောင်၊ ဂုဏ်ကိုဆောင်သည့်၊ တပည့်များစွာ အပေါင်း ငါတို့၏။ ဂုဏာလယော၊ လေးရပ်ဒိသာ၊ လေထုလာလည်း၊ ယိမ်းကာမယိုင်၊ ကျောက်စာတိုင်ကဲ့သို့၊ မြဲခိုင်သော၊ ဓိတိမန္တဂုဏ်၊ ဘဒ္ဒန္တဃောသိတာဘိဝံသ အဂ္ဂမဟာပဏ္ဍိတဟူသော ဂုဏ်၊ လောကမာရဇိန်ဘုရား ဩဝါဒါစရိယဂုဏ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဂုဏ် စသည် ဖုံဖုံ ဂုဏ်မျိုးစုံတို့၏ တည်ရာဖြစ်တော်မူသော ဆရာတော်ဘုရားသည်။ အဟော၊ အော်....အံ့ဖွယ်ဂုဏ်ပြုလောက်ပါပေသည်တကား။ အဟော၊ ဆရာတော်ဂုဏ်အဖုံဖုံကို၊ လုံးစုံပြည့်ဝ အနန္တမို့ အော်....လက်ဖြောက်ခတ်တီး သံကုန်ဟီး၍ အံ့ချီးဂုဏ်ပြုလောက်ပါပေသည်တကား။

## ပညာဝန္တ ဂုဏပူဇာဂါထာ

ပညာဝန္တော ဝဇီရော ဝ၊ ဃောသိတာရာမနာယကော၊
အဂ္ဂမဟာပဏ္ဍိတောတိ၊ အဟော ဓော နော ဂုဏာလယော။

ဘော၊ သာသနာ့တာဝန်၊ ဒို့တာဝန်ဟု၊ စေတနာသဒ္ဓါ၊ ပြည့်ဝစွာဖြင့်၊ ကြည်ညိုရောင်ဖိတ်၊ သာသနာစိတ်ရှိကြကုန်သော၊ များစွာသောင်းသောင်း အို....ရဟန်း, ရှင်, လူ အပေါင်းတို့။ နေ၁၊ ဆရာ့ ဆရာ၊ ဒို့ဆရာ၏၊ ပညာဉဿုံ၊ ပြည့်စုံဂုဏ်ကြောင့်၊ ဖုံဖုံလေးစား၊ ငါတို့ ရဟန်း, ရှင်, လူ တပည့်များတို့၏။ (ဝါ) ညောင်ရမ်းမဟာ၊ ထေရ်ဆရာ၏၊ လွန်စွာများပြား၊ တပည့်များတွင်၊ ညောင်ရမ်းအနွယ်၊ လွန်တင့်တယ်အောင်၊ ဂုဏ်ကိုဆောင်သည့်၊ တပည့်များစွာ အပေါင်းငါတို့၏။ ထေရော၊ ဘဒ္ဒန္တဃောသိတာဘိဝံသ အဂ္ဂမဟာပဏ္ဍိတမထေရ်မြတ်သည်။ ဝဇီရော၊ ဝရဇိန်လက်နက်၊ မိုးကြိုးစက်၏၊ ပစ်ချက်ခံရာ၊ ထိုအရာသည်၊ ပျက်ကာပြုန်းရသကဲ့သို့။ ပညာဝန္တော၊ နိကာယ်ငါးရပ်၊ ပိဋကသုံးပုံ၊ အလုံးစုံ၌၊ အာဂုံပေါက်မြောက်၊ မုန်သောက်မာတင်၊ ပညာရှင်ဖြစ်၍၊ စူးရှထက်သန်၊ ပညာဉာဏ်နှင့် ပြည့်စုံတော်မူသော ပညာဝန္တ ဆရာတော်ကြီးလည်း ဖြစ်တော်မူပါပေ၏။ ဃောသိတာရာမ နာယကော၊ ဃောသိတာရာမဟု၊ နာမသိုက်မြိုက်၊ ဃောသိတာရာမစာသင်တိုက်ကြီးကို၊ ဦးစွာပထမ၊ တည်ထောင်တော်မူသည့်၊ စာချအကျော် ဦးစီးနာယက မထေရ်မြော်ကြီးလည်း ဖြစ်တော်မူပါပေ၏။ အဂ္ဂမဟာပဏ္ဍိတောတိ၊ အဂ္ဂမဟာပဏ္ဍိတဟု အမည်တော်နှိပ်၊ ဘွဲ့ပုံတံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်စုံဖော်၊ နိုင်ငံကျော်အောင်၊ ထင်ပေါ်ကျော်စောသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်ခြင်း ခံရပါပေ၏၊ ဘော၊ များစွာသောင်းသောင်း အို....ရဟန်း,

ရှင်, လူအပေါင်းတို့။ နေ၁၊ ဆရာ့ ဆရာ၊ ဒို့ဆရာ၏၊ ပညာဥဿုံ၊ ပြည့်စုံဂုဏ်ကြောင့်၊ ဖုံဖုံ လေးစား၊ ငါတို့ ရဟန်း,ရှင်, လူ တပည့်များတို့၏။ (ဝါ) ညောင်ရမ်းမဟာ၊ ထေရ်ဆရာ၏၊ လွန်စွာများပြား၊ တပည့်များတွင်၊ ညောင်ရမ်းအနွယ်၊ လွန်တင့်တယ်အောင်၊ ဂုဏ်ကို ဆောင်သည့် တပည့်များစွာ၊ အပေါင်းငါတို့၏။ ဂုဏာလယော၊ ဝရဇိန်လက်နက်၊ မိုးကြိုးစက် ကဲ့သို့၊ စူးရှထက်သန်၊ ပညာဉာဏ်ရှိတော်မူသော ပညာဝန္တဂုဏ် ဘဒ္ဒန္တဃောသိတာဘိဝံသ အဂ္ဂမဟာပဏ္ဍိတဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံရတဲ့ဂုဏ် လောက မာရဇိန်ဘုရား ဩဝါဒစရိယဂုဏ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စသည်ဖုံဖုံ ဂုဏ်မျိုးစုံတို့၏ တည်ရာဖြစ်တော်မူသော ဆရာတော်ဘုရားသည်။ အဟော၊ အော်—အံ့ဖွယ် ဂုဏ်ပြုလောက်ပါ ပေသည့်တကား။ အဟော၊ ဆရာတော်ဂုဏ် အဖုံဖုံကို၊ လုံးစုံပြည့်ဝ၊ အနန္တမို့၊ အော်....လက် ဖြောက်ခတ်တီး သံကုန်ဟီး၍၊ အံ့ချီးဂုဏ်ပြုလောက်ပါပေသည်တကား။

အရှင်ဉာဏာဘိဝံသ
နိုင်ငံတော် သံဃမဟာနာယက
တွဲဖက်အကျိုးတော်ဆောင်
မိုးကောင်းတိုက်၊ မန္တလေး

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရသော
တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်
ဦးစီးနာယကဆရာတော် အရှင်ဃောသိတာဘိဝံသအား ဂုဏ်ပြုဖွဲ့ဆိုအပ်သော

# ဂီတိရတနာ စုံဆယ်ဖြာ

**အဖွင့်ကေပိုဒ်** ။ ၊သုံးဆိုင်ရကနာ ထူးကဲစွာသည်၊
သိက္ခာလည်ရှဲ ဆင်စွဲမြဲသား၊
ဂုဏ်ပွဲသခင် ဘွဲ့ထူးရှင်ကို
လေးပင်ရှိသွတ် ကြည်ဆွတ်ဆွတ်လျှင်၊
မွတ်မွတ်ညက်ညက် ပြစ်မစက်သား၊
ချို့မြက်ဆိမ့်အိ စာပန်းချီဟု၊
ဂီတိရတနာ စုံဆယ်ဖြာဖြင့်၊
ခက်မာမာန်လျှော့ ကျွန်ကန်တော့သည်၊
ပျောင်းပျော့ကြည်သဒ္ဓါစွာပါဘုရား။

၁။ ။ထားဝယ်တိ မြမ္မရဋ္ဌမှိ၊ သုတံ သန္တိနိကေတနံ။
သန္တာနံ မြမ္မပုဗ္ဗေသံ၊ ယံ တနင်္သာရီနံ ပုရံ။

၂။ ။ယော တတ္ထ ဃောသိတာရာမံ၊ သံဃာဝါသံ သနာမတော။
အာစေရော နော မာပေတွာန၊ ဇောတေသိ ဇိနသာသနံ။

(၁) မြမ္မရဋ္ဌမှိ၊ သွေးချင်းသားချင်း၊ ချစ်တုံ့ပြင်းသည့်၊ တိုင်းရင်းပေါက်ဖွား၊ မျိုးဆွေများတို့ပျော်ပါးတူနေ၊ ရွှေမြေရန်အောင်၊ မြန်ပြည်ထောင်၌၊ ထားဝယ်တိ၊ခေါ်စကြာလှယ်၊ ရလိမ့်ရွှယ်လျက်၊ အဝယ်သွားကြ၊ စကားစကြောင့်၊ လောကပရိယာယ်၊ မြို့ထားဝယ်ဟူ၍၊ ကောင်းတင်းမဆုံ၊ ပျံ့နှံ့ကျော်ကြားသော။ သန္တာနံ၊ လုံ့လဇွဲရှိ၊ ရဲသတ္တိနှင့်၊ ဇာတိဌာနီ၊ ပြည်ချစ်တိုင်းခင်၊ သမိုင်းစဉ်ကြောင့်၊ လွန်စွာထင်ရှားကုန်သော။ (ဝါ)သန္တာနံ၊ သဒ္ဓါသီလ စသည်ကောင်းမြတ်၊ ဂုဏ်နှင့်စပ်၍၊ ချီးမွမ်းအပ်ကုန်သော။ မြမ္မပုဗ္ဗေသံ၊ ဗမာ့နွယ်စဉ် မြန်ပြည်ခွင်ကို၊ စတင်တည်သူ၊ ရှေးဟောင်းလူတို့၏။ သန္တိနိကေတနံ၊ တူပျော်အေးချမ်း၊

စိတ်ဝမ်းညီထွေ၊ အခြေချကာ၊ နေကြရာဖြစ်သော။ တနင်္သာရီနှံ၊ တနင်္သာရီ၊ တွင်မည်ကျော်ဟီး၊ တိုင်းနယ်ကြီးတို့၏။ ယံပုရံ၊ တိုင်းရှုံးဇိုက်ရာ၊ သာယာမွေလျော်၊ အကြင်မြို့တော်သည်။ (အတ္ထ၊ ရှိ၏)

(၂) တတ္ထ၊ ထားဝယ်တွင်ခေါ် ထိုကိုင်း၌ မြို့တော်၌။ နေ၁၊ အေးတူပူမျှ ဆရာ့ရိပ်ချမ်းမှီငြမ်းပျော်နေ ဒိုတတွေ၏။ ယောအာစေရော၊ သကျသီဟ ဓမ္မာစရိယ ပိဋကတ္တယပါရဂူဇမ္ဗူမဆန့် ကောင်းဘင်းပြန့်ကျော် အကြင်ဆရာတော်သည်။ သနာမတော၊ တိုင်းသိပြည်နှံ့ကျော်စေ ၁အံ့ဟု ခန့်မှန်းရှုမြော် ဆရာကျော်တို့ မှည့်ခေါ်ခဲ့ကြ ကိုယ်တော်၏အမည်နာမဖြင့်။ ဃောသိတာရာမံ၊ ဃောသိတာရာမ အမည်ရသော။ သံဃာဝါသံ၊ သံဃာကိန်းအောင်းပျော်ဖွယ်ကောင်းသည့် ကျောင်းတိုက်ကြီးကို။ မာပေတွာန၊ကိုယ့်စိတ်နှစ်တန် ပင်ပန်းခံလျက်စီမံစိုင်းပြင်း တည်ထောင် ဖန်ဆင်းတော်မူလျက်။ ဇိနသာသနံ၊ ငါးပါးမာရ်အောင်ဘုန်းခေါင်ရှိက်ရာ သာသနာတော်ကို။ ဇောတေသိ၊ နေဝါလရောင် မကပြောင်ဖို့ စွမ်းဆောင်ချီးမြှောက် ထွန်းတောက်စေတော်မူခဲ့ပါသတည်း။

၃။ ။ပတ္ထဋ္ဌော ထုတိဃောသဿ၊ သမန္တတော မဟီတလေ။
ပါရဂ်တော သပ္ပညာဿ၊ ဒုတ္တိဏ္ဏံ နိကာယဏ္ဏဝံ။

၄။ ။ဆဝဿော မဇ္ဈိမော ယော၀၊ သထုံတိ ပုရိယံ တတော။
ပရိယတ္တိဆဏော လဒ္ဓ၊ လဥ္ဆကောစေသပါရဂူ။

(၃) အဿ၊ ဃောသိတာရာမ မူလတိုက်တည် ထိုမထေရ်ကျော် ဆရာတော်၏။ ထုတိဃောသော၊ အခြေပြုစ ရှင်ငယ်ကလျှင် စရိုက်စံနမူ ယူဖွယ်ဆိုညွှန်း ချီးမွမ်းခြင်းကြောင့်ဖြစ်သောအသံသည်။ သမန္တတော၊ ဆယ်မျက်နှာခွင် ထက်ဝန်းကျင်မှ။ မဟီတလေ၊ ပြည်နယ်တိုင်းခွင် မြေအပြင်၌။ ပတ္ထဋ္ဌော၊ ပြောရှုံမဆုံး ဆိုမမုန်းအောင် ခေတ်လုံးမဆန့်ပျံ့နှံ့ကျော်ကြားပေ၏။ (ကိန္တိ၊ ဆိုဖွယ်မချို၊ အဘယ်သို့လျှင်။ ပတ္ထဋ္ဌော၊ ပျံ့နှံ့ကျော်ကြားပါသနည်း ဟူမူကား) သော၊ ဃောသိတာရုံ ရွှေဘုံတိုက်တည် ထိုမထေရ်ကျော် ဆရာတော်သည်။ သပ္ပညာဿ၊ စူးရှသွက်လက် လွန်ထက်မြက်သား ပင်ထွတ်ထူးချွန် ကိုယ်တော်ဉာဏ်ဖြင့်။ ဒုတ္တိဏ္ဏံ၊ မှန်းတိုင်းထုတ်ချောက် ကမ်းတဘက်ရောက်အောင် ကူးမြောက်ရန်တွက် လွန်စွာခက်သော။ နိကာယဏ္ဏဝံ၊ ဓမ္မ,အတ္ထ စသည်ဆင်းသက် လွန်နဲနက်သား ငါးချက်နိကာယ် ကျမ်းပင်လယ်ကို။ ပါရင်္ဂတော၊ ကမ်းတဘက်ရောက် ကျမ်းလုံးပေါက်အောင် ကူးမြောက်တော်မူနိုင်ပေ၏။

(၄) **တတော၊** ထိုသို့အလွယ် နိကာယ်ငါးဦး ပင်လယ်ကူး ဖြစ်တော်မူသောကြောင့်။ **သော၊** သာသနာ့ကျက်သရေဆောင် ဘုန်းခေါင်ထေရ်ကျော် ထိုဆရာတော်သည်။ ဆ၀သော၊ **ရဟန်းသိက္ခာ** ခြောက်ဝါမျှသာရသော။ မဇ္ဈိမေ၊ မဇ္ဈိမခေါ် ဆို ရဟန်းပျိုသည်သာလျှင်။ (သမာနေ‌ာပိ၊ ဖြစ်ပါလျက်လည်း) သထုံတိ ပုရိယံ၊ သုဝဏ္ဏဘုံ သထုံထင်ပေါ် ရွှေမြို့တော်၌။ ပရိယတ္တိဆဏေ၊ **သုဝဏ္ဏဘူမိ** ပရိယတ္တိသာသနဟိတအသင်း လူကြီးမင်းတို့ ခင်းကျင်းဆင်ယင် စာပွဲသဘင်၌။ **ပါရဂူ** ဣတိ၊ သင်ရိုးအခြေတယ် နိကာယ်ငါးတန် **ဝေဖန်ခုနစ်ခန်း** အတန်းတန်းကို **ဆုံးခန်း**တိုင်ဆောက် တန်းလုံးပေါက်အောင် ပြီးမြောက်အောင်မြင် ဂုဏ်ကြီးရှင်တို့ ပန်ဆင်ရယူ ပိဋကတ္တယ ပါရဂူဟူ၍။ လဒ္ဓလဉ္ဆကော၊ သထုံမြို့သူ ဆုကြီးယူတို့ ကြည်ဖြူစွာ ဆက်ကပ်ရအပ်သော ဘွဲ့တံဆိပ် ရှိတော်မူခဲ့ပါပေသတည်း။

၅။ **။သပုဗ္ဗာ-ပုဗ္ဗဋ္ဌိကာသု၊ ပါဠိအဋ္ဌကထာသု စ။**
**သ္ဒာယံ** ဩဂါဟိတုံ သက္ကာ၊ နာနာနယေဟိ **ပူရယံ**။

၆။ ။ဒဟရောဝ ဒိ္ဓဝဿောပိ၊ မန္တလာချပုရိံ တတော။
ပတ္တံ **သ** သာသနဟိတ၊ ဓမ္မာစရိယလဉ္ဆနံ။

(၅) စ၊ ဆိုဖွယ်ကြောင်း စ ဤမျှလောက်သာ မကပါသေး။ သဒ္ဒါယံ၊ ပိဋကတ္တယပါရဂူ၊ ဝှန်ဆူရိုက်ခြုံး နိုင်ငံလုံးကျော် ထိုဆရာတော်သည်။ သပုဗ္ဗာ-ပုဗ္ဗဋ္ဌိကာသု၊ ရှေးရေးနှောင်းဖြစ် ဟောင်းအသစ်ဟု စစ်စစ်မျှားစွာ ဖွင့်ဋ္ဌိကာနှင့်တကွ ဖြစ်ကုန်သော။ ပါဠိအဋ္ဌကထာသု စ၊ ပါဠိဖွင့်ရာ အဋ္ဌကထာဟူသမျှ လက်မ+လက်သန်း ကြီးငယ်ကျမ်းတို့၌လည်း။နာနာနယေဟိ၊ဆန်း, အလင်္ကာ, သဒ္ဒါ, ပရမတ် ပညတ်နိဿယည်း အထူးထူးသောနည်းတို့ဖြင့်။ ပူရယံ-ပူရယန္တော၊ တစဆွဲငင် တစင်လုံးရိုက် ပိုင်နိုင်ခွဲဝေ ပြည့်စုံစေလျက်။ ဩဂါဟိတုံ၊ လွယ်ကူဆင်ခြင် သက်ဝင်ကျက်စားခြင်းငှာ။ သက္ကာ၊ မုချပုံသေ စွမ်းဆောင်တော်မူပါပေ၏။

(၆) တတော၊ ထိုသို့အလွယ် အကျယ်ချဲ့ထွင် သက်ဝင်ကျက်စားခြင်းငှာ စွမ်းဆောင်တော်မူသည်၏ အဖြစ်ကြောင့်။ ဒိွဝဿော၊ ရဟန်းသိက္ခာ နှစ်ဝါမျှရှိသော။ ဒဟရောဝ၊ ရွယ်တော်နုနယ် ရဟန်းငယ်သည်သာလျှင်။ သမာနေ‌ာပိ၊ ဖြစ်ပါလျက်လည်း။ မန္တလာချပုရိံ၊ မန္တလေးခေါ်တွင် ပညာတက္ကသိုလ် စာသင်ပျိုတို့ ကွန်းခိုမွေ့ပျော် ရွှေမြို့တော်၌။ အဿ၊ သုဝဏ္ဏဘုံ မြို့သထုံ၌ ခိုလှုံလွှမ်းပျော် ကျော်သတင်းမွှေး ထိုရဟန်းငယ်ကလေးသည်။

သာသနဟိတဓမ္မာစရိယလည်းနှင့်၊ ပရိယတ္တိသာသနဟိတအသင်း လူကြီးမင်းတို့ တည်ခင်းစေ့စုံ အာဂုံရေးပြေ ခွဲဝေစိစဉ် စာသင်စာချ တန်းနှစ်ဝကို လှလှကြီးပင် ပြီးအောင်မြင်၍ ကြည်ရွှင်ဖြဖြ ပူဇော်ကြသား၊ ဘဒ္ဒန္တဃောသိဘာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)ဝိသက္ကရာ ရွှေစာသွန်းနှိပ် ဘွဲ့တံဆိပ်တော်ကို၊ ပတ္တံ၊ မပင်မပန်း ချမ်းမြေ့လွယ်ကူ ရတော်မူခဲ့ပေ၏။ ပတ္တံ၊ ပင်ညာဏ် ငွဲမြောက် ထင်တိုင်းပေါက်လျက် မှန်းသလောက်မသွေ ရတော်မူခဲ့ပါပေသတည်း။

၇။ ။မနောရထံ သုပူရေန္တော၊ တတော ယာဝဇ္ဇ သောတူနံ။
နဝမဏ္ဍိမထေရာနံ၊ သတတံ ဂန္ထဝါစကော။

၈။ ။ယဒါ ဟိ အာပဒါ ဇာတာ၊ယေကေစိ ဗုဒ္ဓသာသနေ။
သဗ္ဗေ တေ အဘိဘူ ဝီရော၊ တဒါ ပုဗ္ဗင်္ဂမော အဟု။

၇။ တတော၊ ထိုသို့ ပါရဂူ+ဓမ္မာစရိယ စာချအကျော် ဖြစ်တော်မူပြီးသည်မှ (ပဋ္ဌာယ၊ စ၍။)၊ ယာဝဇ္ဇ၊ပစ္စုပ္ပန်ဆင့် ရှယ်တော်ရင့်ကျက် ယနေ့ထက်တိုင်အောင်။နဝမဏ္ဍိမထေရာနံ၊ ငယ်၊ လတ်၊ကြီးရှယ် သုံးသွယ်လုံးစုံ အကြွင်းမရှိကုန်သော။ သောတူနံ၊ ကျောင်းသားလူမမယ် ရှင်ငယ်ကစ လာသမျှအစားအစား စာသင်သားတို့၏။ မနောရထံ၊ ကိုယ်နှင့်သင့်လျော်တော်ရာစိတ်ကြိုက် အလိုက်ကျင့်သုံး နှလုံးအလိုကို။ ပူရယတော၊ ကြည်ဖြူချမ်းမြေ့ စိတ်တိုင်းတွေ့အောင် ပြည့်စေတော်မူလျက်။ သတတံ၊ ကမ္ဘ,မဂ္ဂ စသည်ရှုစ်ဖြာ ဝီရိယာရမ် လုံ့လသန်လျက် တရံမစဲ အမြဲမပြတ်သာလျှင်။ ဂန္ထဝါစကော၊ သင်ရိုးကျမ်းဂန် အတန်တန်ကို ညာဏ်ကသိုဏ်းစုံ နိမိတ်ပုံသို့ အာရုံစွဲယူ ချပို့တော်မူ၏။

၈။ ဟိ၊ ဆက်၍ အထူး ဆိုပါဦးအံ့။ ယဒါ၊ ကာလဂတိ၊ စသည်ပျက်ကျိုး ခေတ်ဆိုးကြုံလာ အကြင်အခါ၌။ဗုဒ္ဓသာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ယေကေစိ၊မျိုးမည်မထင်ရှား ဖြစ်ပွားလာတုံ အလုံးစုံကုန်သော။ အာပဒါ၊ သာသနာတော်ကြီး ပျက်စီးဖို့ကြောင်း မကောင်းပယောဂ တွင်းပနှစ်တန် ဘေးရန်အန္တရာယ်တို့သည်။ ဇာတာ၊ မမျှော်လင့်ပဲ ဖြုတ်ကနဲရံခါ ဖြစ်ပေါ်လာကြကုန်၏။ တဒါ၊ သာသနာ့ရန်ဘေး အရေးကြုံလာ ထိုအခါ၌။ တေသဗ္ဗေ၊ သာသနာပျက်ကြောင်း မကောင်းပယောဂ တွင်းပဉ္စသုံ အလုံးစုံသော ဘေးရန်တို့ကို။ ဝီရော၊ ပြင်းပြထက်သန် ဇာတိမာန်ဖြင့် တဆံမျှ နောက်မတွန့်သည့် ခိုင်ကြံ့တည်ကြည် ရဲစွမ်းရည်ရှိတော်မူသော။ ပုဗ္ဗင်္ဂမော၊ ရှေ့ဆောင်ဦးစီး ခေါင်းဆောင်ကြီးသည်။

(ဟုတ္ဝာ၊ ဖြစ်တော်မူ၍။) အဘိဘူ၊ ဖြစ်ပေါ်ဟုံးဟုံး ဘေးရန်အားလုံးကို ချေမှုန်းဖြိုခွင်း နှိမ်နင်းတော်မူတတ်သည်။ အဟု၊ ကေန်မူသေ့ ဖြစ်တော်မူခဲ့ပေ၏။ (ဣတိ၊ ဤသို့ဤနှယ် အသွယ်သွယ်အာဝ ကြားသိကြသမျှဖြင့်ပင်။ အဿ၊ ဃောသိတာရုံ ရွှေဘုံတိုက်တည် ထို မထေရ်ကျော်ဆရာတော်၏၊ ထုဘိဃောသော၊ အခြေပြုစ ရှင်ငယ်ဘလျင် စဉ့်စံနမူ ယူဖွယ် ဆိုညွှန်း ချီးမွမ်းခြင်းကြောင့်ဖြစ်သော အသံသည်။ ပတ္ထဋော၊ ခေတ်လုံးမဆံ့ ဝှံ့ချီးအံ့လျက် ပျံ့နှံ့ကျော်ကြားတော်မူပါပေသတည်း။)

၉။ ဧဝံ သာသနဓောရယှံ၊ ရဋ္ဌာဓိပါ ပမောဒိတာ။
အဂ္ဂမဟာဒိနာ ဂုဏော၊ လက်ာရေန သုပူဇိတာ။

ဧဝံ၊ ဤသို့။ သာသနဓောရယှံ၊ သာသနာအကျိုး ဘာသာအကျိုးကို သည်ပိုးလှလှ ခုတိုင်ကျသည် သံဃာ့ဦးသျှောင် ဝန်ဆောင်ထေရ်ကျော် ကျေးဇူးရှင်ဆရာတော်ကို။ ရဋ္ဌာ-ဓိပါ၊ မြန်မာပြည်ထောင်ဖွား တိုင်းရင်းသားတို့ ကြီးပွားစေချင် နည်းလမ်းထွင်လျက် ညွှန်းသင်စီမံ ဇွဲပြင်းထန်သည် နိုင်ငံဦးစီး သမ္မတကြီးတို့သည်။ ပမောဒိတာ၊ ကိုယ်တော် ရည်သွေး ကြိုးနှံ့ခမ္မး၍ မြတ်လေးသဒ္ဓါ လှန်စွာဝမ်းသာကြကုန်လျက်။ အဂ္ဂမဟာဒိနာ၊ အဂ္ဂမဟာ အစဖြာသည့် ဆရာပဏ္ဍိတ သဏ္ဍာအက္ခရာ ဘွဲ့မည်သာသော။ ဂုဏာလက်ာရေန၊ နိုင်ငံအတွက် ဂုဏ်ရည်ဘက်အောင် ဆောင်ရွက်စွမ်းနာ ထိုက်တန်လှသော အဆင်တန်ဆာ ဖြင့်။ သုပူဇိတာ၊ ကောင်းစွာ ထုတ်ဖော် ပူဇော်ကြကုန်ပြီ၊ (သုပူဇိတာ၊ ပြည်ထောင့်တံခွန် ဂုဏ်ရည်ချွန်သား ထေရ်မှန်-ရွေးကောက် တသီးထောက်လျက် ချီးမြှောက်ထုတ်ဖော် ကောင်းစွာ ပူဇော်ကြကုန်သတည်း။)

၁၀။ စိရံ ဇီဝတု နော သတ္ထာ၊ စိရံ တိဋ္ဌတု နော ဂရု။
ဇောတယံ သမ္မာသမ္ဗုဒ္ဓ-သာသနံ ဖဂ္ဂုနိဿတံ။

ဖဂ္ဂုနိဿတံ၊ တပေါင်းအခါ၊ လတရာပတ်လုံး။ သမ္မာသမ္ဗုဒ္ဓသာသနံ၊ သုံးလောကချက်ရှု၊ သဗ္ဗညုဘုန်းမော်၊ သာသနာတော်ကို။ ဇောတယံ၊နေဝါလရောင် မကြပြောင်အောင် မိုက်မှောင် ဖယ်ခွင်း ထွန်းလင်းတောက်ပစေတော်မူလျက်။ နော၊ ဆရာ့ရိပ်ခိုမ်း တူမှီငြိမ်းလျက် စိတ် ဝမ်းပျော်ရွှင် စာသင်စာချ မြဲလုံ့လ၍ ဗုဒ္ဓရှင်ပင် ဒိုသခင်ကျိုး သည်ပိုးဆောင်နေ တို့တတွေ ၏။သတ္ထာ၊ ဃောသိတာရုံ ရွှေဘုံတိုက်တည် မဟာထေရ်ကျော် ကျေးဇူးရှင်ဆရာတော်သည်။ စိရံ၊ ရောဂါမလွှမ်း ဘေးမသန်းပဲ ခံ့ကျန်းချမ်းသာ ရှည်မြင့်စွာလျှင်။ဇီဝတု၊ အာယုကပ်ပေါ် လွန်၍ကျော်အောင် သက်တော်ခိုင်ကြည် ရှည်တော်မူပါစေသတည်း။ နော၊ ဆရာ့ရိပ်ထိး

မို့ရှုကြီးသည့် ပွားစီးကျက်သရေ တို့တတွေ၏။ဂရု၊အဂ္ဂပဏ္ဍိတ် သွန်းခတ်နှိပ်လျက် တံဆိပ် မင်းလှု ရတော်မူသည် ဇမ္ဗူမဆုံ ဂုဏ်တင်းပျံ့သား နိုင်းစံ့အကျော် ကျေးဇူးရှင် ဆရာ တော်သည်။စိရံ၊ကိုယ့်စိတ် နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းချမ်းသာသာ ရှည်မြင့်ကြာ အောင်။ တိဋ္ဌတု၊တည်စေတော်မူပါစေသဘည်း။ (တိဋ္ဌတု၊ လက်ရွေးစဉ်ချည်း စေတိုင်းပြီး သည် ထံနီးပျော်ရွှင် ခြွေရှေရှင်တို့ လိုအင်ဖြည့်ကြ စိတ်တိုင်းကျလျက် သောကမနှောင့် ပူမကြောင့်ပဲ ချမ်းတောင့်ချမ်းသာ ပျော်ရွှင်စွာလျှင် ရာကျော်သက်လုံး တည်တော်မူပါ စေသတည်း။)

ဦးသူရိယာဘိဝံသ

စိန်မမကျောင်းတိုက်

မော်လမြိုင်မြို့။

တနင်္သာရီတိုင်း၊ ထားဝယ်မြို့

ဃောသိတာရာမစာသင်တိုက်ကြီး ၏ အာဒိမာပက

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး၏

ပူဇော်ပွဲ၌

တိုင်း သာသနာရေး ဦးစီးဌာနမှ ဂုဏ်ပြုပူဇော်အပ်သော

# ထုတိဩဘာ ဝန္ဒနာ ဂါထာ

၁။ ပုဂ္ဂလော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ဇာတော ဣဓ သုခေါယေဝ၊ ဟိတော သော သဗ္ဗပါဏိနံ။

လောကေ၊ ဗြဟ္မာ နတ်လူ၊ သုံးဘုံသူတို့ ကြည်ဖြူအားရ၊ နေထိုင်လျက်ရှိကြသော၊ နိစ္စပြိုကွဲ၊ ထာဝရမမြဲသည့်၊ ဤလောကကြီးထဲ၌။ ပုရိသာဇညော၊ တယောက်ဆိုတယောက်၊ ဆိုစလောက်အောင်၊ ထွန်းတောက်ပေါ်လာ၊ ဂုဏ်ထူးဖြာသည့်၊ ယောကျ်ားအာဇာနည်မျိုး ဖြစ်ပေထသော။ ပုဂ္ဂလော၊ သတ္တဝါအများ၊ ချမ်းသာပွားဖို့၊ မြောက်စားပေအပ်၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည်။ အတ္ထိ၊ မလွဲမသွေ အမြင်အားဖြင့် ထင်ရှားရှိခဲ့ပါပေ၏။ သောပုဂ္ဂလော၊ အာဇာနည်းမျိုးဇာတ်၊ ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည်။သဗ္ဗတ္ထ၊ လောကသိမ်းခြုံ အလုံးစုံဟု အဖုံဖုံအထပ်ထပ် ထိုသို့သော အရပ်ဒေသတို့၌။ နဇာယတိ၊ ယုန်ချို, လိပ် မွေး, ပုဇွန်သွေးကို၊ ရရေးပိုင်ဆိုင်၊ မဖြစ်နိုင်သကဲ့သို့၊ ကြံ့ခိုင်သေချာ၊ မဖြစ်ထွန်း မပေါ်ပေါက်နိုင်ခဲ့ပါပေ။ ဣဓ၊ တနင်္သာရီတိုင်းအတွင်း၊ ဂုဏ်နှံ့သင်း၍၊ ညင်းမော်ခေါ်သည့် ဤရွာကြီး၌။ ဇာတော၊ သန့်ရှင်းသင့်တော် အမျိုးသူငါ၊ အေးချမ်းသာဖို့၊ မှန်စွာဖြစ်ထွန်း၊ ဤဃောသိတာရာမဆရာတော်ဘုရားကြီး မွေးဖွားပေါ်ပေါက်၍လာရခြင်းသည်။ ဣဓ၊ တနင်္သာရီတိုင်းဌာနီ၏၊ဂုဏ်ရည်မချို ထားဝယ်မြို့၌ ရွှန်းစို့ဝေဖြာ၊ ပျော်မွေ့ဖွယ်ရာဖြစ်သည့်၊ ဃောသိဘာရာမ မည်စွကျော်ဟီး စာသင်ကျောင်းတိုက်ကြီး၌။ ဇာတော၊ ဗုဒ္ဓမြတ်စွာ၊ သာသနာတို့၊ ဂုဏ်ဝါ မြင့်မောက် လျှမ်းလျှမ်းတောက် ဖို့ ထွန်းဖောက်မမှတာ၊ ဤဃောသိတာရာမ ဆရာတော်ဘုရားကြီး ဖြစ်ပေါ်လာရခြင်းသည်။ သုခေါယေဝ၊ စာသင်သားတပည့်များမှာလည်း၊ စာပေပရိယတ္တိလျှမ်းလျှမ်းသိ။ဆည်းကပ်သူ၊ ဒါယကာ ဒါယိကာမျှားမှာလည်း၊နတ်ရွာသုဂတိ၊ နိဗ္ဗာန်ထိ မှီဝဲပေါင်း

ဖော်၊ သံဃာတော်အရှင်မြတ်များမှာလည်း လိုရာဆန္ဒအလုံးစုံရရှိ ဤသို့ဆိုဘိ ဂုဏ်ပေါင်းပြည့်သည့် ချမ်းသာတုံးချမ်းသာခဲ ချမ်းသာအစစ်ကြီး ဖြစ်ပါပေစ္စတကား။ သောပုဂ္ဂလော၊ သာသနာ့ဂုဏ်ရည်၊ အာဇာနည်မို့၊ သညီကျော်ဟီး၊ ဤသောသိတာရာမ ဆရာတော်ဘုရားကြီးသည်။ သဗ္ဗပါဏီနံ၊ ပန်းဝတ်အရည်၊ ရသာဆီကို၊ လီလီစွဲသုံး၊ ပျားပိတုန်းကဲ့သို့၊ ရွှင်ပြုံးရောက်လာ အဖြာဖြာသော သတ္တဝါတို့၏။ ဟိတော၊ တရားရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးရစေ၊ မျှတဝေသဖြင့်၊ ကျက်သရေအသွယ်သွယ် ပြည့်ဖြိုးကြွယ်သည့် စီးပွားခဲ၊ စီးပွားတုံး သဖွယ်ဖြစ်ပါပေစွတကား။

## ၂။ သမဏော ပါသာဏထမ္ဘော၊ သုဝဏ္ဏကုမ္ဘဒီပကော၊ သာရရုက္ခော ဖလူပေတော၊ ဝိဇာတော မာတုသန္နိဘော။

သမဏော၊ ပဋိပတ္တိသာသနာ ပဋိဝေဓ သာသနာတည်းဟူသော သာသနာမြတ် ထိုနှစ်ရပ်ကို မပြတ်စည်ပင် ပေါ်ထွန်းယှဉ်အောင် နေ့စဉ်ကျိုးကုတ် ပရိယတ္တိသာသနာ တည်းဟူသော စာသင်စာချ အလုပ်မျိုးကို အားထုတ်မြဲမြံ ဇွဲသန်သန်ဖြင့် အမှန်နိူးဆော် ကျိုးစားတော်မူသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဤသောသိဘာရာမ ဆရာတော်ဘုရားကြီးသည်။ သုဝဏ္ဏကုမ္ဘဒီပကော၊ ရွှေအိုးမြှုပ်ထား တည်နေရာများကို လွဲမှားမရှိ အမှန်သိအောင် တိတိကျကျ ဖော်သွန်းပြသ၍ နေသော။ ပါသာဏထမ္ဘော၊ အက္ခရာပီပြင် ရေးသားတင်လျက်ထားစဉ်ခံ့ခိုင် ကျောက်စာတိုင်ကြီးနှင့် တူလှပါပေ၏။ သမဏော၊ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ တည်းဟူသော သာသနာ့ဂုဏ်မြင့် အသီးအပွင့်တွေကို ထပ်ဆင့်ဝေဝေ သီးပွင့်လေအောင် မသွေအကျော် ပရိယတ္တိသာသနာတော် တည်းဟူသော စာပေကျမ်းဂန် အတန်တန်ကို သင်အံပို့ချ ဇွဲလုံ့လ ရှိတော်မူသော ဆရာတော်ဘုရားကြီးသည်။ ဖလူပေတော၊ အသီးအပွင့် ဝေဆာမြင့်လျက် ဖြိုးတင့်ကျက်သရေ မြင်သူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေတတ်သော။ သာရရုက္ခော၊ ခက်မါးဖြာ၊ စုံလင်စွာနှင့် ပထဗျာမြေအတွင်း အမြစ်ရင်းတို့၊ ဖြိုခွင်းမချ၊ ခိုင်မြဲလှသည့် အနှစ်သာရ ပြည့်ဝသော သစ်ပင်ကြီးနှင့် တူလှပါပေ၏၊ သမဏော၊ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ တည်းဟူသော သာသနာနှစ်အား သားတော် သမီးတော် များကို ဖွံ့ထွားပိုင်ပိုင် မွေးဖွားပေးနိုင်သည့် ငါးဆိုင်နိကာယ် သုံးသွယ်ပိဋကတ် အရပ်ရပ်၌ နှံ့စပ်သော ပရိယတ္တိ သာသနာတော်နှင့် တူလှစွာသော ဤသောသိတာရာမ ဆရာတော်ဘုရားကြီးသည်။ ဝိဇာတော၊ သားစဉ်မြေးမြတ် မျိုးဆက်မပြတ်ဖို့ ဆက်စပ်အနေ၊ တည်ရစ်လေအောင် ရှန်းဝေထပ်ထပ် မွေးဖွားရှ်ပေးတတ်သော။ မာတုသန္နိဘော၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးအရှင် မွေးမိခင်နှင့် တူလှပါပေ၏။

## (၃) မဟာပညော သုသီလော စ၊ သောထေရာဒိမာပကော။ ထိရစိတ္တောဟိ သမ္ပန္နော၊ အစ္ဆရိယော သုဒုလ္လဘော။

သောထေရော၊ သာသနာ့အာဇာနည်၊ ဂုဏ်ရည်ထွတ်ဖျား၊ လွန်ကျော်ကြားသည့် ထားဝယ်မြို့ ဃောသိတာရာမ၊ ဤဆရာတော်ဘုရားကြီးသည်။ အာဒိမာပကော၊ တိုက်တွင်းဝင်လျှင် သူတော်စင်တို့ ပျော်ရွှင်အားရ အေးကြည်မှ၍ ထူးစွဇေတဝန် ဝေဠုဝန်သို့ ပုံစံနိုင်းမှု ပမာပြုရသည့် ဃောသိတာရာမ စာသင်တိုက်ကြီးကို ဦးစီးရှေ့ဆောင် ဘုန်းဂုဏ်ရောင်ဖြင့် တည်ထောင် ဖန်ဆင်းနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပါပေစွတကား။ သောထေရော၊ သဒ္ဓါ၊ သီလ၊ ဒါန ဖွံ့ဖြိုး မြင့်မြတ်သောအမျိုး၏ ဆင့်တိုးဝေဖြာ ခမည်းတော် ဦးဖိုးရန်+ မယ်တော် ဒေါ်ခြုံတို့မှ ပေါက်ဖွားပေါ်ထွန်း၍လာသော ဤဃောသိတာရာမ ဆရာတော်ဘုရားကြီးသည်။ မဟာပညော၊ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ကျမ်းအထပ်ထပ်ကို လေးမြတ်တတ်သည့် ပညာရှိ၍ ကဝိထွတ်ခေါင် ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါးသို့ လွဲမှားကင်းပ ထုထည်ကြီးမားလှသည့် မဟာပထဝီမြေကြီးနှင့်တူသော ပညာရှိပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပါပေစွတကား။ သောထေရော၊ ကောင်းကင်အလယ် သောကြာကြယ်သို့ တင့်တယ်ဆင်ရှား နိုင်ငံအဝန်း အမှန်ကျော်ကြားသည့် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ညင်းမော်ရွာသား ဤဃောသိတာရာမ ဆရာတော်ဘုရားကြီးသည်။ သုသီလော စ၊ ပွတ်သစ်စဝင်း ခရုသင်းသို့ ဖြူစင်းလှလှ သန့်ရှင်းလှ၍ လာသမျှဥဿုံ တပည့်ဒကာ ဒကာမ အဖုံဖုံတို့ကို စွယ်စုံသုခ ပေးဝေသဖြင့် အေးမြသော သီလနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပါပေစွတကား။ သောထေရော၊ စာသင်တိုက်ကြီးကိုလည်း အစအဦး တည်ထောင် စာပေပရိယတ်မှာလည်း မီးရှူးတန်ဆောင်၊ ရှင်ဥက္ကဋ္ဌဝါဒ အာဆုံအဖြတ် အဖွဲ့မှာလည်း သဘာပတိ ထွတ်ခေါင်၊ တနင်္သာရီတိုင်းမှာလည်း ရဟန်းတော်များ၏ အညွန့်အဖူးဦးသျှောင် အခေါင်အများ ထိုသို့ဤသို့သော ဂုဏ်အပေါင်းများနှင့် ပြည့်စုံတော်မူသည့် ဤဆရာတော်ဘုရားကြီးသည်။ ထိရစိတ္တောဟိ၊ မုန်တိုင်းလေပြင်း တိုက်ခတ်လျှင်းလည်း ရွေ့ပြောင်းမရှိ တည်တံ့ဘိသည့် မြင်း၏ခုံခိုင် ကျောက်စာတိုင်ကဲ့သို့ မယိုင်ထင်ရှား သမာဓိအား ကောင်းသော စိတ်တော်များနှင့်။ သမ္ပန္နော၊ အပြစ်ယှဉ်ပွား ရှုသော်ငြားလည်း သေးမွှားမတွေ့ ပြကတေ့ဥဿုံ ပြီးပြည့်စုံသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပါပေစွတကား။ သောထေရော၊ ဤဆရာတော်ဘုရားကြီးသည်။ အစ္ဆရိယော၊ စာမေးပွဲတိုင်းမှာ ဖြေဆိုရာ၌ ကြည်သာလှလှ အောင်မြင်မှု ဂုဏ်ထူးတွေ ရတော်မူခဲ့ပါသောကြောင့် လက်ဖြောက်ရိုက်ဘိ အံ့ချီးထိုက်သော ပုဂ္ဂိုလ်ထူး ဖြစ်ပါပေစွတကား။ သောထေရော၊ ဤဆရာတော်ဘုရားကြီးသည်။ သုဒုလ္လဘော၊ ရရန်ကွာလှမ်း တာဝတိံသာမည် ခက်ခဲသော နွယ်နီနတ်ပန်းကဲ့သို့ ထူးဆန်းသွယ်သွယ် အမှန်ပင်ရနိုင်ခဲသော ပုဂ္ဂိုလ်ထူး ဖြစ်ပါပေစွတကား။

၄။ တာဒိသော ပုရိသာ ဇဉ္ဇော၊ ဓမ္မရာဇေဟိ ပူဇိတော။
အဟော နော တဿ ဝန္ဒန်၊ အဟော နော တဿ ပူဇန်။

တာဒိသော၊ ဆိုအပ်ပြီးသား ထူးခြားလှသည့်ဂုဏ်တို့နှင့် ပြည့်စုံသော သဘော ရှိတော်မူသော။ ပုရိသာဇဉ္ဇော၊ ဂုဏ်ထူးအထပ်ထပ် ရယူအပ်သည့် ဂုဏ်ရည်မောက်ကြွား ယောကျ်ားအာဇာနည် ဖြစ်ပါပေစွတကား။ ဓမ္မရာဇေဟိ၊ တရားရေဖျန်း စိတ်ဌင်လန်းအောင် တိုင်းခန်းထပ်ထပ် ဝမ်းမြောက်စေတတ်သည့် ဤပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် မင်းတို့သည်။ ပူဇိတော၊ အဂ္ဂမဟာပဏ္ဍိတ ဟူသော ဘွဲ့တံဆိပ်ဖြင့် ပူဇော်ခြင်း ခံရသော ပုဂ္ဂိုလ်ထူးဖြစ်ပါပေစွတကား။ တဿ၊ ထိုသို့ ဂုဏ်ပေါင်းပြည့်ဝသည့် ဆရာတော်ဘုရားကြီးအား။ ဝန္ဒန်၊ ဂါရဝရိုကျိုး လက်စုံမိုးကာ ရှိခိုးကန်တော့လိုက်ရခြင်းသည်။ အဟော နော၊ ဖွံ့ထွားစည်ပင် ကြည်လင်ချမ်းသာ အော် .. ဝမ်းမြောက်ဖွယ်ရာကြီးပါတကား။ တဿ၊ ဂုဏ်ရည်တောက်ကြွား သောသီတာရာမ ဆရာတော်ဘုရားကြီးအား။ ပူဇန်၊ အာမိသပူဇာ ဓမ္မပူဇာ နှစ်ဖြာဖြင့် ပူဇော်လိုက်ရခြင်းသည်။ အဟော နော၊ ဖွံ့ထွားစည်ပင် ကြည်လင်ချမ်းသာ အော်....ဝမ်းမြောက်ဖွယ်ရာကြီးပါတကား။

၅။ ဒေသေတု ဓမ္မကာမာနံ၊ ထေရော ရက္ခတု သာသနံ။
အရောဂေါ သုခိတော ဟောတု၊ ဒီဃာယု ဗုဒ္ဓသာသနေ။

ထေရော၊ သီလ သမာဓိ ပညာတို့ဖြင့် ခိုင်မြဲခြင်းရှိတော်မူသော ဆရာတော်ဘုရားကြီးသည်။ ဓမ္မကာမာနံ၊ တရားတော်လိုလား တပည့် ဒကာဒကာမတို့အား။ ဒေသေတု၊ နေ့ညဖန်ခါ ဟောကြားဆုံးမ ဩဝါဒ ပေးတော်မူနိုင်ပါစေသတည်း။ ထေရော၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးသည်။ သာသနံ၊ သုံးဖြာသော သာသနာတော်ကြီးကို။ ရက္ခတု၊ နေ့ရှိသရွေ့ ပျင်းမမှေ့ပဲ စေ့စေ့ဖန်ကာ စောင့်ရှောက်တော်မူနိုင်ပါစေ သတည်း။ ဗုဒ္ဓသာသနေ၊ ဘုရားရှင် သာသနာတော်မြတ်အတွင်း၌။ ဒီဃာယု၊ ကြည်ဖြူဆင့်ပွား သက်တော်ရှည်လျားသည်။ ဟောတု၊ ဖြစ်ပါစေသား ဘုရား။ အရောဂေါ၊ ရှင်ဗာကူ မထေရ်ကဲ့သို့ နေ့ညမကွာ ကိုယ်ရောဂါ စိတ်ရောဂါ ကျန်းခံ့မာသည်။ ဟောတု၊ ဖြစ်ပါစေသားအရှင်ဘုရား။

သုခိတော၊ အစစအရာရာ ကိုယ်ကျန်းမာရွှင်တင်မကာ စိတ်တော်ပါအမှန် ချမ်းသာသသည်။ ဟောတု၊ သာသနာ့သမိုင်းတခွင်မှာ ဥဒါန်းတင်ကာ ကမ္ဘည်းထိုးရ၍ မညှိုးအစဉ် ထာဝရလန်း စေဖို့ သတိုးအသွင် လာသမျှ စွဲရစ်အောင် အမြဲတမ်းဖြစ်ပါစေသား ဘုရား။

ဦးယုမြိုင်
တိုင်းလက်ထောက်သာသနာရေးမှူး
တနင်္သာရီတိုင်း ထားဝယ်မြို့

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရတော်မူသော**

**ဃောသိတာရာမတိုက် ဆရာတော်ဘုရားကြီးအား**

# ဂုဏ်ပြုသော ထုတိမင်္ဂလာကဗျာ

**ဟိဘ်ထူးကံရှင်**၊ ဇာတိခွင်ကား၊ တနသ်ာရီ၊ တိုင်းဌာနီဝယ်၊ ရစ်သီပင်လယ်၊ တောတောင် စွယ်ဖြင့်၊ မွှေ့ဝယ်ဒေသ၊ အခြေကျသည့်၊ နဂရလောင်းလုံး၊ နယ်တန္တုန်းတွင်၊ အကြုံးဝင်ကာ၊ ညင်းခမော်ရွာ၌၊ သဒ္ဓါခိုင်ဖြိုး၊ ပညာမျိုးလျက်၊ ခမည်းဟော်မှန်၊ ဦးဖိုးရန်နှင့်၊ ရွှေးကံတူပျော်၊ မယ်တော် ဒေါ်ခြုံ၊ ဖြာတိုက်အုံမှ၊ ဖွားတုံသက္ကရာဇ်၊ ရေတွက်စစ်သော်၊ တစ်နှစ်ခြောက်ကိုး၊ ကောဇာတိုးသည့်၊ တိမ်ခိုးပြာရီ၊ ညိုဝါနီနှင့်၊ ရာသီပြိုသ၊ ကဆုန်လဝယ်၊ စန္ဒပြည့်ကျော်၊ ဆယ့်တစ်ခေါ်သည့်၊ ကျားပျော်နေ့မှာ၊ ဤလူ့ရွာသို့၊ မင်္ဂလာဇာတိ၊ ဖွားမြင်ဘိရှင့်၊ ကဝိတဆူ၊ လောင်းလျာမူကား၊ သူငယ်ရည်သွေး၊ ရွယ်နုလေးက၊ ရှေးကံနှိုးဆွ၊ သာမဏေရနှင့်၊ ဥပသမ္ပဒါ၊ ဆက်ဆင့်ကာဖြင့်၊ ချိန်ခါမလပ်၊ ပရိယတ်ကို၊ မပြတ်လုံ့လ၊ ကြိုးပမ်းလှသည်၊ **နဂ္ဂဘာသာ လင်းပါဘုရား။**

**စိတ်ကူးဉာဏ်လျှင်**၊ စာသင်စဉ်က၊ ငြိုငြင်မရှိ၊ သဘောမိလျက်၊ ပိဋကသုံးသွယ်၊ နိကာယ် ငါးထွေ၊ ကျမ်းစုံမွေ၍၊ သင်ပေတတ်မြောက်၊ ပါရမီးမြောက်သား၊ တောက်ပြောင်ရည်ချွန်၊ အောင်တံခွန်ကို၊ မိုးစွန်ပျံဝဲ၊ လွှင့်ထူဆွဲခဲ့၊ စိတ်ဇွဲခိုင်ဖြိုး၊ ဇာနည်မျိုးမို့၊ တိုးတက်လှယ်ကူ၊ မော်ကွန်းထူလျက်၊ နယူပဒေသ၊ ပြည့်စုံလှသော၊ သုဝဏ္ဏဘုံ၊ မြို့သထုံဝယ်၊ ရိပ်မြုံဗိမာန်၊ တိုက်လယ်ဝန်ကို၊ လမ်းညွှန်ရွှေဆောင်၊ စတည်ထောင်၍၊ ထို့နောင်နောက်ထပ်၊ ရွှေဝယ်ရပ်သို့၊ ရှင်မြတ်ကြွလာ၊ ဃောသိတာရုံ၊ ဝိဟာဘုံကို၊ ပြည့်စုံစေ့ငုံ၊ ဖန်ဆင်းပြု၍၊ သောတုနောင်လာ၊ များသိဿာအား၊ စာဝါပို့ချ၊ ကာလရှည်ညောင်း၊ မွှေလျော်အောင်း၏၊ ခေတ်ပြောင်းသမယ၊ ပစ္စက္ခတွင်၊ သံဃာ့ဝန်ဆောင်၊ သံဃာ့ဘောင်ဝယ်၊ အောင်မြင်စွမ်းစွမ်း၊ တာဝန်ထမ်းလျက်၊ လျှမ်းလျှမ်းပပ၊ မိဋ္ဌာန်ချသည်၊ **သကျသာသနာ ရှင်းပါဘုရား။**

**ထိပ်းဦးပန်ဆင်**၊ ဆက်လျှောက်တင်အံ့၊ ဘုန်းရှင်ဉာဏ်ချွန်၊ ဆရာမွန်ကား၊ မှန်ကန်စေတနာ၊ ကျင့်သိက္ခာကြောင့်၊ ဩဝါဒါစရိယ၊ **နာယက**နှင့်၊ ဆဋ္ဌသံဂါ၊ သောဓကာတည်း၊ ဝန်တာသီးသီး၊ ဆောင်ရွက်ပြီးလျှင်၊ ပျက်စီးအယူ၊ လူသေလူဖြစ်၊ မှုအညစ်ကို၊ စိစစ်ဆင်ခြင်၊ သမ္မာဉ်ဖြင့်၊ ပယ်ကြဉ်အမှား၊ မှန်တရားကို၊ ပိုင်းခြားသုံးသပ်၊ မူဆုံးဖြတ်ခဲ့၊ မြင့်မြတ်ပြောဟုန်၊ ဆရာ့ဂုဏ်ကို၊ ပိုဒ်စုံသုံးခု၊ ဤရတုဖြင့်၊ ပေါင်းစုမြင်မြော်၊ ရုပ်လုံးပေါ်အောင်၊ မဖော်နိုင်ရှင့်၊ ရောင်ဆင်း သင့်တင့်၊ ဖူးပွင့်စုပုံ၊ ပန်းပေါင်းစုံမှ၊ သင်းထုံမွှေးအိ၊ ပန်းသိင်္ဂီမျ၊ ကုံးသီရငြား၊ ပုံတူလားသည့်၊ ဘုရားသက်တော်၊ ထင်ရှားသော်ကား၊ ချီဝေါမိန့်သံ၊ တေဒဂ္ဂံဟု၊ အပ်နှံချီးမြှောက်၊ ဆိုစ လောက်ပါ့၊ မျက်မှောက်ထင်လင်း၊ ပြည်သူမင်းတို့၊ လက်ငင်းစံပြ၊ ပူဇော်ကြသည်၊ **အဂ္ဂမဟာ နှင်းပါဘုရား။**

**ဦးတိလောက**

**ပုလောအရှေ့ကျောင်း**

**ပုလောမြို့။**

**ထားဝယ်မြို့ ဃောသိတာရာမ တိုက်ကြီး၏**

**အာဒိမာပက ပဓာန မဟာနာယက နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်**

**သီးခြားဝိနည်းဓိုရ်အဖွဲ့ (၂) သဘာပတိ**

**ဂုဏ်တော်တို့ကို ဖော်ကျူး ထောမနာပြုအပ်သော**

# ဂုဏသညှာ ထောမနာ မင်္ဂလာရတုပိုဒ်ခုံ

(၁) ထူးတင့်ဝေဖြာ၊ ရောင်ဝါဝါတည့်၊ သာသနာကြည်လင်း၊ မြန်ပြည်တွင်း၌၊ တနင်္သာရီ၊ တိုင်းဌာနီဝယ်၊ ဂုဏ်ရည်လျှံပျို့၊ ရွှေဝယ်မြို့၏၊ မချိုထွေထွေ၊ ကျက်သရေကို၊ တက်နေအလား၊ လက်စေငြားသည့်၊ တို့များသခင်၊ ထေရ်ဘုန်းရှင်ကား၊ အသွင်နေလ၊ မန်းဌာန၌၊ သာသနာရောင်လျှမ်း၊ မှောင်မသန်းသည့်၊ ညောင်ရမ်းဘုန်းရှိ၊ မြတ်ကဝိနှင့်၊ ဘူမိသထုံ၊ ဂုဏ်ပေါင်းစုံသား၊ ထေရ်ပုင်္ဂဝ၊ ပါကဋတည့်၊ဓမ္မဒေသနီ၊ မြတ်မထေရ်တို့၊ ယုံကြည်မြတ်လေး၊သာသနာရေးကို၊ ထောက်တွေးမြော်ကာ၊ ချီးမြှောက်ပါ၍၊ သကျသီဟ၊ စာတော်ချနှင့်၊ ပိဋကတ္တယပါရဂူ၊ ဘွဲ့အဆူဆူကို၊ ဆွတ်ယူဆင်ကာ၊ ဘုန်းတေဇာသည်၊ ဝေဖြာ ထူးတင့်လှပါသည် ဘုရား။

(၂) ဖူးပွင့်ဝေဆာ၊ ဂုဏ်ဖြာဖြာတည့်၊ သိက္ခာသုံးလီ၊ လွန်ခိုင်ကြည်၍၊ မြူနည်လွတ်ကင်း၊ စန္ဒာမင်းသို၊ သန့်ရှင်းကြည်လင်၊ မြတ်ထေရ်ရှင်ကား၊ ဘုန်းရှင်မြတ်စွာ၊ သာသနာကုံ၊ ရှည်ကြာလေးမြင့်၊ တည်စေလင့်ဟု၊ မြော်ချင့်ကာပေ၊ ရွှေငယ်မြေ၌၊ နာမေအာဒိ၊ ဘွဲ့တော်ထည့်၍၊ ဃောသိတာရုံ၊ တိုက်ရွှေဘုံကို၊ ကုံလုံခိုင်ဖြိုး၊ တည်ထောင်ပြီးမှ၊ မငြီးချစ်စွာ၊ နောက်တော်ပါသား၊ အရှင်ဝါယမ၊ ညီတော်လှနှင့်၊ တူမျှလက်တွဲ၊ ဇာနည်ဇွဲဖြင့်၊ အားခဲရည်စူး၊ ဥယျာဉ်မှူးသို၊ ကြည်နူးမှုင်ပျ၊သင်ပို့ချ၍၊ ဝိသိဋ္ဌမော်၊ တပည့်ကျော်တို့၊ ထွန်းပေါ်မြာမြောင်၊ ထေရ်ဂုဏ်ရောင်ကို၊ ထွန်းပြောင်တင့်စွာ၊ ဝေဝေဖြာသည်၊ ဝေဆာဖူးပွင့်ကြပါပြီ ဘုရား။

(၃) ကျူးရင့်ကြေငြာ၊ ဖန်ဖန်ခါတည်း၊ ဆရာဘုန်းဝေ၊ ရွှေဝယ်မြေ၌၊ သုံးထွေစက္ကာ၊ လက်လက်ဖြာအောင်၊ ရောင်ဝါရှန်းဝေ၊ ထွန်းတင့်စေ၍၊ တထွေသန့်ရှင်း၊ တည်တံ့ခြင်းနှင့်၊ မရှင်းပြန့်ပွား၊ လွန်စည်ကားဖို့၊ ထေရ်များကြည်ညို၊ တင်လျှောက်ဆို၍၊ ဗဟိုဝန်ဆောင်၊ မှူထမ်းဆောင်က၊ ညဏ်ရောင်စက်သွား၊ စွမ်းပကားကြောင့်၊ သီးခြားဝိနယရေ၊ ပဓာနဟု၊ဥက္ကဋ္ဌတဖြာ၊ ဖြစ်ပြန်ပါ၍၊ သာသနာ့ရန်လေး၊ မိစ္ဆာမြေးကို၊ လျှော်ဆေးသုတ်သင်၊ ဂုဏ်များရှင်ကြောင့်၊ ပြည်ခွင်စိုးရ၊ သမ္မတက၊ ဘဒ္ဒန္တဃောသိတာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတဟု၊ နာမထင်ပေါ်၊ ရွှေဘွဲ့တော်ဖြင့်၊ ပူဇော်ထိုက်ကြောင်း၊ ဂုဏ်အပေါင်းကို၊ နှစ်ထောင်းကြည်ဖြူ၊ ပြည်ပြည်သူတို့၊ ခွန်းကျူဝမ်းသာ၊ ဝေဝေဆာသည်၊ ကြေငြာကျူးရင့်ကြပါပြီ ဘုရား။

ဂုဏ်ပြုပူဇော်သူ

**ဦးအဂ္ဂဝံသာဘိဝံသ**

အလယ်တိုက်ကြီး၊ပေါက်မြိုင်တိုက်

မန္တလေးမြို့

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
### ကျေးဇူးရှင် ဘဒ္ဒန္တဃောသိတာဘိဝံသ ဆရာတော်ဘုရားကြီးအား
### ချီးကျူးပူဇော်အပ်သော

# ဂုဏပသံသ ထုတိဩဘာ မင်္ဂလာပိုဒ်စုံ ရတု

ငွေကြယ်မှူးသွင်၊ ပဏ္ဍိတ်ရှင်တည့်၊ မျက်မြင်မဝေး၊ အတိတ်ရှေးက၊ ရည်သေ့းအလာ၊ ဉာဏ်
ပညာကြောင့်၊ သုံးဖြာပိဋကတ်၊ ဘက်ကမ်းခတ်လျက်၊ နှံ့စပ်ကျွမ်းကျင်၊ တတ်မြောက်မြင်၍၊
သဘင်ဆဋ္ဌ၊ သံဂါယနဟု၊ ဓမ္မပွဲယင်၊ ကျင်းပစဉ်ဝယ်၊ သုတ်သင်ပါဠိ၊ ဖြာဖြာညှိ၍၊ ပဋိဝိသောဓနာ၊
မြတ်ဝန်တာဖြင့်၊ သံဂါယနာပွဲ၊ ပါဝင်နွဲ့ခဲ့၊ အစွဲတမူ၊ လွဲအယူကြောင့်၊ ပြည်သူဒိဋ္ဌိဟ၊ သံသယကို၊
ငြိမ်းထလိုအင်၊ ဆန္ဒစင်ဖြင့်၊ သုံးခွင်ပိဋက၊ နိကာယကျမ်း၊ ထေရလမ်းစဉ်၊ ဖြောင့်တန်းမြင်
အောင်၊ သဘင်သဘာပတိ၊ အဖြေညှိလျက်၊ မောဂ္ဂလိပုတ္တာ၊ ထေရ်မဟာသို့၊ ဓမ္မာဓမ္မ၊ ဝိဝါဒကို၊
ထေရဝါဒ၊ ပိဋကာနှင့်၊ ဆရာစဉ်ဆက်၊ ယူဆချက်ကို၊ ပြက်ပြက်သိစေ၊ ဆုံးဖြတ်ချေတည်း၊
နည်းလေသုတ၊ လူ့အန္ဓတို့၊ သမ္မာ့ဖြူစင်၊ ပါယ်ခွင်မကျ၊ ကယ်တင်မသည်၊ **အတ္တပြုသူ ရှင်ဘုရား။**

**နေနွယ်ထူးဘင်၊** မြတ်ရှင်ပင်တည်း၊လူတွင်ဥက္ကဋ္ဌ၊ဝိသုဒ်နတ်ကား၊သားမြတ်ပုတ္တာ၊ သာဝကာတို့၊
ဂုဏာတိရေကာ၊ သမ္ဘာရကြောင့်၊ တေဒဂ္ဂံ ဘိက္ခုဝေ၊ ခွန်းမိန့်ခြွေလျက်၊ ပရမေကျူးရင့်၊ ဘွဲ့ထူး
မြှင့်၏၊ ပြည်ရှင့်ရာဇာ၊ မင်းမြန်မာလည်း၊ စဉ်လာထုံးမှီ၊ နည်းတန်ခိုကို၊ ထောက်ချီမျှော်ရှု၊
ရာဇာမှုဖြင့်၊ သတ္တုသာသနာ၊၊ သဒ္ဓမ္မာ၏၊ ရှည်ကြာသန့်ရှင်း၊ တည်တံ့ခြင်းနှင့်၊ တခင်းပြန့်စေ၊
အာဘောဂေဖြင့်၊ မြန်ပြေအမှူး၊ ထေန်အထူးတွင်၊ တဦးထိပ်တင်၊ ထေရ်သခင်အား၊ မည်တွင်
လှလှ၊ တီထွင်သသည့်၊ အဂ္ဂမဟာ၊ ပဏ္ဍိတာဟု၊ နာမတံဆိပ်၊ ဘွဲ့ပုံလိပ်ဖြင့်၊ ခတ်နှိပ်လှူကာ၊
ချီးမြှောက်ပါ၏၊ ကောဇာသက္က၊ ထောင့်သုံးရာ့တွင်၊ စွန်းထလေးဆယ်၊ လေးခုကယ်မှာ၊
ရွှေဝယ်သမိုင်း၊ တနသ်ာ္ဂရီတိုင်း၏၊ တူနိုင်းစံပြ၊ ဘွဲ့ဂုဏ်ရသည်၊ **လဒ္ဓဂုဏူ တင်ဘုရား။**

**ရွှေဝယ်ဦးကင်၊** ထိပ်ခေါင်တင်ဟု၊ လူရှင်သောင်းသောင်း၊ ဝပ်ခညောင်းလျက်၊ ငှက်ပေါင်း
ခိုဝင်၊ အင်ကြင်းပင်သို့၊ ပေါ်ထင်သမိုက်၊ ဃောသိတာရာမတိုက်၏၊ မကိုဋ်ထွတ်ချာ၊ ဘွဲ့တော်မှာမူ
ဃောသိတာဘိဝံသ၊ အန္ဒတ္တဖြင့်၊ နေလပမာ၊ ထင်ရှားစွာရှင့်၊ ဒိသာပါမောက်၊ ကဝိန်မြောက်၏၊
နိုင်းထောက်ပြောကျယ်၊ကျေးဇူးကြွယ်သား၊ ရွှေဝယ်မြို့ကြီး၊ထိန်ပြောင်ညီးမျှ၊ သီးသီးသွယ်သွယ်၊
သံဃာ့နယ်မှာ၊ တင့်တယ်ဖြူလွ၊ ကြယ်ပေါင်းခသည့်၊ ငွေလသော်တာ၊ ကဲ့ပမာသို့၊ သိဿာအများ၊
ရှေ့ဆောင်သွားခဲ့၊ ဘုရားသာသနာ၊ ဓန့်ရှည်ကြာအောင်၊ ဝန်တာဆောင်ရွက်၊ စွမ်းဆောင်ချက်တို့၊
ပေါ်ထွက်စည်ပင်၊အကျိုးထင်၏၊ ပြည်ခွင်ခေါင်ထိ၊ မိုးတရှိလျှင်၊သီရိကျက်သရေ၊ ဖြန့်မိုးစွေသား၊
မေရုနိုင်းတု၊ မရိုင်းလုသား၊ ကြီးထုဂုဏ်အင်၊ ထေရ်သခင်အား၊ ကြည်လင်ရွှန်းအိ၊ ဖြန့်ပီတိဖြင့်၊
ဃောသိတာရုံ၊ တိုက်ရဂုံမှ၊ ပေါင်းစုံသိဿ၊ အဝဝတို့၊ ကဗျာ့မာလာ၊ မြတ်ပန်းလွှာနှင့်၊ ဩဘာရတု၊
အစုစုကို၊ ဖတ်ပြုထောမနာ၊ ပူဇော်ပါ၏၊ မဟာအမတ၊ ပန်ဆင်ကြသည်၊မြတ်စွာ့ဆုယူ ဆင်ဘုရား။

အရှင်သုနန္ဒ(ဒီဃဘာဏက)
တောင်သမန်တိုက်၊ မန္တလေးမြို့

ထေရုပ္ပတ္တိ ၉—ပ-မ-သ-စ

### အဂ္ဂမဟာပဏ္ဍိတ–ဆရာတော်ဘုရားကြီးအား ချီးကျူးပူဇော်အပ်သည့်

# မင်္ဂလာပိုဒ်စုံ ရတု

(၁) ဧန်းလသီတာ၊ ပုံပမာတည်း၊ သူငါအများ၊ ချမ်းသာပွားအောင်၊ ယောကျ်ားသာကီ၊ အာဇာနည်မို့၊ ဂုဏ်ရည်ငိုင်းငဲ့၊ ပေါ်ထွန်းခဲ့၏၊ ကျိုးမဲ့ယယ်ရှင်း၊ ဘုန်းဂုဏ်လင်းလျက်၊ များသင်း စိတ်မှာ၊ လွန်ချမ်းသာ၍၊ လိုရာခဏ၊ ပြီးပြည့်လှလျှင်၊ သီလအကျိုး၊ ကံတန်ခိုးကြောင့်၊ ကျော်ဟိုးတေဇာ၊ ဝတိံ သာမှ၊ ဒေဝါသိကြား၊ နှိုးဆော်လားသို့၊ မြောက်မြားဥစ္စာ၊ ရတနာ နှင့်၊ သုံးစရာရွှေငွေ၊ အထွေထွေမှာ၊ ဆန်ရေစပါး၊ အစားစားတို့၊ နှစ်ပါးမိခင်၊ ကျေးဇူး ရှင်၌၊ များပြင်သွယ်သွယ် ပြည့်ဖြိုးကြွယ်၏၊ နုနယ်ရှုပ၊ ရှင်ဘဝနှင့်၊ သမဏဘုံ၊ အလုံးစုံတွင်၊ ဘုန်းဟုန်တောက်ပ၊ မြတ်သီလကြောင့်၊ အစစထွေထွေ၊ အဆင်ပြေလျက်၊ လိုလေမရှိ၊ ဆန္ဒ ပြည့်၍၊ ကဝိအကျော်၊ ဆရာတော်တို့၊ နှမော်ချစ်ခင်၊ မေတ္တာဝင်လျက်၊ များဖြင်သံဃာ၊ ဆွေသဟာနှင့်၊ ဒကာဒကာမ၊ နှလုံးကြွ၍၊ ပသန္နအစစ်၊ ဖြစ်ကြီးဖြစ်၏၊ အနှစ်စုသော်၊ ဒို့ဆရာတော်ဝယ်၊ တေဇော်ထွန်းဖြာ၊ နောက်နောင်ခါသည်၊ ကြည်သာရှင်း၍ တင့်စေသောဝ်။

(၂) မှန်းဆမှီရာ၊ ပင်ညောင်သာတည်း၊ ခါခါဆပ်ထပ်၊ သတိချပ်၍၊ အမြတ်တရား၊ အစား စားကို၊ ဆင့်ပွားတည်ဘိ၊ အာရုံရှိ၏၊ ကဝိမဟော၊ မဟာထေရ်တို့၊ စိတ်နေအလား၊ ပုံနှုန်း ထားလျှင်၊ မအားနေ့ည၊ စိတ်ဆုံးမ၍၊ တူစွထဲမြုပ်၊ မတုံလှုပ်သည့်၊ တိုင်ငုတ်သဖွယ်၊ တံခါး ခုံနှယ်တည်း၊ တသွယ်မြောက်မြား၊ အာရုံငါး၌၊ ဖောက်ပြားကင်းဝေး၊ ဉာဏ်ရွှေပြေးလျက် ယဉ်ကျေးသမှု၊ အစုစုတွင်၊ တခုမကျန်၊ ကိုယ်လုံးလျှံ၍၊ တည်ဟန်ခြေလက်၊ နှုတ်သံမြွက်သို့၊ စိတ်စက်ဖောက်ရှင်း၊ လော်လီကင်း၏၊ ရှုခင်းသာမော၊ မြက်ဝါးတော၌၊ စိတ်ရောကိုယ်ပါ၊ ယဉ်ကျေးစွာနှင့်၊ နှင်းကာဘူကွ၊ နေတော်မူကြသည့်၊ သာကိယနွယ်ဝင်၊ သူတော်စင်တို့၊ ထေရ်ရှင်ပုံနှုန်း အနုရုဒ္ဓါထုံးမျှ၊ ကျင့်သုံးစုံငြိ၊ သမာဓိကြောင့်၊ မြင်သိထင်ရှား၊ ပတ္တမြားကို၊ သမာအစဉ်၊ လက်ပေါ်တင်သို့၊ ကြည်လင်အေးမြ၊ ပိုင်နိုင်လှ၍၊ ကာလမျှော်တွေး၊ နည်းစုံပေး၏၊ ကျင့်ရေး ပြည့်ကျော်၊ ဒို့ဆရာတော်ဝယ်၊ မနော်ထက်လာ၊ တန်ခိုးဖြာသည်၊ တည်ရာဝင်း၍ ဆင့်စေသောဝ်။

(၃) လမ်းစွညီညာ၊ စိန်ကျောက်သာတည်း၊ လွန်စွာထက်မြက်၊ လျှမ်းလျှမ်းတက်၍၊ အခက် ကျော်လွှား၊ ထွန်းပေါက်သွားလျက်၊ စိန်သားတမျှ၊ လက်လက်ရှ၏၊ ပိဋကတ်သုံးပုံ၊ အလုံးစုံ၌၊ အာဂုံမှန်သောက်၊ ဒိုးမွှေနှောက်သို့၊ မေ့ပျောက်မရှိ၊ အကုန်သိသဖြင့်၊ မေးဘိပုစ္ဆာ၊ အဖြာ ဖြာကို၊ လိုရာတိကျ၊ ဝိသဇ္ဇကြောင့်၊ ထူးစွာ့ထူး ပန်ဆွတ်ခူးလျက်၊ အဦးအကျော်၊ ကဝိမော်တို့၊ အဟော်ထူးစွ၊ ထူးပေစွဟု၊ ထူးစွလက်ကမ်း၊ လွန်ချီးမွမ်း၍၊ ဉာဏ်လမ်းအဂ္ဂါ၊ ဖြောင့်တန်းသာကို၊

စိန်ပါသာဏ၊ တူညီမျှ၏၊ အဂ္ဂပညာ၊ ဘုန်းသမ္ဘာကြောင့်၊တိုက်တာဖန်တီး၊ ကျောင်းတော်ကြီးကို၊ ဦးစီးပိုင်ပုင်၊ အုပ်ချုပ်နိုင်၍၊ မဏ္ဍိုင်အတွင်း၊ တုပ်ဝပ်စင်းလျက်၊ ထံမှင်းရောက်လာ၊ များသိဿာအား၊ ပညာအမွေ၊ ရကြစေဟု၊ စမ်းရေမေတ္တာ၊ သွန်းလောင်းကာဖြင့်၊ လိုရာစုံပြည့်၊ နည်းစုံညွှိလျက်၊ ကဝိတဆူ၊ အောင်လံထူဖို့၊ ကြည်ဖြူနေ့ညသင်ပို့ချ၏၊ အဂ္ဂမဟော်၊ ဒွိုဆရာတော်ဝယ်၊ လွှမ်းကျော်ပညာ၊ လက်လက်ဖြာသည်၊ ရည်ကာလင်း၍ မြင့်စေသောဝ်။

ဦးယမြိုင်

လက်ထောက် တိုင်းသာသနာရေးမှူး

တနင်္သာရီတိုင်း၊ ထားဝယ်မြို့

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တဃောသိတာဘိဝံသ မထေရ်မြတ်အားဂုဏ်ပြုပူဇော်သည့်

# မင်္ဂလာပိုဒ်ခံ့ ရတု

နွေလရာသီ၊ ခါသင့်မိုးရွာ၊ ကြိုက်ညီရောက်လာ၊ ဤချိန်ခါ၌၊ ဝေဖြာအဆင်း၊ ပြည်လုံးလင်းအောင်၊ သင်းရနံ့ထုံ၊ စပယ်ငုံတို့၊ ရောင်စုံပွင့်ကြ၊ နယုန်လတွင်၊ ပန္နရသီ၊ စုံပြည့်ညီလျက်၊ တိထိထွန်းပေ့၊ လပြည့်နေ့ဝယ်၊ သိမ်မွေ့စွာလှ၊ ဣန္ဒြိယနှင့်၊ သီလသမာ၊ ဂုဏ်ပညာကြောင့်၊ လွန်စွာသင်ရှား၊ (ဃောသိတာရာမ) ဆရာတော်ဘုရားသည်၊ မင်းများပူဇော်၊ ကျော်ထက်ကျော်သည့်၊ (အဂ္ဂမဟာပဏ္ဍိတ)ဘွဲ့တော်ထူးကို၊ ဆွတ်ခူးရလျက်၊ ကျေးဇူးမြွက်ဖော်၊ ရှင့်ဂုဏ်တော်ကို၊ အုတ်အော်သောင်းသောင်း၊ ပြည်သူပေါင်းတို့၊ ကောင်းချီးသြဘာ၊ ထောမနာနှင့်၊ သာခုနုမော်၊ ကြိမ်ကြိမ်ခေါ်၍၊ ပူဇော်ပါရှင့်၊ ရှင်တော်မြတ်စွာ သာသနာသည်၊ နေဝါရောင်သို့ ဆန်းပေသော်။ ။

ထေရဇာနည်၊ ထွတ်ဘုန်းစည်လျှင်၊ နှိုင်းယှဉ်ဖက်ကင်း၊ ပြည်သုံးချင်းအောင်၊ သင်းပျံ့ပျံ့ထုံ၊ ဂုဏ်အဖုံဖုံနှင့်၊ ပြည့်စုံပေသား၊ (ဃောသိတာရာမ) ဆရာတော်ဘုရားသည်၊ ထူးခြားအံ့ဖွယ်၊ ရွယ်နုနယ်က၊ စွယ်စုံမုန်သောက်၊ စံတင်လောက်အောင်၊ ထက်အောက်ကြေညာ၊ ပြည်မြန်မာဝယ်၊ ဂုဏ်ဝါထွန်းတက်၊ လွန်ခဲ့ခက်သည့်၊ သကျသီဟ၊ ဘိဝံသနှင့်၊ ပိဋကတ္တယပါရဂူ၊ ဘွဲ့နှစ်ဆူကို၊ ဆွတ်ယူလေသော်၊အဟော်ဝတ၊ အစ္ဆရိယဂုဏ်၊ ကုံလုံများဖြင့်၊ ရှင့်ဂုဏ်အင်ကြောင့်၊ လူရှင်များစွာ၊ တပည့်ဒကာတို့၊ ကြည်သာကိုယ်စိတ်၊ တဖိတ်ဖိတ်နှင့်၊ နိဗ္ဗာန်နန်းဆီ၊ မျှော်တမ်းရည်၍၊ စုံညီဆင်နွှဲ၊ (အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ထူးတော်) ပူဇော်ပွဲကား၊ ဝှံ့ချီးဖွယ်ရာ၊ တင့်ရှန်းသာသည်၊ ဝေဖြာရောင်သို့ လန်းနေသော်။

ချွေသစာစီ၊ ရတုချီ၍၊ ကျူးသီဝမ်းသာ၊ ဆိုလိုက်ပါမည်၊ သံသာရစက်၊ ဝဲဂယက်မှ၊ ကျော်ထွက်ရာမှန်၊ မြတ်နိဗ္ဗာန်ကို၊ ရည်သန်တောင့်တ၊ လွန်အားရ၍၊ ပုညခေတ္တံ၊ အနုတ္တရံဟု၊ သုတ္တန်ဖော်ညွှန်း၊ ရှင့်မိန့်ခွန်းကို၊ ဦးစွန်းထိပ်တွင်၊ ရွက်ပန်ဆင်လျက်၊ ကြည်လင်မနော၊ သဒ္ဓါဇောဖြင့်၊ ရက်ရောပူဇော်၊ ကုသိုလ်မော်ကြောင့်၊ ဘုန်းတော်ခြောက်ဆူ၊ အောင်လံထူ၍၊ ပြိုင်သူမဲ့ငြား၊ အောင်ဘုရား၏၊ အောင်အားကိုရှာ၊ လူများစွာအား၊ ချမ်းသာရေးရှူ၊ အောင်စေမှုဖြင့်၊ ဗဟုဘေးဒဏ်၊ အတန်တန်နှင့်၊ ရန်မာရ်ခပ်သိမ်း ကင်းပျောက်ငြိမ်းအောင်၊ အောင်ကိန်းဆင်ပြီး၊ အောင်စည်တီးကာ၊ အောင်ကြောင်းဖြာသည်၊ ခေမာသောင်သို့ လှမ်းစေသော်။ ။

ဂုဏ်ပြုပူဇော်သူ

တပည့် မောင်အေး

သုံးချက်ညီ – ထပ်တွန့်(၇၀)ပေါ် တေးထပ်

ရွှေဝယ် မြေနယ် ဘွေလယ်မြင့်၊
နေစဖွယ်တင့် ပျော်ခင်းသာ၊
အခြေကြွယ်တင့် ညင်းမော်ရွာမှာ၊
ဖော်သင်းဉာတကာ နွယ်တော်ဆင်း။
တိဘဝါ-ရှုပ်လှ ငြိတဏှာဖြုတ်ချ၊
ဇိနာ-ပုတ္တ ရှင့်ရဟန်းခံသည်၊
သက်န်း-ဝါဖန် ဆင်မြန်းခဲ့လေခြင်း။
ပိဋကတ် ပရိယတ် သိဘတ်စုံသည်၊
ပဋိပတ်-မွှမ်းထုံ စေတနာရှင်း၊
ကဝိမြတ်-စွမ်းဟုန် ကေသရာဇာမင်းသို၊
မြေပထဗျာတွင်း အောင်ပွဲဆင်။
သာသနာ ဒါယကာ သဒ္ဒါဆက်သ၊
မဟာအဂ္ဂ ပဏ္ဍိတ်ဘွဲ့တော်ယင်။
မာတင်လောင်းရှင့် ထာဝစဉ်ကောင်းလင့်၊
စာသင်ကျောင်းဖွင့် အဆင့်ဆင့်-သင်သည်၊
အခွင့်-ထင်မြင် ဝါသနာပြင်းလို့မို့၊
သာသနာရောင်လင်း ပြောင်ဝင်း-နေလအတူ၊
ဆောင်ကျဉ်း အောင်ခြင်း ဇေယျဟူ။
ဝန်ဆောင်သံဃာ့ မွန်ပြောင်ဆန္ဒ၊
မှန်အောင်ဉာဏ်ဆ စံပြဟူသည်၊
မြန်မာ့-ပြည်သူ ဂုဏ်ပြုပြီဘုရာ့လေး။

( ၇၀ )

သာသနာ-ရည်သန် ကြာကြာ-တည်တံ့၊
အပြာပြာ-စည်ပြန် ရှည်ခံ့-ခိုင်သည်၊
ပြည်နှံ့-တိုင်တိုင် ခြုံလွှမ်းပြီဘုရား့လေး။
ဘာသာ-ယဉ်ကျေး စာဝါ-သင်ရေး၊
ဝါသနာ-တင်ပေး စာမေးသဘင်ကို၊
စစ်ဆေး-စီရင် ကျင်းပဆဲဘုရား့လေး။
ဩဝါဒါ ဥက္ကဋ္ဌ သောတကာ-သုဒ္ဓ နာယကထေရ်သည်၊
သမဏ-ဇာနည် မော်ကွန်းတင်ဘုရား့လေး။ ။

ဦးတိလောက
ပုလောအရှေ့ကျောင်း
ပုလောမြို့

## ရှစ်ဆယ်ပေါ်တေးထပ်

* ရွှေဝယ်-မြို့ဂုဏ် ထိန်ထိန်ပလို့၊
တက်ထွန်း-နေလ မထေရ်ကျော်။
ဃောသိတာရာမ ဝသီပျော်တယ်၊
တပည့်သားမော် သံဃာများ။
ပရိယတ်မျိုး စိုက်ပျိုးလေတယ်၊
သာသနာ့အခြေ ခက်ညွန့်ဝေလို့ထွား။

* သီလရန့် မွှေးပျံ့ကြိုင်တယ်၊
မယိမ်းမယိုင် သမာဓိအား။
ပညာမကျိုင် စိုက်ထူထားလို့၊
ပြည်သူအများ ကော်ရော်မှု။
နိကာယ်ငါးရပ် စွမ်းသန်မြောက်၊
ပြန်ပြန်ခေါက်ခေါက် မွှေနှောက်ပါရဂူ။
မြန်မာနိုင်ငံ့ ဤဇမ္ဗူမှာ၊
ပဏ္ဍိတ်တဆူ ဂုဏ်အသွင်တင့်လို့။
ပြည်ရှင်သခင့် ဆက်သလဉ္ဆနာ၊
အဂ္ဂ-မဟာပဏ္ဍိတာ။
ဃောသိတာဘိ ထေရ်ဆရာကို၊
မြတ်သာသနာ ဝေဖြိုးစေဖို့လေး။
တစ်-သုံး-လေးလေး၊ ခုကောဇာမှာ၊
ဦးထိပ်ပန်ထွာ သာဓုသံငြိမ့်လေး။ ။

အသျှင်သုနန္ဒ (ဒီဃဘာဏက)
တောင်သမန်တိုက်၊ မန္တလေးမြို့

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

ဃောသိတာရာမတိုက်သစ်ဆရာတော်ဘုရားကြီးအား ချီးကျူးပူဇော်အပ်သော

# ဘုန်းတောင်ဘွဲ့ ထပ်တွန့်တေးထပ်

ဘုန်းသမ္ဘာ ဟုန်းကာတောက်ပါလို့၊
ထုံးတံဆွာ၊ ထောင့်သုံးရာလေးဆယ့်သုံး အရောက်တွင်မှ၊
အောက်ဆုံး ပြည်မြန်မာ၊ ကျိုးကာပေါက်ပါတဲ့။
နှုန်းစာမြောက် ဇာနည်။
လူတွင် သင်းလှ၊ ဖြူစင်ဝင်းပ၊
ကြူအင်ရှင်းမြ၊ သီလကြည်တယ်၊
ဒီဃစာရီ ဂုဏ်သတင်း။
ကိုယ်နှုတ်ယဉ်သပ၊ ဆိုထုတ်ညွှန်သမျှ၊
ပိုယုတ်မလွန်ကျ၊ သဘာဝညီတယ်၊
ကလျာဏ ဘာဂီ မှန်မယွင်း။
တည့်သမာဓိ၊ ကြည့်သဘာရှိ၊
သိစရာသိ၊ အာရုံဝင်တယ်၊
ကာမဂုဏ်မခင်၊ ပယ်ရှောင်ကျွင်း။
ထောမနာ ပြောရာယွင်းနိုင်ဘူး၊
လောကမှာ၊ ဩဘာသင်းပါလို့၊
သာခင်း-ပုံနိကာယ်။ ။
ပညာဉာဏ် ပြည့်လျှံကြွပါလို့၊
သညာဟန် သိတန် မျှပါသဖြင့်၊

**တိမှန်လှ ဝရဇိန်သဖွယ်။**

**တပေါင်-သွင်းလျှောက်၊ အမှောင်ကင်းပျောက်၊**

**အခေါင်-ထွင်းဖောက်၊ သံဃာ့အလယ်မှာ၊**

**ပြိုးပြက်-လျှပ်နွယ် တိမ်တောင်ကြားက၊**

**ဖြိုးလျက်-သပ္ပာယ် ထိန်ပြောင်လွှားလို့၊**

**စိန်တောင်မြသား တင့်ပွား ပြည်မြန်ကျော်၊**

**ထင်ရှား ဒို့ဆရာတော်။**

**ဆန် စုံ မြန်မာရဋ္ဌ ဉာဏ်ဟုန်-တန်ဆာမြတ်လှ**

**ဟန်ဂုဏ် ဖန်ကာထပ်ကြွ၊ ဗျာသ-ကျော်တယ်၊**

**တိုင်းတနင်္သာရီပေါ် မော်ကွန်းတင်လှလေး။**

**ထားဝယ်မြို့မှ၊ တသွယ်ပျို့ကြွ၊**

**လနှယ်-သို့ပ၊ ဃောသိတာရာမ တိုက်သစ် မဟာဝယ်၊**

**အမြိုက်လှစ် ကြည့်သာ ပေါ်ထွန်းပါရလေး။ ။**

ဦးယုမြိုင်
တိုင်းလက်ထောက်သာသနာရေးမှူး
တနင်္သာရီတိုင်း၊ထားဝယ်မြို့

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

ကျေးငူးရှင် ဘဒ္ဒန္တဃောသိတာဘိဝံသ ဆရာတော်အား

ချီးကျူးပူဇော်အပ်သော

သုံးချက်ညီ–ထပ်တွန့်–၁၀–ပေါ်တေးထပ်

● သိက္ခာ ဟိတ်မက္ခာ ထိပ်မှာထားလို့၊
စိတ်ပါပင်စား ပိဋကတ်နယ်၊
ဖိတ်သဒ္ဓါပွား သိမှတ်လွယ်အောင်၊
အသိစာတ်ကြွယ် သင်ယူခြင်း။
နှံ့ဘိ အမှတ်ရှိ တတ်သိလေသော်၊
ကဝိကဝေ ထူးတဲ့ခပင်း။

* ဇိနအရှင့် ပိဋကတခွင့် စာသင့်ဘဝမှာ၊
ပညာ့အချှန် ဆရာချဉ်း၊
သာသနာ့အမွန် ဖြာဖြာလင်းဖို့၊
စာဝါခင်းပို့ သိဿအဖော်၊
ရွှေဝယ် မြေနယ် သရေကြွယ်တင့်၊
အမွေမကွယ်လင့် တိုက်သစ်ဖွင့်လို့ကျော်။

● ကြူမွှေး ကြည်သပ ဖြူဖွေးသီလ၊
ကြည်အေးတည်စွ မြတ်ဆရာတော်ရယ်၊
ထပ်ထပ်သာနော် အမှန်ဇွဲထားလို့၊
မြဲမြဲတအား ဝါယမ-တံခွန်ငြိမ်းဆောင်၊
သာသန ဝန်ထမ်းဆောင်။

* တမူထွေ ထူလှစ် ယူငွေ့ယူညစ်၊
လူသေလူဖြစ် ဝိနိစ်ဘောင်ဝယ်၊
အဓိထိပ်သျှောင် သဘာပတိဆရာဖျာ့လေး။ ။

* နေခြည်-လင်းဘိသို့ ရွှေရည်ဝင်းအိသို့၊
မသွေ-အရည်အချင်း ရှိသမို့ အဂ္ဂမဟာကို၊
ဆက်သပါသည် နိုင်ငံတော်ကလေး။ ။

ရေးဖွဲ့ပူဇော်သူ
တပည့်ရွှေဝယ်သောင်းညွန့်

## ခေတ်အဆက်ဆက် ဘွဲ့တံဆိပ်များနှင့်
## အဂ္ဂမဟာပဏ္ဍိတအကြောင်း သိကောင်းစရာများ

**ဗုဒ္ဓခေတ်တော်ဘွဲ့များ။** ။ရဟန်းလောက၌ဖြစ်စေ၊ လူ့လောက၌ဖြစ်စေ သီလ, သမာဓိ, ပညာ ထူးချွန်မြင့်မြတ်သော ပုဂ္ဂိုလ်များကို သက်ဆိုင်ရာတို့က ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်မြဲဖြစ်၏။ ယင်းသို့ချီးမြှင့်ခြင်းသည် ဘုရားသခင်လက်ထက်ကပင် ရှိခဲ့ဖူး၏။ သီလ, သမာဓိ, ပညာ ထူးချွန်မြင့်မြတ်သော သာဝကများကို ဘုရားသခင်ကိုယ်တိုင် ဧတဒဂ်ဘွဲ့ထူးပေး၍ ထုတ်ဖော်ချီးကျူးခဲ့၏။ ဧတဒဂ်ဆိုသည်မှာ=ဤသူ အမြင့်မြတ်ဆုံးဟု အဓိပ္ပာယ် ရရှိ၏။

**ဧတဒဂ်ဘွဲ့ ရထိုက်သော ဂုဏ်အင်္ဂါအရည်အချင်းမှာ ၄-မျိုးရှိ၏။**

(၁) အတ္ထုပ္ပတ္တိတော=ခိုင်မာလုံးလောက်သော သမိုင်းကြောင်းအတ္ထုပ္ပတ္တိနှင့်ပြည့်စုံရခြင်း။

(၂) အာဂမနတော=မိမိ ရည်ရွယ်မှန်ထားအပ်သော ဆုအတွက် ဆုတောင်းခြင်း အဓိဋ္ဌာန် အင်္ဂါနှင့် ပြည့်စုံရခြင်း။

(၃) စိဏ္ဏဝသီတော=အဝါးဝစွာ လေ့လာမှုရှိရခြင်း။

(၄) ဂုဏာတိရေကတော=ထူးချွန်လွန်ကဲသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံရခြင်း။
(အံ၊ ဋ္ဌ၊ ပ၊ နှာ၊ ၉၇)

**ပုဂံခေတ်-ဘွဲ့များ။** ။မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဗုဒ္ဓသာသနာ တော်ကြီးသည် ဇမ္ဗူဒိပ်မှတဆင့် သီဟိုဠ်သို့လည်းကောင်း၊ သီဟိုဠ်မှ မှတဆင့် မြန်မာနိုင်ငံသို့လည်းကောင်း ရောက်ရှိလာခဲ့၏။ မြန်မာခေတ်ဦး သာသနာဟု ဆိုထိုက်သော ပုဂံခေတ်တွင် ဘွဲ့ထူးဂုဏ်ထူးများ ဆက်ကပ်ခဲ့ကြောင်းကို အောက်ပါအတိုင်း တွေ့ရှိရ၏–

(၁) ကျန်စစ်မင်းကြီးလက်ထက်တွင် သံဃသေနမထေရ်ကို (ဝရပဏ္ဍိတ) ဘွဲ့၊

(၂) အလောင်းစည်သူမင်းလက်ထက်တွင် ဓာတုတ္တသာရကျမ်းပြုမထေရ်ကို (မဟာအဂ္ဂပဏ္ဍိတ) ဘွဲ့၊

(၃) နရပတိစည်သူမင်း လက်ထက်တွင် လောကုပ္ပတ္တိ ကျမ်းပြုမထေရ်ကို (အဂ္ဂပဏ္ဍိတ) ဘွဲ့။

(၄) ကျစွာမင်းလက်ထက်တွင် သဒ္ဒနီတိ ကျမ်းပြုမထေရ်ကို (အဂ္ဂဝံသအဂ္ဂပဏ္ဍိတ)ဘွဲ့။

(၅) နရသီဟပတေ့မင်း လက်ထက်တွင် နိရုတ္တိနယပါဠ်ဂူဖြစ်သော မထေရ်ကို (ဒိသာပါမောက္ခ)ဘွဲ့ အသီ သီး ဆက်ကပ်ကြောင်း သိရှိရသည်။

ပုဂံခေတ်ဘွဲ့တံဆိပ် ဆက်ကပ်ပုံကို သုံးသပ်ကြည့်လျှင် စာပေပရိယတ် ထူးချွန်သော ကျမ်းဂန်တတ် ပုဂ္ဂိုလ်များကို ပဓာနထား၍ ဆက်ကပ်ကြောင်းမှာ ထင်ရှားပေသည်။ ဤပုဂံခေတ် ဘွဲ့တံဆိပ် ဆက်ကပ်ခဲ့ပုံ အစဉ်အလာ သမိုင်းကြောင်းကို ထောက်၍ နောင်အခါ၊ ဗြိတိသျှအစိုးရလက်ထက်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်သင့်ကြောင်း တောင်ခွင် သာသနာပိုင်ဆရာတော်၏ အမိန့်ပြန်တမ်းတွင် အကြံပြုဖော်ပြထားသည်ကို တွေ့ရသည်။

အင်းဝခေတ်-ဘွဲ့တံဆိပ်များ။ ။ပုဂံခေတ်နည်းတူ စစ်ကိုင်း၊ ပင်းယ၊ အင်းဝခေတ်များတွင်လည်း သာသနာရေးနှင့်စပ်လျဉ်းသော ဘွဲ့တံဆိပ်များကို ဆက်ကပ်ခဲ့ကြသည်။ သို့သော် ထိုခေတ်များတွင် ဘွဲ့တံဆိပ်ဆက်ကပ်ချီးမြှင့်မှုသည် စင်းလုံးချော ကောင်းသည်ဟု မဆိုသာချေ၊ စာတတ်သော မတတ်သော၊ ပညာတော်သော မတော်သော သီလရှိသောမရှိသော၊အရောရော အနှောနှော ဆက်ကပ်ထားသည်ကို တွေ့ရ၏။

သာသနာ့မျက်စိနှင့် ကြည့်၍မလျော်သော အင်းဝခေတ်၏ ဘွဲ့ခံပုဂ္ဂိုလ်အချို့ကို အနည်းငယ်စာရင်းထုတ်၍ ပြရပါလျှင်–

(၁) အင်းဝမင်းကြီးစွာလက်ထက် ခတ်ရိုက်ခတ်ဆင် ယတြာ အချေကောင်းသော ရခိုင်ဘုန်းတော်ကြီးတပါးအား "မဟာသံဃရာဇာ" ဘွဲ့ဆက်ကပ်ဖူး၏။

(၂) အင်းဝမင်းခေါင်ကြီးလက်ထက်တွင်လည်း လက်ဖွဲ့အထိုးကောင်းသော ရဟန်းကြီးတပါးအား "အောင်စည်းခံ သံဃရာဇာ" ဆိုသောအမြင့်ဆုံးသောဘွဲ့ ချီးမြှင့်ခဲ့ဖူး၏။

(၃) ဝမ်းဘဲအင်းစံမင်းတရားလက်ထက်ဗေဒင်တွက်ချက်ပေးသော ရေနံ့နတ်စက်ရောင် ဆရာတော်ကို "ဓမ္မနန္ဒ ဓမ္မရာဇာဂုရု" ဆိုသော ဘွဲ့တံဆိပ်ဆက်ကပ်ခဲ့ဖူး၏။

(၄) ငါးဆူဒကာ နန္ဒာဘုရင်လက်ထက်တွင်မူ ခတ်ရိုက်ခတ်ဆင် ဗေဒင်ဆေးဝါး စီမံပေးနေကြသော ဇောတျာယံတို့၊ ဗားမဲ့အကျော်တို့၊အာစာနံ့အကျော်တို့၊ ရှင်မုန့်ထိုတို့ကဲ့သို့သော ကမောက်ကမ ဘုန်းကြီးများကို ရွှေတန်းတင် မြှောက်စားပြီး ဘွဲ့ထူးဂုဏ်ထူးများ ဆက်ကပ်ခဲ့ဖူး၏။

ဤသည်တို့ကား မြှောက်စားသူနှင့် အမြှောက်စားခံ ပုဂ္ဂိုလ်တို့၏ အရည်းအသွေး ညီဖျင်း မှုကိုတွေ့ရသော အင်းဝခေတ် သာသနာရေး မှုကွက် တကွက်ဖြစ်၏။

အဆိုပါ ပင်းယ အင်းဝခေတ်၌ တကယ်ကျမ်းဂန်တတ် ပညာရှင် ပုဂ္ဂိုလ်တို့အား ထူးထူး ချွန်ချွန် ဘွဲ့တံဆိပ်ချီးမြှင့်မှုများလည်းရှိခဲ့၏၊ သာဓကပြရသော်–

(၁) ဝိဇယပူရပန်းယဆင်ဖြူ ၄-စီးရှင် မင်းတရားလက်ထက် အဘိဓာန်ဋီကာကျမ်းပြု အမတ်ကြီးအား **သီရိစတုရင်္ဂဗလ** ဘွဲ့ ချီးမြှင့်ခဲ့ဖူး၏။

(၂) ညောင်ရမ်းမင်း၏ သားတော် အနောက်ဘက်လွန်မင်းလက်ထက် တူးရှင်းတောင် ခြေနေ စာတော် အကျင့်ကောင်း ရှင်မဟာရာမကို "**မဟာသံဃနာထ**" ဘွဲ့-ချီး မြှင့်ခဲ့ဖူး၏။

(၃) သာလွန်မင်းတရား လက်ထက်တွင်မူ ပြည်ပဥ္စင်းကျော် တောင်ဖီလာဆရာတော်ကို "**တိပိဋကာလင်္ကာရ**" ဘွဲ့တံဆိပ်ဆက်ကပ်၍ အင်းဝပဥ္စင်းကျော်ကို "**အရိယာ-လင်္ကာရ**" ဘွဲ့တံဆိပ်ဆက်ကပ်ခဲ့ဖူး၏။

(၄) နရာဝရမင်းလက်ထက် လူထွက်မည် အကြံဖြင့် အင်းဝရွှေစည်းခုံဘုရားကို ဝတ်ပြု ရာ၌ မာတုဂါမယောင်ဆောင်၍ "ဘဝဆက်တိုင်း ဘုန်းကြီးလူထွက်မယား မဖြစ် ရပါလို၏" ဟု တောင်စောင့် နတ်၏ သတိပေးမှုကြောင့် သံဝေဂဖြစ်ပြီး သာသ နာ့ဘောင်၌ မြဲသွားသော ကျမ်းဂန်တတ် ပဥ္စင်းပျိုအား "**တိလောကဂုရု**" ဘွဲ့-ချီး မြှင့်၍ မြှောက်စားခဲ့ဖူး၏။

(၅) ထိုတိလောက ဂုရုဆရာ၏တပည့် ပရိတ်ကြီး ဋီကာကျမ်းပြု ရှင်တေဇောဒီပအား "**တိလောကာလင်္ကာရ**" ဘွဲ့ကိုလည်း ဆက်ကပ်ခဲ့ဖူး၏။

ဤသည်တို့ကား မြှောက်စားသူနှင့် အမြှောက်စားခံပညာရှင်တို့၏ အရည်အသွေး ကြွယ် ဝမှုကို ပြသသော ပင်းယ အင်းဝခေတ်၏ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ် ကြေးမုံတချပ်ပင် ဖြစ်ပေသည်။

**ကုန်းဘောင်ခေတ် ဘွဲ့တံဆိပ်များ။** ။အင်းဝခေတ် နေဝင်ပြီးနောက် ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်ချီး မြှင့်မှုများသည် အတော်ပင် စနစ်တကျရှိ၍ အထူးပင်ဂုဏ်ယူလောက်ပါသည်။ လူ၊ ရှင်၊ ရဟန်း ၂-မျိုးလုံးကိုပင် ဘွဲ့တံဆိပ်ချီးမြှင့်ခဲ့သည်၊ ရဟန်းတော်ဆိုင်ရာ ဆက်ကပ်ခဲ့သော ဘွဲ့တံဆိပ် ရ- ပုဂ္ဂိုလ်ဦးရေမှာ များပြားလှ၍ ဤဆောင်းပါး၌ မပြသာပါ၊ထို့ကြောင့် ဘွဲ့တံဆိပ်တော်ရ

ရဟန်းတော်များကို မဖော်ပြမူ၍ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ၏ စာရင်းကိုသာ ဖော်ပြလိုက်ပါသည်၊ ကုန်းဘောင်ခေတ်၌ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော လူပုဂ္ဂိုလ်ပညာရှိများမှာ အောက်ပါအတိုင်းဖြစ်ပါသည်—

(၁) ဘိုးတော်မင်းတရား လက်ထက်တွင် နေတ္တိဋီကာသစ်၊ သီလက္ခန်ဋီကာသစ် စသော ကျမ်းများစွာကို ပြုစုရေးသားသော မောင်းထောင် သာသနာပိုင် လူထွက်ကြီး ပညာရှိ အမတ်ကြီး ဦးမြတ်နေကို "မဟာဓမ္မသင်္ကြန်" ဘွဲ့ချီးမြှင့်ခဲ့သည်။

(၂) သဒ္ဒတဗျာကရုဏ်းကျမ်းတတ် ဗာရာဏသီဇာတိ ပုဏ္ဏားတော်ကြီး ဂေါဝိန္ဒကို "ဂေါဝိန္ဒမဟာရာဇိန္ဒ အဂ္ဂမဟာဓမ္မရာဇဂုရု ဘွဲ့ ချီးမြှင့်ခဲ့သည်။

(၃) မင်းတုံးမင်းတရားလက်တက်တွင် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိသျနှင့် မောဂ္ဂလာန် ဗျာကရုဏ်းနိသျကျမ်းပြု ပညာရှိအမတ်ကြီးကို "နေမျိုးဓမ္မကျော်သူ" ဘွဲ့ ချီးမြှင့်ခဲ့သည်။

**သီပေါမင်းလက်ထက် ဘွဲ့တံဆိပ်များ။** ။သီပေါမင်းလက်ထက် ဘွဲ့တံဆိပ်ဆက်ကပ်ပုံသည် အထူးပင် စနစ်တကျ ရှိလှသည်၊ သီလ, သမာဓိ ပညာ ထူးကဲပြီး စာပေကျမ်းဂန် တတ်မြောက်သော ဆရာတော်ကြီးများကို အဆင့် ၅-ဆင့် ခွဲခြား၍ ဘွဲ့တံဆိပ်များ ဆက်ကပ်ခဲ့သည်၊ ခွဲခြားပုံမှာ—

(၁) ပထမအဆင့် အမြင့်ဆုံးဘွဲ့ကို ( ဓဇ, အတုလာဓိပတိ, သီရိပဝရ, မဟာဓမ္မရာဇာ-ဓိရာဇဂုရု )

(၂) ဒုတိယအဆင့်ဘွဲ့ကို ( ဓဇ, အတုလာဓိပတိ, ပဝရ, မဟာဓမ္မရာဇာဓိရာဇဂုရု)

(၃) တတိယအဆင့်ဘွဲ့ကို ( ဓဇ, သီရိပဝရ, မဟာဓမ္မရာဇာဓိရာဇဂုရု )

(၄) စတုတ္ထအဆင့်ဘွဲ့ကို ( ဓဇ, မဟာဓမ္မရာဇာဓိရာဇဂုရု )

(၅) ပဉ္စမအဆင့်ဘွဲ့ကို (မဟာဓမ္မရာဇာဓိရာဇဂုရု )

**သာသနာပိုင်ဘွဲ့။** ။သာသနာပိုင်ဆရာတော်၏ ဘွဲ့တံဆိပ်ကိုမူ ယခင်တံဆိပ်တော် ၅-မျိုးမှ ဂုဏ်ထူးအမည်အားလုံး ပါရှိသည့်အပြင် ( ဓမ္မသေနာပတိ ) ဆိုသော ဂုဏ်ထူးဝိသေသ တပုဒ်တိုးပြီး ထည့်ပေးထား၏၊ သာသနာပိုင်ဆရာတော်အား ဆက်ကပ်သော ဘွဲ့တံဆိပ်မှာ(ဓဇ,ဓမ္မသေနာပတိ,အတုလာဓိပတိ,သီရိပဝရ, မဟာဓမ္မရာဇာဓိရာဇဂုရု) ဖြစ်သည်၊ မိမိ၏မူရင်းဘွဲ့ကိုမူ ရှေ့ကထားမြဲ ထားရ၏။

မြန်မာဘုရင်များ လက်ထက်တော်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ပျံလွန်တော်မူသည့်အခါ မည်သို့မည်ပုံ သင်္ဂြိုဟ်စီမံရမည်ဟု လွှတ်ရုံးတော်၌ သတ်မှတ်ချက်များ ထားရှိခဲ့၏၊ ရာဇဂုရု ဆရာတော်များအနေဖြင့် သေဒတ် အမိန့်ပေးခြင်းခံရသော ရာဇဝတ်သားကိုပင် မေတ္တာရပ် ကယ်တင်နိုင်ကြောင်း အဆိုရှိ၏။

**အနှစ် ( ၃၀ ) သူ့ကျွန်ဘဝ။** ။ကိုယ့်မင်းကိုယ့်ချင်း ဘဝ၌ နေလိုလလို ထွန်းတောက်ခဲ့သော သာသနာတော်ကြီးသည် မြန်မာသက္ကရာဇ် ၁၂၄၇-ခု ခရစ်သက္ကရာဇ် ၁၈၈၅-ခုနှစ်တွင် ထီးကျိုးစည်ပေါက် ဖြစ်ခဲ့ရပြီး၊ မြန်မာဘုရင်များရှိစဉ်ကလို မတင့်တယ်မထည်ဝါတော့ပဲ ညှိုးလျော်မှေးမှိန်ခဲ့ရ၏၊သူ့ကျွန်ဘဝ၌ လွတ်လပ်ရေးဆိုသော အချုပ်အချာအာဏာ ဆုံးရှုံးခဲ့ရသကဲ့သို့ ဘုရားသခင်၏ သာသနာတော်ကြီးသည်လည်း တိမ်ဖုံးသောလကဲ့သို့ မထွန်းလင်း မတောက်ပနိုင်တော့ချေ၊ ဗြိတိသျှတို့ အုပ်စိုးချိန်မှစ၍ အနှစ် (၃၀) တိုင်တိုင် ဘွဲ့တံဆိပ် ဆက်ကပ်ခြင်း ရပ်ဆိုင်းသွားလေသည်။

**အဂ္ဂမဟာပဏ္ဍိတဘွဲ့ ပေါ်ပေါက်လာခဲ့ပုံ။** ။သီပေါမင်း ပါတော်မူပြီးနောက် ၂၆-နှစ်အကြာ မြန်မာသက္ကရာဇ် ၁၂၇၁-ခု ခရစ်သက္ကရာဇ် ၁၉၁၁- ခုနှစ်တွင် ပဉ္စမနှစ်မြောက် ဂျော့ဘုရင်သည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် တကြိမ်၊ အိန္ဒိယနိုင်ငံ ဒေလီမြို့တွင်တကြိမ်၊ အဘိသိက်ခံယူပွဲကို ကျင်းပခဲ့၏၊ ထိုစဉ်က မြန်မာနိုင်ငံကို တိုင်းပြည်တခုအနေဖြင့် ဗြိတိသျှတို့က သတ်မှတ်ခြင်းမပြုပဲ အိန္ဒိယလက်အောက်ခံ ပြည်နယ်တခုအဖြစ်သာ ထားရှိသောကြောင့် တိုက်ရိုက်ဆက်သွယ်ခွင့်မရှိခဲ့ချေ။

ဂျော့ဘုရင်က သူ၏ဘိသိက်ပွဲကို ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံမှ ကျမ်းဂန်တတ် ပညာရှိသုခမိန်များကို ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်လိုကြောင်း အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်မှတဆင့် တောင်ခွင်သာသနာပိုင်ထံ စုံးစမ်းမေးမြန်းရာ အဆင့်ဆင့် သွားရသောကြောင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ပေးခြင်းကိစ္စသည် ၄-နှစ်ကြာမှ အကောင်အထည် ပေါ်ခဲ့ရသည်။ အဂ္ဂမဟာပဏ္ဍိတဆိုသော ဘွဲ့အမည်ပေးသင့်ကြောင်းကို တောင်ခွင်သာသနာပိုင် ဆရာတော်က အကြံပြုခဲ့ခြင်းဖြစ်သည်၊ အဂ္ဂမဟာပဏ္ဍိတဆိုသည်မှာ=ကြီးကျယ်မြင့်မြတ်သော ပညာရှိဟု အဓိပ္ပာယ်ရရှိသည်။

ဗြိတိသျှအစိုးရခေတ်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်အတွက် တနှစ်လျှင် ဆွမ်းဆန်တော် အလှူငွေဒင်္ဂါး ( ၁၀၀ ) ကျပ်နှင့် ညီမျှသော ထောက်ပံ့မှုကို ချီးမြှင့်ပါသည်။ အခမဲ့ ခရီးသွားလာခွင့် လက်မှတ်ကိုလည်း ဆက်ကပ်ကြောင်းသိရပါသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရထိုက်သော အင်္ဂါရပ်များ

အဂ္ဂမဟာပဏ္ဍိတဘွဲ့ ချီးမြှင့်ထိုက်သော အရည်အချင်းဂုဏ်အင်္ဂါများကို တောင်ခွင်သာသနာပိုင်ဆရာတော်၏ အမိန့်ပြန်တမ်းတွင် အောက်ပါအတိုင်း ဖော်ပြထား၏—

(၁) ပရိယတ္တိဝိသာရဒ တိပိဋကဓရ ပဋိပတ္တိမာမကဟူသော ဂုဏ်ထူးဝိသေသရှိ၍ ဝိနိစ္ဆယကျွမ်းကျင်ခြင်း၊

(၂) အာစရိယလဒ္ဓိပဒေသစသော ကျေးဇူးဂုဏ်ရှိသဖြင့် တပည့်သားတို့အား အဆက်မပြတ် စာပေပို့ချခြင်း၊

(၃) ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ ဗျာကရဏ်းတတ်ကျွမ်း၍ ကျမ်းဂန်ပြုစု ရေးသားနိုင်ခြင်း၊

(၄) သဂ္ဂ မောက္ခ ပရာယန အကျိုးငှာ တရားဓမ္မ ပြောဟောဆုံးမနိုင်ခြင်း၊

(၅) ဝိနယ ဂရုက သီလဝန္တဖြစ်ခြင်း။

## ပထမဦးဆုံး အဂ္ဂမဟာပဏ္ဍိတဘွဲ့ရပုဂ္ဂိုလ်များ

ပထမဆုံး အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ပွဲကို မြန်မာသက္ကရာဇ် ၁၂၇၇-ခုနှစ် တန်ဆောင်မုန်းလဆန်း (၁) ရက်၊ ခရစ်သက္ကရာဇ် ၁၉၁၅ ခု၊ နိုဝင်ဘာလ (၇) ရက်နေ့တွင် မန္တလေးတောင်ခြေ ကျောက်တော်ကြီးဘုရားအနီး သုဓမ္မာဇရပ်တော်၌ ပြုလုပ်ခဲ့သည်၊ မြန်မာနိုင်ငံတွင် ပထမဦးဆုံး အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရရှိသော ပုဂ္ဂိုလ်များမှာ—

(၁) မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက် ဆရာတော် ဦးဝိသုဒ္ဓ၊

(၂) မန္တလေးမြို့၊ သုဓမ္မာဝင် စံကျောင်းဆရာတော် ဦးနန္ဒ၊

(၃) မန္တလေးမြို့၊ သံဃနာယကအနောက်ပြင်တိုက်တော်မှ မောက်ကြိုးဆရာတော် ဦးကဝိန္ဒ၊

(၄) မန္တလေးမြို့၊ သုဓမ္မာဝင်စိန်ပန်းဆရာတော် ဦးဇောတ၊

(၅) မန္တလေးမြို့၊ အရှေ့ပြင်တိုက်တော် ကျောက်ပန်တောင်းဆရာတော် ဦးဂုဏ၊

(၆) မန္တလေးမြို့၊ ခင်မကန်တိုက်၊ သံဃနာယကဆရာတော် ဦးခန္တိ၊

(၇) မုံရွာမြို့၊ လယ်တီဆရာတော် ဦးဉာဏ၊

(၈) ရန်ကုန်မြို့၊ ငါးထပ်ကြီးကျောင်းတိုက် ဂိုဏ်းအုပ်ဆရာတော် ဦးအာသဘ၊

(၉) ရန်ကုန်မြို့၊ ကြည့်မြင်တိုင် စလင်းဆရာတော် ဦးသီဟ၊

(၁၀) ရန်ကုန်မြို့၊ သံယုတ်ဆရာတော် ဦးကုမာရ၊

(၁၁) ရန်ကုန်မြို့၊ အသယ်တောရဆရာတော် ဂိုဏ်းထောက် ဦးကေဒသလ္လ၊

(၁၂) ရန်ကုန်မြို့၊ ပါဠိဆရာကြီး ဆရာဖြေတို့ဖြစ်ကြသည်။

ရဟန်းပညာရှိ (၁၁) ပါးနှင့် လူပညာရှိတဦး အဂ္ဂမဟာပဏ္ဍိတဘွဲ့ရရှိပြီး၊ အထက်မြန်မာနိုင်ငံမှ (၇)ဦး၊ အောက်မြန်မာနိုင်ငံမှ (၅) ဦးတို့ဖြစ်သည်။

## ဗြိတိသျှလက်ထက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရရှိသူပေါင်း

၁၂၇၇-ခုနှစ်မှစ၍ နှစ်စဉ် ဆက်ကပ်လာသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်မှုသည် ဒုတိယကမ္ဘာစစ်မီးကြောင့် ၁၃၀၂-ခုနှစ်တွင် နောက်ဆုံးထား၍ ရပ်ဆိုင်းသွားခဲ့ရသည်၊ဗြိတိသျှအစိုးရလက်ထက် ၂၅-နှစ်အတွင်း အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရရှိသူပေါင်း (၉၂) ဦးရှိရာ၊ ထို ၉၂-ဦးတွင် လူပုဂ္ဂိုလ်ထဲမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို အောက်ပါလေးဦးတို့ ရရှိခဲ့ကြသည်။

| | | |
|---|---|---|
| (၁) | ပါဠိဆရာဖြေ | ၁၂၇၆-ခု |
| (၂) | ထရံကာ-ဆရာကြီးဦးညွန့် | ၁၂၇၉-ခု |
| (၃) | ဆရာကြီးဦးလင်း | ၁၂၈၇-ခု |
| (၄) | လယ်တီဆရာမြို့ | ၁၂၉၂-ခု |

## ဘွဲ့တံဆိပ်တော် စီစဉ်သတ်မှတ်ရေးကော်မတီ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် မြန်မာအစိုးရဘို့က ၁၃၁၂-ခုနှစ်မှစ၍ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ပြန်လည်ဆက်ကပ်လှူဒါန်းခဲ့သည်၊ ဒုတိယကမ္ဘာစစ်ကြောင့် ကြားကာလတွင် (၁၀) နှစ်တိတိ ပြတ်လပ်နေခဲ့သည်၊ မြန်မာသက္ကရာဇ် ၁၃၁၅-ခု၊ ခရစ်သက္ကရာဇ် ၁၉၅၃-ခုနှစ်တွင်—

(၁) ဟသ်ာတမြို့ အဘိဓဇမဟာရဋ္ဌဂုရု ဘုရားကြီးဆရာတော်

(၂) မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်

(၃) ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ လေသာဆရာတော်

(၄) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် မြောင်းမြဆရာတော်တို့ပါဝင်သော “ဘွဲ့တံဆိပ်တော် စိစစ်သတ်မှတ်ရေးကော်မတီ” က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်လှူဒါန်းထိုက်သော အင်္ဂါ ၅-ရပ်ကို အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့သည်။

(၁) ပါဠိတော် အဋ္ဌကထာဋီကာစသည်တို့၌ ကျွမ်းကျင်ခြင်း၊

(၂) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသည်တို့ကို အမြဲမပြတ် ပို့ချခြင်း၊

(၃) အနည်းဆုံးသိက္ခာဝါ (၂၀) ရှိရခြင်း၊

(၄) ပါဠိတော်၊ အဋ္ဌကထာ၊ဋီကာစသည်တို့၌ ကျွမ်းကျင်လိမ္မာသည်ဟု ကျော်ကြားခြင်း၊

(၅) သီလဝန္တဖြစ်ခြင်း၊

၁၉၅၃-ခုနှစ်က သတ်မှတ်ထားသော ဤစည်းမျဉ်းပါ အင်္ဂါ ၅-ချက်တို့ကို တော်လှန်ရေး ကောင်စီအစိုးရလက်ထက် ယခုအချိန်အထိ ဤမူအတိုင်းပင် ဆက်လက်ကျင့်သုံးဆဲ ဖြစ်သည်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အတွက် တနှစ်လျှင် ဆွမ်းဆန်တော်အလှူငွေ (၇၅၀)ကျပ်ကို နိုင်ငံတော်က ဆက်ကပ်လှူဒါန်းပြီး ကုန်း၊ ရေ၊ ပထမတန်းမှ အခမဲ့ ခရီးသွားလာခွင့် လက်မှတ်ကို လည်း ဆက်ကပ်လှူဒါန်းထားပါသည်။နောက်ပါ တပည့်တယောက်ကိုလည်း ကပ္ပိယကာရကအဖြစ် ခေါ်ဆောင်ခွင့်ပြုပါသည်။

**တော်လှန်ရေး (နိုင်ငံတော်ကောင်စီ) ခေတ်**

**အဂ္ဂမဟာပဏ္ဍိတ**

နိုင်ငံရေးအစိုးရအနေဖြင့် (၁၃၂၃) ခုနှစ်အထိ (၁၁) နှစ်ကာလအတွင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ကို (၁၁၇)တိတိ ကြေငြာနိုင်ခဲ့ပြီး (၇၈) တိတိ ဆက်ကပ်နိုင်ခဲ့သည်၊ ၁၉၆၂-ခုနှစ် (၁၃၂၃) တွင် တော်လှန်ရေးကောင်စီ အစိုးရတက်လာသောအခါ ယခင်အစိုးရလက်ထက်က ကြေငြာထား သော(၂၈)ပါးကို ဆက်လက်ကပ်လှူပြီးနောက် အကြောင်းအမျိုးမျိုးကြောင့်(၁၇)နှစ်ကြာမျှ ရပ် ဆိုင်းထားခဲ့ရသည်၊ ၁၃၄၁-ပြည့်နှစ်တွင် ကြေငြာ၍ ၁၃၄၁-ခုနှစ် နယုန်လပြည့်နေ့တွင် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်များကို နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတစစ်တမ်း။ ။၁၂၇၇-ခုနှစ်မှ စတင်၍ ဆက်ကပ်လာသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ် ကပ်လှူခြင်းသမိုင်းကြောင်းသည် ယခုဆိုလျှင် နှစ်ပေါင်း (၆၇) နှစ်ရှိခဲ့ပါပြီ၊ ယင်း(၆၇) နှစ်တွင် ဒုတိယကမ္ဘာစစ်ကြောင့် (၁၀) နှစ် လစ်လပ်ပြီး တော်လှန်ရေးကောင်စီလက်ထက် (၁၇) နှစ် ရပ်နားခဲ့သောကြောင့် အမှန်တကယ် ဘွဲ့တံဆိပ်ဆက်ကပ်ခဲ့သော နှစ်ပေါင်း (၄၀) သာ ဖြစ်သည်၊ ယင်းနှစ်ပေါင်း (၄၀)တွင် –

ဗြိတိသျှလက်ထက် ၂၅-နှစ်အတွင်း ၉၂-ပါး၊ နိုင်ငံရေးအစိုးရလက်ထက် (၁၁) နှစ်အတွင်း (၇၉) ပါး၊ နိုင်ငံရေးနှင့် တော်လှန်ရေးအစိုးရ ပေါင်းစပ်ကာလ (၁၀) နှစ်အတွင်း (၂၈)ပါး၊ နိုင်ငံတော်ကောင်စီလက်ထက် (၃) နှစ်အတွင်း (၂၂) ပါး၊ စုစုပေါင်း အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ (၂၂၁) ပါး ရှိသွားခဲ့ပါပြီ။

ယင်း (၂၂၁) ပါးတွင် မြန်မာပြည်တွင်းမှ (၂၁၀)နှင့် ပြည်ပနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရရှိသူပေါင်း (၁၁) ဦး ရှိကြောင်း သိရပါသည်၊ ပြည်ပနိုင်ငံမှ ၁၁-ဦးမှာ –

သီဟိုဠ်နိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ၆-ပါး

ယိုးဒယားနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ၃-ပါး

ကမ္ဘောဒီးယားနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ၁-ပါး

လာအိုနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ၁-ပါးတို့ဖြစ်ပါသည်။

ဤမျှလောက်ဆိုလျှင် အဂ္ဂမဟာပဏ္ဍိတအကြောင်း သိကောင်းစရာများ အတော်အသင့် ပြည့်စုံလောက်ပါပြီ (၂၂၁) စာရင်းမှာ မိမိလေ့လာ တွေ့ရှိချက် စာရင်းသာ ဖြစ်ပါသည်၊ အပို အလိုရှိသော် သိသူတို့က တိကျစွာ မှတ်တမ်းတင်ရန် တောင်းပန်ပါသည်၊ ဤကဲ့သို့ သီလသမာဓိ ပညာထူးချွန်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ပညာရှင်များ၏ အတ္ထုပ္ပတ္တိ သမိုင်းကြောင်းကို အများ သူငါ အတုယူ အားကျစေရန် တစုတရုံးတည်း ဖော်ပြ၍ အကျယ်တဝင့် မှတ်တမ်းတင်ပေးကြပါ ရန် နှိုးဆော်တိုက်တွန်းအပ်ပါသတည်း။

မာဂဓိ–သာစည်။

# ထေရုပ္ပတ္တိစာအုပ် ဓမ္မဒါနစာရင်း

| စဉ် | အလှူရှင်အမည် | | နေရပ်လိပ်စာ | အုပ်ရေ-အလှူငွေ | |
|---|---|---|---|---|---|
| ၁။ | ဆရာတော် | ဦးအာစိဏ္ဏ | ရွှေဂူကျောင်းတိုက်၊ ထားဝယ်မြို့ | ၂၀၊ | ၂၀ဝိ |
| ၂။ | ။ | ဦးသီဟာစာရ | ကျက်ယက်တွင်း အရှေ့ကျောင်း | ၁၀၊ | ၁၀ဝိ |
| ၃။ | ဘုန်းတော်ကြီး | ဦးသောဘဏ | သမြေရှောင်တိုက်ကျောင်း | ၁၀၊ | ၁၀ဝိ |
| ၄။ | ။ | ဦးသီလဝံသ | ဃောသိတာရာမတိုက်သစ် | ၁၀၊ | ၁၀ဝိ |
| ၅။ | ။ | ဦးဣသရိယ | အောင်ချမ်းသာကျောင်း | ၁၀၊ | ၁၀ဝိ |
| ၆။ | ။ | ဦးကုဏ္ဍလ | အနောက်သဗျာကျောင်းကြီး | ၁၀၊ | ၁၀ဝိ |
| ၇။ | ။ | ဦးပညိန္ဒ | ပဋ္ဌသီမော်ကျောင်း | ၁၀၊ | ၁၀ဝိ |
| ၈။ | ။ | ဦးပညာသိပ္ပ | အင်းဇောက်အနောက်ကျောင်း | ၁၀၊ | ၁၀ဝိ |
| ၉။ | ။ | ဦးသုမင်္ဂလ | ပြည်လုံးချမ်းသာကျောင်း | ၁၀၊ | ၁၀ဝိ |
| ၁၀။ | ။ | ဦးဓမ္မသာမိ | ဝဗျောကျောင်း | ၁၀၊ | ၁၀ဝိ |
| ၁၁။ | ။ | ဦးဥတ္တရ | ပန္နလဲကျောင်းကြီး | ၁၀၊ | ၁၀ဝိ |
| ၁၂။ | ။ | ဦးအာသဘ | မဟာဗောဓိကျောင်း-ရေဖြူရွာ | ၁၀၊ | ၁၀ဝိ |
| ၁၃။ | ။ | ဦးနာရဒ | နာရဒါရာမတိုက်ကျောင်း၊ ကဒက်ယဲ်ရွာ | ၁၀၊ | ၁၀ဝိ |
| ၁၄။ | ။ | ဦးနာရဒ | ရွာလယ်တိုက်ကျောင်း၊ ရေဖြူရွာ | ၁၀၊ | ၁၀ဝိ |
| ၁၅။ | ။ | ဦးဣန္ဒက | ရဘဲကျောင်းဟောင်း | ၁၀၊ | ၁၀ဝိ |
| ၁၆။ | ။ | ဦးအဂ္ဂဓမ္မ | ဃောသိတာရာမ တိုက်သစ် | ၁၀၊ | ၁၀၀ |
| ၁၇။ | ။ | ဦးမာလာ | ဃောသိတာရာမ တိုက်သစ် | ၁၀၊ | ၁၀ဝိ |
| ၁၈။ | ။ | ဦးမုနိန္ဒ | ဇလွန်းအနောက်ကျောင်း | ၁၀၊ | ၁၀ဝိ |
| ၁၉။ | ။ | ဦးသုဒဿန | အရိုးဆေးကန်ကျောင်း | ၁၀၊ | ၁၀ဝိ |
| ၂၀။ | ။ | ဦးဝိလာသ | ကွမ်းအုံမော်ကျောင်း၊ပန်းတော | ၁၀၊ | ၁၀ဝိ |
| ၂၁။ | ။ | ဦးသြဘာသ | ဓမ္မာမကကျောင်း၊ ရေဖြူမြို့ | ၁၀၊ | ၁၀ဝိ |
| ၂၂။ | ။ | ဦးရေဝတ | ယိုးဒယားကျောင်း | ၁၀၊ | ၁၀ဝိ |
| ၂၃။ | ။ | ဦးအာစရ | ရွှေကျောင်း၊ မြိတ်မြို့ | ၁၀၊ | ၁၀ဝိ |
| ၂၄။ | ။ | ဦးပညိန္ဒ | ကံသာစည်သင်တိုက်၊ မြိတ်မြို့ | ၁၀၊ | ၁၀ဝိ |

| စဉ် | အလှူရှင်အမည် | | နေရပ်လိပ်စာ | အုပ်ရေ-အလှူငွေ | |
|---|---|---|---|---|---|
| ၂၅။ | ။ | ဦးသောဘန | တောကျောင်းစာသင်တိုက်၊ မြိတ်မြို့ | ၁၀၊ | ၁၀ဝိ |
| ၂၆။ | ။ | ဦးသေဝိတ | စခန်းသစ်ကျောင်း၊ မြိတ်မြို့ | ၁၀၊ | ၁၀ဝိ |
| ၂၇။ | ။ | ဦးပညာသီဟ | ဆင်ဖြူတော်ကျောင်း | ၁၀၊ | ၁၀ဝိ |
| ၂၈။ | ။ | ဦးသာဂရ | ဃောသိတာရာမ တိုက်သစ် | ၁၀၊ | ၁၀ဝိ |
| ၂၉။ | ။ | ဦးဝရသာမိ | ဃောသိတာရာမ တိုက်သစ် | ၁၀ | ၁၀ဝိ |
| ၃၀။ | ။ | ဦးသုနန္ဒ | တောင်သမန်တိုက်၊ မန္တလေးမြို့ | ၁၀၊ | ၁၀ဝိ |
| ၃၁။ | ။ | ဦးပညာဝန္တ | ဝေဠုဝန်ကျောင်း-မင်းရပ် | ၁၀၊ | ၁၀ဝိ |
| ၃၂။ | ။ | ဦးဝရ | ကွမ်းအုံမော်ကျောင်း-ပန်းတော | ၁၀၊ | ၁၀ဝိ |
| ၃၃။ | ။ | ဦးစန္ဒောဘာသ | ကြာအင်းကျောင်းကြီး | ၁၀၊ | ၁၀ဝိ |
| ၃၄။ | ။ | တိုက်အုပ်ဘုန်းတော်ကြီး | ဃောသိတာရာမတိုက်သစ် | ၁၀၊ | ၁၀ဝိ |
| ၃၅။ | ။ | ဦးသုမေဓာ | ဆင်သေကျောင်း-ရေဖြူမြို့ | ၁၀၊ | ၁၀ဝိ |
| ၃၆။ | ။ | ဦးပညိန္ဒ | သာသနရံသီကျောင်း ။ | ၁၀၊ | ၁၀ဝိ |
| ၃၇။ | ။ | ဦးသောဘိတ | ဒေါက်လောက်ကျောင်း ၊ | ၁၀၊ | ၁၀ဝိ |
| ၃၈။ | ။ | ဦးကောသလ္လ | ပုလဲဂူကျောင်း ။ | ၁၀၊ | ၁၀ဝိ |
| ၃၉။ | ။ | ဦးအရိယဝံသ | သမြေဇွန်းကျောင်း ။ | ၁၀၊ | ၁၀ဝိ |
| ၄၀။ | ။ | ဦးဂုဏိက | ဇီးကျကျောင်း ။ | ၁၀၊ | ၁၀ဝိ |
| ၄၁။ | ဘုန်းတော်ကြီး | ဦးကေလာသ | သိမ်ဝကျောင်း | ၁၀ | ၁၀ဝိ |
| ၄၂။ | ။ | ဦးဥတ္တမ | တလိုင်းယာခကျောင်း၊ ရေဖြူမြို့ | ၁၀ | ၁၀ဝိ |
| ၄၃။ | ။ | ဦးကောဝိဒ | ညင်းခထွေးတိုက်ကျောင်း ။ | ၁၀ | ၁၀ဝိ |
| ၄၄။ | ။ | ဦးအာဒိစ္စ | ကျောက္ကညာတိုက်ကျောင်း ။ | ၁၀ | ၁၀ဝိ |
| ၄၅။ | ။ | ဦးကေလာသ | တီဇစ်အထက်ကျောင်း လောင်းလုံးမြို့ | ၁၀ | ၁၀ဝိ |
| ၄၆။ | ။ | ဦးနန္ဒဝံသ | စစ်ပြဲတိုက်ကျောင်း ။ | ၁၀ | ၁၀ဝိ |
| ၄၇။ | ။ | ဦးနန္ဒမာလာ | ဘုရားငါးဆူကျောင်း ။ | ၁၀ | ၁၀ဝိ |
| ၄၈။ | ။ | ဦးသြဘာသ | သဝင်ကျောင်း ။ | ၁၀ | ၁၀ဝိ |
| ၄၉။ | ။ | ဦးကောဝိဒ | ဓမ္မစကြာပဋိပတ္တိရိပ်သာ | ၁၀ | ၁၀ဝိ |
| ၅၀။ | ။ | ဦးကုမာရ | ရွှေဂူကျောင်းတိုက်၊ ထားဝယ်မြို့ | ၁၀ | ၁၀ဝိ |
| ၅၁။ | ။ | ဦးဉာဏုတ္တရ | ဆီဆုံကျောင်း ။ | ၁၀ | ၁၀ဝိ |

| စဉ် | အလှူရှင်အမည် | | နေရပ်လိပ်စာ | အပ်ငွေ-အလှူငွေ | |
|---|---|---|---|---|---|
| ၅၂။ | ။ | ဦးကောသလ္လည | အင်းဇောက်တိုက်ကျောင်း | ၅ | ၅၀ိ |
| ၅၃။ | ။ | ဦးကောသလ္လည | အောင်ချမ်းသာကျောင်း | ၅ | ၅၀ိ |
| ၅၄။ | ။ | ဦးနန္ဒိမာ | ညင်းမော်ကျောင်း | ၅ | ၅၀ိ |
| ၅၅။ | ။ | ဦးဝိမလ | စစ်ပြဲကျောင်းသစ် | ၅ | ၅၀ိ |
| ၅၆။ | ။ | ဦးပဏ္ဍိစ္စ | ပလောကျောင်း မြိတ်မြို့ | ၅ | ၅၀ိ |
| ၅၇။ | ။ | ဦးဝိသုဒ္ဓ | ပလောကျောင်း မြိတ်မြို့ | ၅ | ၅၀ိ |
| ၅၈။ | ။ | ဦးဇနိတ | ဇေသာသိတာရာမတိုက်သစ် | ၅ | ၅၀ိ |
| ၅၉။ | ။ | ဦးတေဇော | ပိုန္နဲတောတိုက်ကျောင်း | ၅ | ၅၀ိ |
| ၆၀။ | ။ | ဦးဇဝန | ကြခပ်ပင်ခြောက်ကျောင်း | ၅ | ၅၀ိ |
| ၆၁။ | ။ | ဦးဉာဏဝံသ | ဝေဠုဝန်ကျောင်း မောင်းမကန် | ၅ | ၅၀ိ |
| ၆၂။ | ။ | ဦးအဂ္ဂဝံသ | ပခုက္ကူကျောင်းတိုက် | ၅ | ၅၀ိ |
| ၆၃။ | ။ | ဦးရဝိန္ဒ | ဝေဒီကျောင်းကြီး | ၅ | ၅၀ိ |
| ၆၄။ | ။ | ဦးဉာဏဝံသ | ဝေဒီကျောင်းကြီး | ၅ | ၅၀ိ |
| ၆၅။ | ။ | ဦးဓမ္မဝံသ | ဓမ္မရိပ်သာကျောင်း | ၅ | ၅၀ိ |
| ၆၆။ | ။ | ဦးပညာ | လယ်ပေါ်ကျောင်း | ၅ | ၅၀ိ |
| ၆၇။ | ။ | ဦးဝရသာမိ | သပြေစွန်းကျောင်း–ရေဖြူမြို့ | ၅ | ၅၀ိ |
| ၆၈။ | ။ | ဦးဝိလာသ | ရေပုံကျောင်း–စစ်ပြဲရွာ | ၅ | ၅၀ိ |
| ၆၉။ | ။ | ဦးရိန္ဒမ | ဇေယျဝတီစာသင်တိုက် | ၅ | ၅၀ိ |
| ၇၀။ | ။ | ဦးစန္ဒဝံသ | ဇေယျဝတီစာသင်တိုက် | ၅ | ၅၀ိ |
| ၇၁။ | ။ | ဦးအစ္ဆရိယ | ကဗိတောင်ကပ်ကျောင်း | ၅ | ၅၀ိ |
| ၇၂။ | ။ | ဦးဗုဒ္ဓပိယ | တောက်ထိန်တောင်ရိပ်သာ | ၅ | ၅၀ိ |
| ၇၂။ | ဘုန်းတော်ကြီး | ဦးလာဘ | ကျခပ်တပင်အင်းကျောင်း | ၅၊ | ၅၀ိ |
| ၇၃။ | ။ | ဦးကောသလ္လည | ကံသာစာသင်တိုက် မြိတ်မြို့ | ၅၊ | ၅၀ိ |
| ၇၄။ | ။ | ဦးဝိမလ | ကံသာစာသင်တိုက် မြိတ်မြို့ | ၅၊ | ၅၀ိ |
| ၇၅။ | ။ | ဦးသုဇန | ဇေသာသိတာရာမတိုက်သစ် | ၅၊ | ၅၀ိ |
| ၇၆။ | ။ | ဦးဓမ္မဝံသ | သဒ္ဓမ္မဝံသကျောင်း | ၅၊ | ၅၀ိ |

| စဉ် | အလှူရှင်အမည် | နေရပ်လိပ်စာ | အုပ်ရေ-အလှူငွေ |
|---|---|---|---|
| ၇၇။ | ဘုန်းတော်ကြီး ဦးဝါသဝ | ကြခပ်ပင် အနောက်ကျောင်း | ၃၊ ၃ဝိ |
| ၇၈။ | ။ ဦးကုဏ္ဍလ | ကြခပ်ပင် အနောက်ကျောင်း | ၃၊ ၃ဝိ |
| ၇၉။ | ။ ဦးစက္ကိန္ဒ | ဘဝပင်ကျောင်း | ၃၊ ၃ဝိ |
| ၈၀။ | ။ ဦးစန္ဒဝံသ | ဝေယံစံလွတ်ကျောင်း | ၂၊ ၂ဝိ |
| ၈၁။ | ။ ဦးဣန္ဒောဘာသ | မိုးတိုင်တက်ကျောင်း | ၂၊ ၂ဝိ |
| ၈၂။ | ။ ဦးစန္ဒောဘာသ | ညင်းမော်ကျောင်း | ၂၊ ၂ဝိ |
| ၈၃။ | ။ ဦးဣန္ဒာ | စစ်ပြတိုက်ကျောင်း | ၂၊ ၂ဝိ |
| ၈၄။ | ။ ဦးပုည | စစ်ပြတိုက်ကျောင်း | ၂၊ ၂ဝိ |
| ၈၅။ | ။ ဦးစန္ဒောဘာသ | စစ်ပြတိုက်ကျောင်း | ၂၊ ၂ဝိ |
| ၈၆။ | ။ ဦးပဏ္ဍိစ္စ | ရှမ်းမော်ကျောင်း | ၂၊ ၂ဝိ |
| ၈၇။ | ။ ရှင်ခေမာစာရ | မဟာဗောဓိကျောင်း၊ ရေဖြူရွာ | ၂၊ ၂ဝိ |
| ၈၈။ | ။ ရှင်မာနိတ | ဃောသိတာရာမဘိုက်သစ် | ၂၊ ၂ဝိ |
| ၈၉။ | ။ ဦးနရိန္ဒ | တောက်ထိန်တောင်ရိပ်သာ | ၂၊ ၂ဝိ |
| ၉၀။ | ဦးသိန်းတင်-ဒေါ်ဟင်စိန် မိသားစု | ကညွှံ့ရပ် ထားဝယ်မြို့ | ၂၅၊ ၂၅ဝိ |
| ၉၁။ | ဦးကြင်ကွမ်-ဒေါ်ညွန့်ဘင် မိသားစု | သဘော်ဆိပ်ရပ် | ၁၀၊ ၁၀ဝိ |
| ၉၂။ | ဦးလှသင်း-ဒေါ်ထွန်းကြည် မိသားစု | ဘုံမော်ရပ် | ၁၀၊ ၁၀ဝိ |
| ၉၃။ | ဦးကျော်ရှိန်-ဒေါ်ထွားစိန် မိသားစု | ဇရစ်ရပ် | ၁၀၊ ၁၀ဝိ |
| ၉၄။ | ကိုလှမြင့် (စံပြ-အပ်ချုပ်ဆိုင်) | ကရပ်ပြင်ရပ် | ၁၀၊ ၁၀ဝိ |
| ၉၅။ | ဦးကျော်စိုး-ဒေါ်နန်းနွမ်းခမ်း မိသားစု | ၁၂-ဘိုကလေးလမ်း၊ ရန်ကုန် | ၁၀၊ ၁၀ဝိ |
| ၉၆။ | ဦးဟန်ဆွေ-ဒေါ်ခင်ကြည် -မိသားစု | ဇရစ်ရပ် | ၁၀၊ ၁၀ဝိ |
| ၉၇။ | ကိုဝွမ်စိန်-မကြင်ပို | ဇရစ်ရပ် | ၁၀၊ ၁၀ဝိ |
| ၉၈။ | သီလရှင် ဆရာလေးများ | ရတနာမာရ်အောင် စာသင်တိုက် | ၁၀၊ ၁၀ဝိ |
| ၉၉။ | မောင်လှရီ-မအောင်မြ | ဘုံမော်ရပ် | ၁၀၊ ၁၀ဝိ |

| စဉ် | အလှူရှင်အမည် | နေရပ်လိပ်စာ | အုပ်ရေ-အလှူငွေ | |
|---|---|---|---|---|
| ၁၀၀။ | ဦးဘရင်-ဒေါ်လှိုင်တင် သားများ | ဘုံမော်ရပ် | ၁၀၊ | ၁၀၀ |
| ၁၀၁။ | သီလရှင် ယောဂီများ | တောက်ထိန်တောင်ရိပ်သာ | ၆၊ | ၆၀ |
| ၁၀၂။ | ဆရာ ဦးမောင်အေး | ဝဲကျွန်းရပ် | ၅၊ | ၅၀ |
| ၁၀၃။ | ဆရာ ဦးအောင်နိုင် | ဇရစ်ရပ် | ၅၊ | ၅၀ |
| ၁၀၄။ | ဆရာ ဦးအောင်ကြိုင် | ရှမ္မလည်ဆွဲရပ် | ၅၊ | ၅၀ |
| ၁၀၅။ | ဆရာ ဦးထွန်းသိမ်း | တံငါရပ် | ၅၊ | ၅၀ |
| ၁၀၆။ | ဆရာ ဦးဖေညွှန့် | ပန္နလဲရွာ | ၅၊ | ၅၀ |
| ၁၀၇။ | ဦးထွန်းတင် | ကရပ်ပြင်ရပ် | ၅၊ | ၅၀ |
| ၁၀၈။ | ဦးသောင်းညွှန့်-ဒေါ်မြရီ | အိုးလုပ်ရပ် | ၅၊ | ၅၀ |
| ၁၀၉။ | ဦးရွှေတင် | စခန်းသစ်ရွာ-မြို့တ်မြို့ | ၅၊ | ၅၀ |
| ၁၁၀။ | ဒေါ်ထွန်းရွှေ | သပြေရှောင်ရွာ | ၅၊ | ၅၀ |
| ၁၁၁။ | ဒေါ်ကြင်နိုင် | သပြေရှောင်ရွာ | ၅၊ | ၅၀ |
| ၁၁၂။ | ဒေါ်ရှုပ | အောင်ချမ်းသာကျောင်း | ၅၊ | ၅၀ |
| ၁၁၃။ | ဒေါ်သုမန | တောက်ထိန်တောင်ရိပ်သာ | ၅၊ | ၅၀ |
| ၁၁၄။ | ဒေါ်ငွေကြင်နှင့် သမီး-အေးအေးချို | ဇရစ်ရပ် | ၅၊ | ၅၀ |
| ၁၁၅။ | ဦးစစ်သီး-ဒေါ်ကြင်ထွေး မိသားစု | သပြေရှောင်ရွာ | ၅၊ | ၅၀ |
| ၁၁၆။ | ဒေါ်အင်ကြည် | သပြေရှောင်ရွာ | ၅၊ | ၅၀ |
| ၁၁၇။ | ဦးလှမောင်-ဒေါ်ဖွားမြ မိသားစု | မြို့တွင်းရပ် | ၅၊ | ၅၀ |
| ၁၁၈။ | ဗိုလ်ကြီး ကျော်ညွှန့်-ဒေါ်အေးအေးသန်း | ဟာမြင်းကြီးသတ္တုတွင်း စီမံကိန်း | ၅၊ | ၅၀ |
| ၁၁၉။ | ဦးဘသန်း-ဒေါ်အုန်းကြွယ်မိသားစု | ကညုံ ရပ် | ၅၊ | ၅၀ |
| ၁၂၀။ | ဦးထိန်ကြင်-ဒေါ်ငွေကြင် မိသားစု | ကျောက်နီမော်ရွာ | ၅၊ | ၅၀ |
| ၁၂၁။ | ဦးကြင်ဟို-ဒေါ်စီတင် မိသားစု | သပြေရှောင်ရွာ | ၅၊ | ၅၀ |
| ၁၂၂။ | ဦးသိန်းဟန်-ဒေါ်ရှင်စီ မိသားစု | ဇရစ်ရပ် | ၅၊ | ၅၀ |

ထေရုပ္ပတ္တိ ၁၂—ပ-မ-သ-စာ

| စဉ် | အလှူရှင်အမည် | နေရပ်လိပ်စာ | အုပ်ရေ-အလှူငွေ | |
|---|---|---|---|---|
| ၁၂၃။ | ကိုဇေရှိန်-မမြင့်မြင့်သိန်း | ကညုံ့ရပ် | ၅၊ | ၅၀ |
| ၁၂၄။ | ဦးအောင်သား-ဒေါ်ညွန့်တင် မိသားစု | စစ်ပြဲရွာ | ၄၊ | ၄၀ |
| ၁၂၅။ | ဆရာ ဦးခင်ရွှေ မိသားစု | လောင်းလုံးမြို့ | ၃၊ | ၃၀ |
| ၁၂၆။ | ဆရာ ဦးကြည်လင်း မိသားစု | ကြက်စားပြင်ရပ် | ၃၊ | ၃၀ |
| ၁၂၇။ | ဦးဘကြည် မိသားစု | အိုးလုပ်အနောက် | ၃၊ | ၃၀ |
| ၁၂၈။ | ဦးအုန်းမြင့် မိသားစု | ရှင်မုတ္ထီးရွာ | ၃၊ | ၃၀ |
| ၁၂၉။ | ဦးဖိုးအင်-ဒေါ်အေးသိန်း | ကျောက္ကညာရွာ | ၃၊ | ၃၀ |
| ၁၃၀။ | ဦးသိန်းညွှာ ဒေါ်သန်းပို | ဇရစ်ရပ် | ၃၊ | ၃၀ |
| ၁၃၁။ | ဒေါ်ပညာရီ ဒေါ်ဉာဏဝတီ | ဘုန်းကြီးပျံကုန်း | ၃၊ | ၃၀ |
| ၁၃၂။ | ကိုယူအန်း မခင်နွဲ့နှင့် မမေသန်း | ဇရစ်ရပ် | ၃၊ | ၃၀ |
| ၁၃၃။ | မခင်မြင့် | စစ်ပြဲရွာ | ၃၊ | ၃၀ |
| ၁၃၄။ | ကိုဆန်းမောင် | ပန္နလဲရွာ | ၃၊ | ၃၀ |
| ၁၃၅။ | မစိန်ရှင် | ကြက်စားပြင်ရပ် | ၃၊ | ၃၀ |
| ၁၃၆။ | ဦးချစ်အောင် ဒေါ်ထူးလှိုင် မိသားစု | ဘုံမော်ရပ် | ၃၊ | ၃၀ |
| ၁၃၇။ | ဦးစိန် ဒေါ်အုန်း မိသားစု | ကညုံ့ရပ် | ၃၊ | ၃၀ |
| ၁၃၈။ | ဒေါ်စန်ကြည် မိသားစု | အင်းဇောက်ရွာ | ၃၊ | ၃၀ |
| ၁၃၉။ | ဦးကာဒင်-ဒေါ်ဆန်းကြည် မိသားစု | ပန္နလဲရွာ | ၃၊ | ၃၀ |
| ၁၄၀။ | ဦးထွန်းဝေ ဒေါ်ကြင်အေး မိသားစု | ကေနီရွာ | ၃၊ | ၃၀ |
| ၁၄၁။ | ကိုဝင်းကြည် မစောညွန့် မိသားစု | ဇလွန်းရွာ | ၃၊ | ၃၀ |
| ၁၄၂။ | ဦးအုန်းမြင့် ဒေါ်မြရီ မိသားစု | ကျောက်မဲမြို့ | ၃၊ | ၃၀ |
| ၁၄၃။ | ဦးချစ်ဆိုင် ဒေါ်အေးမြင် မိသားစု | ထောကြဲရွာ | ၃၊ | ၃၀ |
| ၁၄၄။ | ဦးအိုဒုန်း ဒေါ်မငွေ မိသားစု | ကြက်ယက်တွင်းရွာ | ၃၊ | ၃၀ |
| ၁၄၅။ | ကိုလင်းညွန့် မနှင်းရီ | မင်္ဂလာကွက်သစ် | ၂၊ | ၂၀ |
| ၁၄၆။ | မောင်ဟန်သိန်း မမြသန်း | ဇရစ်ရပ် | ၂၊ | ၂၀ |
| ၁၄၇။ | ဒေါ်ခင်ကြည် မိသားစု | လောင်းလုံးမြို့ | ၂၊ | ၂၀ |
| ၁၄၈။ | မစောရီနှင့်သား မောင်ချစ်သန်း | သပြေရှောင်ရွာ | ၂၊ | ၂၀ |
| ၁၄၉။ | ဦးစံဝင်း ဒေါ်ဆန်း မိသားစု | တံငါရပ် | ၂၊ | ၂၀ |

| စဉ် | အလှူရှင်အမည် | နေရပ်လိပ်စာ | အုပ်ရေ-အလှူငွေ |
|---|---|---|---|
| ၁၅၀။ | မောင်ခင်လတ် | တိုင်းသာသနာရေး | ၂၊ ၂၀ |
| ၁၅၁။ | ဦးဘော်ဒင် ဒေါ်ထွေးခင် | ပြင်းထိန်ရွာ | ၂၊ ၂၀ |
| ၁၅၂။ | ဦးဘသီး ဒေါ်ပို | ကုန်းဇရပ်ရွာ | ၂၊ ၂၀ |
| ၁၅၃။ | ဦးဇဂ်ါး ဒေါ်ငွေကြည် | ဆင်ပုနစ်ရပ် | ၂၊ ၂၀ |
| ၁၅၄။ | ဦးလှိုင်းဖေ ဒေါ်တင်ရီ | သဘော်ဆိပ်ရပ် | ၂၊ ၂၀ |
| ၁၅၅။ | ဦးဘဦး ဒေါ်လှကြွေ | စစ်ပြဲရွာ | ၂၊ ၂၀ |
| ၁၅၆။ | ကိုလင်းရွှေ | ပန္ဒလဲရွာ | ၂၊ ၂၀ |
| ၁၅၇။ | ဒေါ်ပိုရှင် | မင်္ဂလာကွက်သစ် | ၂၊ ၂၀ |
| ၁၅၈။ | မတင်ညွန့် | စစ်ပြဲရွာ | ၂၊ ၂၀ |
| ၁၅၉။ | ဦးဖေလွင် မိသားစု | လောင်းလုံးမြို့ | ၂၊ ၂၀ |
| ၁၆၀။ | ဦးမောင်ဇံ | ပန္ဒလဲရွာ | ၂၊ ၂၀ |
| ၁၆၁။ | ဦးဘညွန့် မိသားစု | ပန္ဒလဲရွာ | ၂၊ ၂၀ |
| ၁၆၂။ | ဦးကျော် ဒေါ်မရှင် | သမြေရှောင်ရွာ | ၂၊ ၂၀ |
| ၁၆၃။ | ကိုကြင်ညွန့် မဟန်ကြည် | သမြေရှောင်ရွာ | ၂၊ ၂၀ |
| ၁၆၄။ | ကိုသန်းညွန့် | စစ်ပြဲရွာ | ၂၊ ၂၀ |
| ၁၆၅။ | ကိုဖေလင် မိသားစု | ကျောက္ကညာရွာ | ၂၊ ၂၀ |
| ၁၆၆။ | ဦးဘဖြူ ဒေါ်ငွေသစ် | တံငါရပ် | ၂၊ ၂၀ |
| ၁၆၇။ | ဦးဘဝင်း ဒေါ်ငွေစိန် | ကုန်းဇရပ်ရွာ | ၂၊ ၂၀ |
| ၁၆၈။ | ဆရာဦးညွန့်သင် မိသားစု | ကထောင်းနီရွာ | ၂၊ ၂၀ |
| ၁၆၉။ | ဆရာဦးဘဖေ မိသားစု | မကျွန်းမော်ရွာ | ၂၊ ၂၀ |
| ၁၇၀။ | ဦးအုန်းစိန် ဒေါ်ဖွားစေ မိသားစု | သမြေရှောင်ရွာ | ၂၊ ၂၀ |
| ၁၇၁။ | ဦးကျော်လှ ဒေါ်ခင်မာဗိုးမိသားစု | သာသနာရေးဌာန | ၂၊ ၂၀ |
| ၁၇၂။ | ဦးယုမြိုင် ဒေါ်ခင်ရ မိသားစု | သာသနာရေးဌာန | ၂၊ ၂၀ |

ပ·မ·သ·စ – ၆၇ – ၂၀·၅·၀၂—၃၅၀၀(၁)

922,6-35

A1MMGB015483

# မြတ်သောဆရာ

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စဋ္ဌာနေ နိယောဇကော။ (အံ ၂၄၂၂)

ယော အာစရိယော=အကြင်ဆရာသည်။

၁။ ပိယော =မေတ္တာကရုဏာနှင့် ယှဉ်သည်ဖြစ်၍ ချစ်ခင်ကြည်ညိုဖွယ်သော သဘော ရှိ၏။

၂။ ဂရု =ကျောက်ထီးတန္တု အလေးအမြတ် ပြုအပ်၏။

၃။ ဘာဝနီယော =သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ခန့်ညား ရှိသေဖွယ်ကို ပွားစေခြင်းသဘော ရှိ၏။

၄။ ဝတ္တာ စ =မတော်မတရား ပြုမှား ပြောဆိုသည်ကို အမြင်အကြား ယုံမှား သံသယရှိက ကရုဏာရှေ့ထား၍ ပြောကြားဆုံးမတတ်၏။

၅။ ဝစနက္ခမော =သူတပါးတို့က ပြောဆိုလာ ဆုံးမလာသော တရားစကားကို နားဝယ်မငြီး သည်းခံလေ့ရှိ၏။

၆။ ဂမ္ဘီရဉ္စ ကထံ =နက်နဲသော သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာနှင့် စပ်လျဉ်းသော တရားစကားကိုလည်း။

ကတ္တာ =ပြောဟောပေးတတ်၏။

၇။ အဋ္ဌာနေ =ပျက်စီးကြောင်းဖြစ်သော အပါယမုခ ပရာဘဝမုခစသော မသင့် လျော်သော အရာဌာနဌ်။

နော စ နိယောဇကော=မတိုက်တွန်းတတ်။

တံ အာစရိယံ =ထိုအင်္ဂါ (၇) ပါးနှင့် ပြည့်စုံသော ဆရာမျိုးကို။

ဘဇေယျ =တမင်္ဂလာ ရှာဖွေအမြဲ မှီဝဲကြည်သာ ဆည်းကပ်ရာ၏။

**မန်လည် ကဗျာ**

ရိုသေချစ်ထိုက်၊ ချီးမွမ်းဆိုက်နှင့်၊ လွဲမိုက်ဆုံးမ၊
မေးသမျှခံ၊ ဓမ္မံနက်နဲ၊ ဟောနိုင်မြဲ၍၊ ကျိုးနဲမတွန်း၊
ငုနစ်ခန်းနှင့်၊ ပြည့်လျှမ်းညီညာ၊ ဤဆရာ၊ ရှာဖွေတပည့်ခံ။